# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်  ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၂ ရက်၊ စနေနေ့  အတွဲ (၅၉)၊ အမှတ် (၃၄၅)


# ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် Covid-19 ရောဂါထိန်းချုပ်ရေးကာလ မဲဆွယ်စည်းရုံးရာတွင် ကျန်းမာရေးပစ္စည်းများ ဖြန့်ဝေခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၉ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်)
၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် Covid-19 ရောဂါထိန်းချုပ်ရေးကာလ မဲဆွယ်စည်းရုံးရာတွင် ကျန်းမာရေး ပစ္စည်းများဖြန့်ဝေခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ခြင်း

၁။ လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကာလအတွင်း စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် Covid-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ Covid-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများနှင့် ကျန်းမာရေး စံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure – SOP) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၂။ ထိုသို့ မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာတွင် အဆောက်အဦများ အတွင်းနှင့် ပြင်ပနေရာများတွင် သတ်မှတ်ထားသည့် လူဦးရေ အရေအတွက်ဖြင့် စုဝေးမဲဆွယ်ပွဲပြုလုပ်သည့် အခမ်းအနားခွဲ၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)များ၊ မျက်နှာအကာ (Face Shield) များ၊ အယ်လ်ကိုဟော ပါဝင်သည့် ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer)များနှင့် လက်အိတ်(Glove)များကို


စာမျက်နှာ ၄ ကော်လံ ၁ ❍


# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၈ ဦးအား မြန်မာသံရုံး စင်ကာပူမြို့မှ စီစဉ်သည့် (၁၇)ကြိမ်မြောက် မြန်မာ အမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၀ ဦးအပါအဝင် ဂရိနိုင်ငံ၏ SEA TRADERS S.A သင်္ဘောကုမ္ပဏီပိုင် MV ALONISSOS သင်္ဘောပေါ်တွင် အမှုထမ်းခဲ့ပြီး ဖိလစ်နိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာသင်္ဘောသား ၂၂ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၃၂ ဦးအား မြန်မာသံရုံး မနီလာမြို့မှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။(ယာပုံ)


စာမျက်နှာ ၄ ကော်လံ ၄ ❑




## ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ နှင့် ဝံသာနုဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၁

ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ နှင့် ဝံသာနုဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၂ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၃ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်




# သတိတမံ ဉာဏ်မြေကတုတ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပျံ့နှံ့မှု အရှိန်သည် တစ်နေ့ထက်တစ်နေ့ တိုးလာနေသည်ကို အကြောင်းပြု၍ ပြည်သူတို့အကြား ကျန်းမာရေးအသိ၊ ကျန်းမာရေးဂရုစိုက်မှုတို့ ယခင်ကထက် များစွာပိုမိုနိုးကြားလာသူများရှိသလို ဥပဒေစည်းကမ်းများ၏ အရေးကြီးမှုကို ကောင်းစွာသဘောမပေါက်ဘဲ ပေါ့ပေါ့ဆဆ သဘောထားနေကြသူများလည်း မနည်းလှသည်ကို သတိပြုမိပါသည်။

တစ်နေ့တည်းတွင် ရောဂါပိုး ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၀ ကျော်၊ ၂၇၀ ကျော်အထိ တိုးမြင့်လာသည်ကို ထောက်လျှင် ပျံ့နှံ့မှုက အထူးဂရုပြု ထိန်းချုပ်ကြရန်လိုပြီဟု ဆိုရပါမည်။ ပြည်ပခရီးသွားရာဇဝင်မရှိပါဘဲ ပြည်တွင်းကူးစက်မှုအဖြစ် စတင်ပြန့်ပွားလာသည်မှာ ဩဂုတ်လလယ်ခန့်ကဖြစ်၏။ ထိုမှစ၍ ကိုဗစ်ဗိုင်းရပ်စ်ပိုးကူးစက်မှု မြန်မာပြည်တွင် ပြန်ကျော့လာခဲ့ရာ တစ်လမပြည့်သေးမီကာလတွင် စုစုပေါင်း ၂၄၂၂ ဦး ရှိသွားပြီဖြစ်သည်။ ယင်းတို့အနက်မှ လူနာရှစ်ဦး ထပ်မံကွယ်လွန်သွားခဲ့ရာ ကိုဗစ်ကြောင့် ကွယ်လွန်သူ စုစုပေါင်း ၁၄ ဦး ရှိခဲ့ပြီ။

ပြန့်ပွားကူးစက်မှုနှုန်း မြန်ဆန်လာနေသည်ကို အချိန်မီထိန်းချုပ်တားဆီးနိုင်ရေးသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရေးကြီးနေပြီ ဖြစ်ပါသည်။ ယင်းသို့ ပျံ့နှံ့နှုန်းမြင့်မားလာမှုတွင် ကပ်ရောဂါဘေးဒဏ်ကို အကြောင်းပြု၍ ထုတ်ပြန်ခဲ့သော စည်းမျဉ်း စည်းကမ်းများ၊ ဥပဒေများကို လိုအပ်သလို ထုတ်ပြန်ခဲ့ခြင်းကို အလေးမထား မလိုက်နာခြင်းက အဓိကအကြောင်းရပ် ဖြစ်နေပါသည်။

စည်းကမ်း ဥပဒေများ၏ ရည်ရွယ်ချက်မှာ မိမိနှင့် မိသားစုကို ကာကွယ်ရင်း အခြားသူများကိုပါ ကာကွယ်ရန်ဖြစ်၏။ ယခုပြန့်ပွားမှုသည် ရောဂါပိုးစတင်ဝင်ရောက်စဉ်ကထက် များစွာပိုမိုမြန်သည်ဆိုခြင်းကို အလေးထားကြရန်လို၏။ ယခု တစ်ကျော့ပြန်ဖြစ်ပွားမှုသည် ပျံ့နှံ့မှုမြန်ဆန်ရုံမျှမက ထိခိုက်ဖိတ်စဉ်မှုပါ မြန်၏။ ယခု ဆုံးပါးသူများထဲက နှစ်ဦးမှာ အခြားသော ရောဂါအခံလည်းမရှိ၊ အရွယ်ကောင်းများဟု ဆိုရမည့်သူများဖြစ်၏။ ကိုဗစ်ရောဂါ၏ တိုက်ခိုက်မှုကြောင့် ဆုံးရှုံးရသူများအဖြစ် သတ်မှတ်ရမည်ဟု ယူဆပါသည်။

ဆီးချို၊ သွေးတိုး အစရှိသော ရောဂါအခံရှိသူများ၊ အသက်အရွယ်ကြီးသူများအတွက် ဤရောဂါပိုးက အန္တရာယ်ကြီး၏။ သို့သော်လည်း ယခုကူးစက်ဖြစ်ပွားနေသူများထဲတွင် လူငယ်လူရွယ်များပါ ပါဝင်နေသည်ကို သတိပြုရန်လိုပါ၏။ အသက်အရွယ်မရွေး ရောဂါပိုးဝင်ရောက်လာနိုင်၏။ ထိခိုက်နစ်နာ၍ အသက်ဆုံးရှုံးသည်ထိပင် ဖြစ်နိုင်၏ဟူသည်ကို နားလည်ကြရန်လိုပါသည်။

ယခု ရောဂါပိုးကူးစက်ပြန့်ပွားမှုတွင် ရန်ကုန်မြို့ရှိ ကေတီဗွီဆိုင်တစ်ဆိုင်မှတစ်ဆင့် ကူးစက်မှုမှာ ၈၀ အထိရှိကြောင်း သိရ၏။ အလွန်ထင်ရှားနေသည်မှာ လူစုလူဝေးများပြားပြီး လူချင်း အနည်းဆုံး ခြောက်ပေခွာနေရမည်ဟူသည့် အခြေခံကို ချိုးဖောက်ခြင်း ဖြစ်ပေသည်။ လူတစ်ဦးနှင့် နီးနီးကပ်ကပ်ဖြင့် စားသောက်စကားပြော သီချင်းဆိုကြသည်မှာ ဗိုင်းရပ်စ်ပိုး ကူးစက်ချင်တိုင်းကူးစက်ဖို့ အခွင့်အရေးပေးလိုက်သကဲ့သို့ပင်။

ထို့ပြင် ရခိုင်ပြည်နယ်မှာ စတင်ဖြစ်ပွားပြီဟု သိသည့်အချိန်မှစကာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခရီးသွားလာမှုကို ကန့်သတ်ခဲ့ပါသည်။ ယခုအခါ ပြည်တွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အများအပြား ကူးစက်ပျံ့နှံ့နိုင်သည့် အရိပ်အခြည်များရှိသည့်အတွက် ပြည်တွင်းခရီးသွားလာမှုကို ကန့်သတ်လိုက်ပြီ ဖြစ်ပါသည်။ မြို့တွင်းတွင် အရေးပေါ်ကိစ္စနှင့် ကျန်းမာရေးကိစ္စများက လွဲ၍ အပြင်မထွက်ကြဘဲ အိမ်တွင်း၌သာ နေထိုင်ကြရန်လည်း ကြေညာထားပါသည်။ စားရေးသောက်ရေးကိစ္စများအတွက် မဖြစ်မနေ ဈေးရောင်း ဈေးဝယ်လုပ်နိုင်ရန် ဈေးများကို တင်းကျပ်သော အစီအမံများဖြင့် ဖွင့်လှစ်ထားကာ ပြည်သူလူထုကလည်း သတ်မှတ်ထားသည့် စည်းကမ်း စည်းမျဉ်းများကို တိတိကျကျ လိုက်နာကြရန် လိုပါသည်။

ယခုကပ်ရောဂါဘေးက ကမ္ဘာနှင့်အဝန်း ဖြစ်ပွားနေခြင်းဖြစ်၏။ အစိုးရိမ်လွန်၊ အကြောက်လွန်ကြရန် မလိုဘူးဆိုသော်လည်း အသိဉာဏ်အချင့်အချိန်ဖြင့် သတိကြီးကြီးထားကာ စည်းကမ်းလိုက်နာကြရေးက အရေးကြီးပါသည်။

စည်းကမ်းဥပဒေများဆိုသည်မှာ အများပြည်သူကို ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းရခြင်းဖြစ်၏။ စည်းကမ်းဥပဒေများကို လိုက်နာခြင်း၊ အသိဉာဏ် သတိမှန်ဖြင့် တစ်ဦးချင်းက စနစ်တကျ လိုက်နာစောင့်ထိန်းကြခြင်းတို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုအားလုံး ကပ်ရောဂါဘေးက ကင်းဝေးအေးချမ်းကြပါစေသတည်း။ ။

# နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID–19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ(၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း–Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ(၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေ သတ်မှတ်ရာ၌–

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀) ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀) ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာ ပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရ လည်းကောင်း၊ လူသားချင်းစာနာသောရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ(Referral Letter) ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သော လူနာများအား နေပြည်တော်အဝင်ဂိတ်များတွင် ခွင့်ချက်ဖြင့် လူနာနှင့် လူနာစောင့် (၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation room) တွင် ထားရှိ၍ COVID–19 ဓာတ်ခွဲနမူနာ အခမဲ့စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လူရောင်းဝယ်ခြင်း ကင်းရှင်းစေမည်

➢ လူကိုပင်လျှင် လူမထင်ခဲ့
ခိုဝင်အတ္တ လောဘရမ္မက်
ငွေတွက်ရှေးရှု လူတစ်စုကြောင့်
ပူမှုရယ်ပွေ ပျက်ကျောင်ကြွေး
စတေးခဲ့ရ ဘဝတွေ။

➢ နည်းမျိုးစုံစွာ ယုတ်မာလှည့်ဖြား
ဆန်းပြားသွယ်သွယ် အန္တရာယ်ကြောင့်
မလည်မဝယ် ကလေးငယ်နှင့်
နုနယ်အတွေး မိန်းကလေးတို့
မျှော်တွေးခက်ကြုံ ရတက်စုံစွာ
လူကုန်ကူးခြင်း သူ့လက်တွင်းသို့
သက်ဆင်းခဲ့ရပြီ။

➢ နယ်ဝေးမြေခြား တိုင်းတစ်ပါးတွင်
အငှားကိုယ်ဝန် ကျေးပွန်အိမ်မှု
အတုထိမ်းမြား ဖိနှိပ်ထား၍
ထိပါးခဲ့ကြ လိင်ကိစ္စကြောင့်
ဘဝလည်းဆုံး ယူကျုံးမရ
တသမျက်ရည် ပင်လယ်ဝေခဲ့ပြီ။

➢ စက်မှုထွေထွေ ရေမြေလုပ်သား
ခွဲခြားထိန်းချုပ် အမြတ်ထုတ်၍
သွေးစုပ်သည်မှ သိလိုက်ရသော်
ရင်မှနောင်တ ရောင်းခံရပြီ။

➢ ယနေ့မောင်မယ် တို့လူငယ်တို့
ရင်ဝယ်သတိ အစဉ်ရှိလျက်
အသိကြွယ်ကြွယ် ကာကွယ်လေးနက်
တိုက်ဖျက်ကြမယ် အန္တရာယ်။

➢ လူရောင်းဝယ်ခြင်း ကင်းရှင်းစေမည်
လူပီသစွာ တို့မြန်မာက
မှန်စွာအတွေး အမျိုးသားရေးမို့
အလေးထားလျက် ဦးတည်ချက်ဖြင့်
တိုက်ဖျက်တွန်းလှန် မြစ်မကျန်အောင်
အားမာန်တက်ကြွ ပါဝင်ကြပါစို့ ။ ။

**ကိုကြီးသန်း (ကျွန်းလှ)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်




*၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်*

❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ ပုံမှန်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် Video Conferencing စနစ်ဖြင့် ပြုလုပ်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများမှ ဆေးပညာအထူးကုဆရာဝန်ကြီးများ၊ ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသော ဗဟိုကွင်းဆင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

### ရောဂါကူးစက်ခံရနိုင်ခြေ မြင့်မား

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)တွင် လူနာဆောင်များ ထပ်မံတိုးချဲ့နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သီးသန့်နေထိုင်ရန် အဆောက်အအုံနှင့် အဆောင်များရရှိရေး စီမံဆောင်ရွက်နေမှုတို့အား တင်ပြခြင်း၊ လူနာများအား ကိုင်တွယ်ကုသမှုပေးနေသည့် ကျန်းမာရေးစောင့်ရှောက်သူများသည် ရောဂါကူးစက်ခံရနိုင်ခြေ မြင့်မားသူများဖြစ်သဖြင့် နေအိမ်သို့ ပြန်လည်နေထိုင်ပါက နေအိမ်ရှိအတူနေမိသားစုဝင်များထံ ရောဂါကူးစက်နိုင်ခြေရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သီးသန့်နေထိုင်ရန် အဆောင်နေရာများ၊ စားသောက်ရန်နှင့် ပို့ဆောင်ရန် အစီအစဉ်များ တင်ပြခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ရှိ အဆောင်များတွင် လူနာများအား ကိုင်တွယ်ကုသမှုပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနေထိုင်ရေး၊ စားသောက်ရေးနှင့် ပို့ဆောင်ရေးတို့အတွက် စီစဉ်ထားရှိမှု အခြေအနေများ တင်ပြခြင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ရိုးမအိမ်ရာ အဆောက်အအုံများတွင် ရောဂါလက္ခဏာမရှိသူနှင့် သာမန်ရောဂါလက္ခဏာသာရှိသည့် ကိုဗစ်-၁၉ လူနာများထားရှိရန်အတွက် စီစဉ်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် လုပ်ငန်းဆောင်ရွက်ရန်နေရာ (work station) နှင့် နေထိုင်ရန် နေရာတို့ပါ ထည့်သွင်းစီစဉ်နေမှုများ တင်ပြခြင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဘောလုံးအကယ်ဒမီနေရာတွင် ယာယီဆေးရုံ (hospital tent) များ ပြုလုပ်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ နေထိုင်ရန်အတွက် အဆောင်နေရာများ စီစဉ်ရန် အဆိုပြုတင်ပြခြင်း၊ တက္ကသိုလ်များဆေးရုံအား ကိုဗစ်-၁၉ လူနာများထားရှိနိုင်ရေးအခြေအနေများ တင်ပြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံများမှ အထူးကုဆရာဝန်များ Video Conferencing ဖြင့် ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်နေမှုကို တင်ပြခြင်း၊ လူနာကုသရေးဆိုင်ရာ ကုထုံးနှင့် စီမံခန့်ခွဲမှုများအား သုံးသပ်ဆန်းစစ်ခြင်း (clinical audit) နှင့် သေဆုံးလူနာများ၏ ရောဂါဖြစ်စဉ်၊ ရောဂါလက္ခဏာများနှင့် သေဆုံးရသည့်အကြောင်းရင်းများအား သုံးသပ်ဆန်းစစ်ခြင်းများကို အပတ်စဉ် ပုံမှန်ပြုလုပ်သွားမည့် အစီအစဉ်အားတင်ပြခြင်း။

ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးအတည်ပြုလူနာများ ဆေးရုံတက်ရောက်ကုသမှုခံယူစဉ်နှင့် ကုသမှုခံယူပြီး ဆေးရုံဆင်းချိန်များတွင် ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် အဆင့်များနှင့် လိုက်နာရမည့် စည်းကမ်းချက်များအား မေးမြန်းနိုင်ရန်အတွက် (patient information center) တစ်ခု ပြုလုပ်သွားလိုသည့်ကိစ္စ အဆိုပြုတင်ပြခြင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) တွင် ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုလုပ်ဆောင်နိုင်ရေးအတွက် ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ထပ်မံလိုအပ်နေမှုအား တင်ပြခြင်း၊ ကျောက်ဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ခြေ များပြားသူများအား ကျပန်းစနစ်ဖြင့်ရွေးချယ်ကာ rapid test kit အသုံးပြု၍ ကိုဗစ်-၁၉ ပဋိပစ္စည်းရှိ၊ မရှိ စစ်ဆေးသွားမည့် အစီအစဉ်များတင်ပြခြင်း၊ ကိုဗစ်-၁၉ လူနာများအား ပုဂ္ဂလိကဆေးရုံများတွင် လက်ခံကုသမှုပေးနိုင်ရေးအတွက် ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသွားမည့်ကိစ္စများကို တင်ပြခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ အထောက်အကူပြုပညာရှင်များ၊ စေတနာ့ဝန်ထမ်းများသည် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ထောက်လှမ်းရှာဖွေခြင်း၊ အသွားအလာကန့်သတ်ခြင်း၊ လူနာများအား ကုသခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းစသည့်လုပ်ငန်းများကို လုပ်ဆောင်မှုကာလ ကြာမြင့်လာသည်နှင့်အမျှ စိတ်ရော၊ ကိုယ်ပါ ပင်ပန်းနွမ်းနယ်နေမှုများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်ပြောကြားရာတွင် လက်တွေ့မြေပြင်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို စေတနာအပြည့်ဖြင့် မိမိတို့ ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိလေးစားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူနာများအား ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ (health care provider) ဆေးရုံများ၌ အဆင်ပြေစွာ လုပ်ကိုင်နိုင်စေရေးနှင့် ၎င်းတို့သည် ရောဂါကူးစက်ခံရနိုင်ခြေမြင့်မားသူများဖြစ်သဖြင့် နေအိမ်သို့ ပြန်လည်နေထိုင်ပါက နေအိမ်ရှိအတူနေမိသားစုဝင်များထံ ရောဂါကူးစက်နိုင်ခြေရှိနေသဖြင့် နေအိမ်သို့ မပြန်လိုသူများအတွက် အဆင်ပြေစွာ နေထိုင်နိုင်ရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပရဟိတအလှူရှင်များနှင့် တိုင်ပင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရာများလည်းလျာထားပြီး ဖြစ်ပါကြောင်း၊ ရောဂါပိုးတွေ့ရှိပြီး ရောဂါလက္ခဏာမရှိသော မိမိတို့ကျန်းမာရေးဝန်ထမ်းများအတွက်လည်း အစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ ပုံမှန်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေး

ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ရောဂါကူးစက်ခြင်း မခံရစေရေး လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များအား ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများနှင့် တိုင်ပင်၍ လိုအပ်ချက်များအား တတ်နိုင်သမျှ အမြန်ဆုံးဖြည့်ဆည်းခြင်းနှင့် ထပ်မံလိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများကုသမှုပေးနေသည့် မိမိတို့၏ဝန်ထမ်းများအား ရောဂါမကူးစက်စေရေး အတွက် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်းလိုအပ်ချက်များအား အသေးစိတ်ဆန်းစစ်ကာ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထပ်မံ၍လည်း ကြိုတင်ဝယ်ယူဖြည့်တင်းလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား ကုသရာ၌ ပုဂ္ဂလိကဆေးရုံများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပုဂ္ဂလိက ဆေးရုံများမှ တာဝန်ရှိသူများနှင့် အမြန်ဆုံး ဆွေးနွေးရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ ခြေကုန်လက်ပန်းကျပါက ကျန်းမာရေးစနစ်ကြီးတစ်ခုလုံး ပြိုလဲသွားနိုင်သည့်အတွက် ဝန်ကြီးဌာနရှိ တက္ကသိုလ် (၁၆) ခုမှ ဆရာ ဆရာမများအား လိုအပ်သလို အလှည့်ကျ တာဝန်ချထားခြင်းနှင့် ပံ့ပိုးပေးခြင်းတို့ကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲနမူနာရယူခြင်း၊ ပို့ဆောင်ခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ လူနာများပို့ဆောင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်း ထောက်ပံ့ပို့ဆောင်ခြင်း၊ ကုသမှုပေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းစသည့်ကဏ္ဍများအလိုက် အဖွဲ့များဖွဲ့ကာ စောင့်ကြည့်အကဲဖြတ်ခြင်း၊ လိုအပ်ချက်များပံ့ပိုးခြင်းနှင့် ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော လက်တွေ့မြေပြင်အခြေအနေများကို သုံးသပ်ကာ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလမ်းညွှန်များကိုလည်း မွမ်းမံ၍ ထုတ်ပြန်လျက်ရှိပါကြောင်း။

ယခုအချိန်တွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ လိုအပ်ချက်အချို့ကို ချက်ချင်းမဖြည့်ဆည်းနိုင်ပါကလည်း သည်းခံစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ တတ်နိုင်သမျှ အမြန်ဆုံးဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်မှသာလျှင် ကပ်ရောဂါကို အချိန်တိုအတွင်း ထိရောက်စွာ ထိန်းချုပ်နိုင်မည်ဖြစ်သဖြင့် မိမိတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အစွမ်းကုန်ဆက်လက်ပံ့ပိုးမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့များ၊ နီးနွယ်ဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား တာဝန်ခွဲဝေသတ်မှတ်ခြင်းနှင့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်ခြင်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း။

### စတင်ပြုလုပ်ရန် ညွှန်ကြားထား

ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆိုင်ရာ အချက်အလက်များအားလုံးကို တစ်နေရာတည်းစုစည်းမြင်နိုင်ကာ လက်ရှိအခြေအနေကို ဆန်းစစ်သုံးသပ်ရန်၊ လုပ်ငန်းများကို ဆန်းစစ်ရန်၊ ပံ့ပိုးရန်နှင့် လိုအပ်သောအစီအမံနှင့် လုပ်ငန်းများ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှု သတင်းအချက်အလက်ပြ စာမျက်နှာ (dashboard) များ စတင်ပြုလုပ်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အများပြည်သူ အတွက် ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် လွယ်ကူစွာ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် (dashboard) တစ်ခုကိုလည်း အမြန်ဆုံးပြုလုပ်၍ အင်တာနက်စာမျက်နှာ၌ တင်ထားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Video Conferencing စနစ်ဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားမှ လည်းကောင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ ရှုထောင့်များမှ ဆွေးနွေးပြောကြားခဲ့သည့် လမ်းညွှန်ချက်များအနက် အရေးကြီးသည့် ကျန်းမာရေးကဏ္ဍဆိုင်ရာအချက်များကို မိမိတို့ မှတ်သားထုတ်နုတ်ကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူနာများအား ထိရောက်စွာကုသပေးနိုင်ရန် လမ်းညွှန်ချက်များကို ရေးဆွဲပေးသော ပါမောက္ခဆရာဝန်ကြီးများအား ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ မိမိနေအိမ်သို့ မပြန်လိုပါက နေထိုင်ရန် ကိစ္စရပ်များအား ဦးစီးဆောင်ရွက်နေသည့် ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများအား ကျေးဇူးတင်ရှိပါကြောင်း၊ ထပ်မံလိုအပ်သည့် ပံ့ပိုးမှုများအား ဝန်ကြီးဌာနမှ ဦးစားပေးပံ့ပိုးပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ပူးပေါင်းချိတ်ဆက်ဆောင်ရွက်

ယနေ့အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများနှင့် ဆေးရုံများ၏ အခြားလိုအပ်ချက်များအားလုံးကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ ရောဂါမကူးစက်စေရေး၊ လူနာများအား ပိုမိုထိရောက်စွာ ကုသပေးနိုင်စေရေး၊ ကိုဗစ်-၁၉ လူနာနှင့်ထိတွေ့သူများအား လျင်မြန်စွာ ရှာဖွေဖော်ထုတ်နိုင်ရေးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုအားကောင်းစေရေးအတွက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခချုပ်နှင့် အထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ရှေ့ဖုံးမှ

မဲဆန္ဒရှင်များအား ဖြန့်ဝေခြင်းဖြစ်လျှင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းဖော်ပြရန် မလိုပါ။

၃။ အထက်ဖော်ပြပါ မဲဆွယ်စည်းရုံးရေးအခမ်းအနားများ၌ ဖြန့်ဝေခြင်းမှအပ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်များက အခြားနည်းဖြင့် မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်း၍ အထက်ပါပစ္စည်းများအတွက် မိမိတို့ကိုယ်တိုင်ပေးချေရသော အမှန်ကျခံသုံးစွဲသည့် ကုန်ကျစရိတ်ဖြစ်လျှင် သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းသုံးစွဲရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❑ ရှေ့ဖုံးမှ

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# Myanmar Tourism Strategic Recovery Roadmap ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Protocol လက်မှတ်ရေးထိုး၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိသော လူဇင်ဘတ်ဖွံ့ဖြိုးတိုးတက်မှု (Lux Dev) သည် ကိုဗစ်-၁၉ အလွန်ကာလ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အမြန်ဆုံး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Tourism Strategic Recovery Roadmap (MTSRR) ရေးဆွဲရေးကို အကောင်အထည်ဖော်လျက်ရှိရာ MTSRR ရေးဆွဲရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့၏ Myanmar Tourism Strategic Recovery Roadmap (MTSRR) ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် MTSRR (မူကြမ်း) အား ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမ၌ Social distancing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ MTSRR Expert Team မှ Team Leader Dr. Paul Penfold နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယခု Myanmar Tourism Strategic Recovery Roadmap 2021–2025 (MTSRR) ကို ကိုဗစ်-၁၉ အလွန်တွင် ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည်၏ စီးပွားရေးကို အဓိက အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ အနာဂတ်ကာလ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ကို (၅) နှစ်စာ စီမံကိန်းအဖြစ် ရေးဆွဲရန်ဖြစ်ပါကြောင်း၊ MTSRR ရေးဆွဲရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်နှင့် ခရီးသွားလုပ်ငန်း အမျိုးအစားအမျိုးမျိုးပေါ် အကျိုးသက်ရောက်မှုရှိရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်း အသက်ရှင်ရပ်တည်နိုင်ရန် ခက်ခဲနေချိန်တွင် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသော MTSRR ဖြစ်လာစေရန်အတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် MTSRR Expert Team မှ ကျွမ်းကျင်ပညာရှင်များက Myanmar Tourism Strategic Recovery Roadmap (2021–2025) မူကြမ်းရေးဆွဲပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် တက်ရောက်လာသူများက MTSRR (မူကြမ်း)အပေါ် လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာလ ၁၂ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းအောင်အောင်ထွေး သရုပ်ဖော်ထားသည့် ဂျော်ကီနောက်ပြောင်လိုက်သော အကြောင်းအရာအပေါ်စိတ်ဝင်စားပြီး တကယ်ဟုတ်၊ မဟုတ်သိလိုသော ပုတုအကြောင်းကို ရေးဖွဲ့ထားသည့် "တော်တော်နောက်တဲ့ ဂျော်ကီ" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာလုံးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ကြီး၏ အောင်မြင်မှုများအကြောင်းကို တင်ဆက်ထားသည့် "ကုလသမဂ္ဂရဲ့ အောင်မြင်မှုများ" သုတဆောင်းပါး၊ ညအချိန်တွင် ထွက်ပေါ်လာသော အသံတစ်သံကြောင့် ယုန်လေးမှာ ကြောက်လန့်ပြီး ဒုက္ခရောက်ခဲ့ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ယုန်ကလေး ဖြူတုတ်-အသံ" နှစ်မျက်နှာကာတွန်း၊ ရိုးသားပြီးအလုပ်ကြိုးစားသော မောင်ဒီပလေးသည် မုန်ကန်ဖြောင့်မတ်ပြီး သစ္စာရှိသောမြို့စားကြီး၏ ချီးမြှင့်မြှောက်စားခြင်းကိုခံရပြီး မိဘများအပေါ် လိုလေသေးမရှိ ကျွေးမွေးစောင့်ရှောက် ပြုစုပေးနိုင်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "သစ္စာရှိသော မြို့စားကြီးနှင့် ရိုးသားသူလေး"ပုံပြင်ကဏ္ဍအပါအဝင် ကလေးကာတွန်း ဖိတ်ခေါ်ခြင်းကဏ္ဍ၊ အင်္ဂလိပ်သဒ္ဒါကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။ **သတင်းစဉ်**




နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် တပ်ကုန်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ တပ်ကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားစေရန် စက်တင်ဘာ ၁၁ ရက်က မြို့မဈေး၊ ယာယီပျံ့ကျဈေး၊ ညောင်လွန့်ဈေးနှင့် ရွှေမြို့ဈေးများတွင် ဈေးသည်များ၊ ဈေးဝယ်သူများ၊ ပြည်သူများအား လက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ အခမဲ့ ဝေငှခြင်းများ ဆောင်ရွက်စဉ်။

**တင်ထွန်းတာ (တပ်ကုန်း)**



❑ကျောဖုံးမှ

အူဘာမီယန်သည် စာချုပ်သစ်တွင် ၎င်းလက်ရှိရရှိနေသည့် လုပ်အားခထက် ပိုမိုရရှိဖွယ်ရှိနေသည်။ လက်ရှိတွင် အူဘာမီယန်၏ တစ်ပတ်လုပ်အားခမှာ ပေါင် ၂၀၀၀၀၀ ရရှိနေသည်။ အာဆင်နယ်အသင်း၏ လက်ရှိလုပ်အားခအမြင့်ဆုံး ကစားသမားမှာ အိုဇေးလ်ဖြစ်ပြီး တစ်ပတ်လုပ်ခ ပေါင် ၃၅၀၀၀၀ ရရှိနေသည်။ ထို့အပြင် ချယ်ဆီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသော ဝီလီယံသည် တစ်ပတ်ပေါင် ၂၂၀၀၀၀ ဖြင့် ဒုတိယလုပ်ခလစာအမြင့်ဆုံး ရရှိနေကြောင်း သိရသည်။ အသင်း၏ တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ လာကာဇက်မှာ တစ်ပတ်လုပ်ခ ပေါင် ၁၈၂၀၀၀ ရရှိနေပြီး ကလပ်စံချိန်တင်ကြေးဖြင့် ခေါ်ယူထားသော ပီပီမှာ တစ်ပတ်လုပ်ခ ပေါင် ၁၄၀၀၀၀ သာရရှိနေကြောင်း သိရသည်။ သို့သော်လည်း ထွက်ပေါ်လာသော သတင်းများအရ အူဘာမီယန်အနေဖြင့် စာချုပ်သစ်တွင် အိုဇေးလ် ရရှိနေသည့် လုပ်ခလစာထက်ပင် ပိုမိုရရှိဖွယ်ရှိနေကြောင်း သိရသည်။

**အောင်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် မဲခေါင်-အမေရိကန်မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ပထမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပါဝင်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၁

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ညနေ ၅ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Mekong-U.S. Partnership) ပထမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။** (အောက်ပုံ)






အစည်းအဝေးကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh နှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Stephen Biegun တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့လည်း ပါဝင်တက်ရောက်သည်။

**အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၆ သန်း ထောက်ပံ့ပေးမည်**

အစည်းအဝေးတွင် ဝန်ကြီးများက မဲခေါင်-အမေရိကန်မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ပထမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပခြင်းအားဖြင့် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့မှုအပေါ် ကြိုဆိုခဲ့ကြပြီး မဲခေါင်ဒေသခွဲ၏ လက်ရှိနှင့် အနာဂတ်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောမှုမြှင့်တင်ရေးအတွက် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အနေဖြင့် မည်ကဲ့သို့ အထောက်အကူပြုနိုင်မည်ကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယခု လုပ်ငန်းစဉ်အသစ်အောက်မှ ဆောင်ရွက်မည့် စီမံကိန်းနှင့် လုပ်ငန်းစဉ်များအတွက် အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၆ သန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပါဝင်ဆွေးနွေးရာ၌ COVID-19 ကာကွယ်တိုက်ဖျက်ရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်သူ့ကျန်းမာရေး အကာအကွယ်ပေးမှုလုပ်ငန်းနှင့် ကပ်ရောဂါကြောင့် လူမှုစီးပွားထိခိုက်မှုများအား လျှော့ချရေးကို ဟန်ချက်ညီကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် COVID-19 ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုသက်သာစေရေးစီမံချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ သန်း တန်ဖိုးရှိ အကူအညီများ ပေးအပ်ခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

**မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် မဲခေါင်ဒေသအတွင်း ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် ဒေသတွင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ မြှင့်တင်နိုင်ရေးအတွက် အမေရိကန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့် လုပ်ငန်းစဉ်ဖြစ်ပြီး တန်းတူညီတူရှိမှု၊ ညီမျှမှု၊ ပွင့်လင်းမြင်သာမှု၊ အကျိုးတူပူးပေါင်းမှုစသည့် "မှု"များအပေါ် အခြေခံထားသည့်အတွက် ကြိုဆိုပါကြောင်း၊ ယခင်က မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Lower Mekong Initiative-LMI) ၏ ပညာရေးနှင့်လေ့ကျင့် သင်တန်းပေးရေးအစီအစဉ် (Connecting Mekong Through Education and Training-COMET) နှင့် လူငယ်သိပ္ပံပညာရှင်များအစီအစဉ် (Young Scientist Programme)များသည် မဲခေါင်နိုင်ငံများမှ လူငယ်မျိုးဆက်သစ်များအတွက် အကျိုးအမြတ်နှင့်အခွင့်အလမ်းများ ဖန်တီးနိုင်ခဲ့မှုတို့ကြောင့် အဆိုပါအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်မှုအသစ်တွင် ဆက်လက်ဆောင်ရွက်သွားစေလိုကြောင်းနှင့် အသက်မွေးဝမ်းကျောင်းသင်ကြားရေးနယ်ပယ်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်သွားရန် သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

**နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး**

ထို့အပြင် မဲခေါင်နိုင်ငံများ၏ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် အမေရိကန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၅၄ သန်း အကူအညီပေးမည့် ကတိပြုချက်နှင့် ယခင် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဆောင်ရွက်ခဲ့သည့် သဘာဝဘေးအန္တရာယ် ထိခိုက်မှုသက်သာလျော့ပါးရေးလေ့ကျင့်မှု (Disaster Relief Exercise and En-gagement-DREE) များအား ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်တို့ကို ကြိုဆိုပါကြောင်း၊ မဲခေါင်ဒေသအတွင်း စွမ်းအင်လုံခြုံရေးနှင့် စွမ်းအင်ကဏ္ဍအဆင့်မြှင့်တင်ရာတွင် အခက်အခဲများအား ဖြေရှင်းနိုင်ရန် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က Japan-United States Mekong Power Partnership (JUMPP) အစီအစဉ်ဖြင့် မဲခေါင်နိုင်ငံများကို ကူညီထောက်ပံ့ပေးရန် ပူးတွဲကြိုးပမ်းဆောင်ရွက်နေမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးမှ မဲခေါင်-အမေရိကန်မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ဝန်ကြီးအဆင့် ပူးတွဲကြေညာချက်နှင့် ယင်းလုပ်ငန်းစဉ် ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ အခြေခံ စာတမ်းတို့ကို ထုတ်ပြန်ခဲ့သည်။

မဲခေါင်-အမေရိကန်မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် မဲခေါင်မြစ် အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ ၁၁ နှစ်ကြာ အတွေ့အကြုံများအပေါ် အခြေခံ ပြီး မဲခေါင်ဒေသ၏ လက်ရှိကြုံတွေ့နေရသော လိုအပ်ချက်များနှင့် စိန်ခေါ်မှုများအား ဖြေရှင်းဖြည့်ဆည်းပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ပြုပြင်ပြောင်းလဲ၍ အဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်သစ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုဦးစားပေးနယ်ပယ်များအဖြစ် စီးပွားရေး ပေါင်းစည်းဆက်နွှယ်မှုကဏ္ဍ၊ စဉ်ဆက်မပြတ်ရေအရင်းအမြစ်နှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍ၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ပါဝင်သည်။

သတင်းစဉ်

# (၁၇) ကြိမ်မြောက် အမျိုးသားအဆင့်သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့ ပူးပေါင်း၍ (၁၇) ကြိမ်မြောက် အမျိုးသားအဆင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာဝပုံ)**



အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li နှင့် ILO ရန်ကုန်ရုံးမှ ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများရှိ၍ ရောဂါထိန်းချုပ်နိုင်ရေးဖြင့် အလုပ်သမားများဘေးအန္တရာယ် ကင်းရှင်းစေရေး လုပ်ဆောင်သင့်သည်များကို ပူးပေါင်းအဖြေရှာကြရန်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မည်ကဲ့သို့ထိန်းချုပ်ဆောင်ရွက်သွားမည်ကို လက်ရှိအချိန်တွင် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အလုပ်သမားများဘေးအန္တရာယ် ကင်းရှင်းရန် လုပ်ဆောင်သည့်အချက်များကို ပူးပေါင်းပြီးရှာဖွေကြရန် ဖြစ်ပါကြောင်း၊ ယခု ဆွေးနွေးမှုများသည် အလုပ်သမားအင်အားများပြားသည့် ရန်ကုန်တိုင်းဒေသကြီးတစ်ခုအတွက်သာ ဦးတည်ဆွေးနွေးကြခြင်းဖြစ်သော်လည်း နိုင်ငံတစ်ဝန်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များနှင့် သက်ဆိုင်ပါကြောင်း၊ ယခု ဆွေးနွေးပွဲမှရရှိသည့် အချက်များအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း။

ဇွန် ၂၃ ရက်တွင် ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲကို Video Conferencing စနစ်ဖြင့်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ အကျပ်အတည်းကာလကို ကျော်လွှားနိုင်ရန် ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ် (CERP)ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များအကြား သတင်းအချက်အလက်များ မျှဝေဖလှယ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာမည့် New Normal ကျင့်သုံးမှုပုံစံကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြပါကြောင်း။

**ကိုဗစ်-၁၉ အကျပ်အတည်း တုံ့ပြန်ရေး**

ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံနှုန်းများအပေါ် အခြေခံပြီး ILO အဖွဲ့၏ ကိုဗစ်-၁၉ အကျပ်အတည်း တုံ့ပြန်ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် အလုပ်အကိုင်ကဏ္ဍ ပြန်လည်နိုးထလာစေရေး ဆောင်ရွက်ပေးရန်၊ အလုပ်ဌာနများ အလုပ်အကိုင်များဝင်ငွေရှိမှုများအတွက် ထောက်ပံ့ပေးရန်၊ လုပ်ငန်းခွင်နေရာများတွင် အလုပ်သမားများအား အကာအကွယ်ပေးရန်၊ ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများအတွက် လူမှုရေးဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်ရေးတို့ဖြစ်သည့် အဓိကလုပ်ငန်း မဏ္ဍိုင်(၄)ရပ် ရှိပြီး အဆိုပါမဏ္ဍိုင်(၄)ရပ်အား နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနတို့ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

**လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်လျက်ရှိ**

ဩဂုတ် ၁၂ ရက်တွင်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လူ ၃၀ ထက်ပို၍ စုဝေးခြင်းမပြုရန် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်၌ ဩဂုတ်လလယ်မှစ၍ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက အနီးကပ်ကြီးကြပ်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့များနှင့် စက်ရုံ၊ အလုပ်ရုံများကို ဝင်ရောက်စစ်ဆေးပြီး လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၇ သို့*

# တိရစ္ဆာန်မှ လူသို့ကူးစက်သောရောဂါများနှင့် ပြည်သူ့ကျန်းမာရေး

ဒေါက်တာ လွင်နိုင်ဦး (မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)

**လူနှင့်တိရစ္ဆာန်အဖွဲ့အစည်းများတွင် ရောဂါအထူးအဆန်းများသည် မထင်မှတ်နိုင်လောက်သော နှုန်းထားများနှင့် ပေါ်ထွက်လျက်ရှိပါသည်။ ယင်းရောဂါများကြောင့် ပြည်သူလူထုနှင့် တိရစ္ဆာန်လောကတွင် အတော်ကလေး အထိတ်တလန့် ဖြစ်လာခဲ့ကြသည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့အစည်းကြီး (OIE) အနေဖြင့် လတ်တလောပေါ်ပေါက်လာသည့် တိရစ္ဆာန်မှ လူသို့ကူးစက်သောရောဂါများအပေါ် လောလောလတ်လတ် အရှိန်အဟုန်ဖြင့် အလေးထားလာမှုသည် OIE ၏ ပရိဂုဏ်ပြင်ပတွင် ဖြစ်ပျက်နေသည့် အခြေအနေအရပ်ရပ်နှင့် ဆက်နွယ်လျက်ရှိပါသည်။**

ကမ္ဘာ့ပြည်သူလူထုအတွက် ကြောက်မက်ဖွယ်အကောင်းဆုံး ရန်သူမှာ နျူကလီးယားလည်း မဟုတ်ပါ၊ အကြမ်းဖက်သမားများ အန္တရာယ်လည်း မဟုတ်ပါ၊ သဘာဝမိခင်ကြီးမှ ပေါ်ပေါက်လာသည့် အန္တရာယ်ပင် ဖြစ်ပါသည်။ ယင်းမှာ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ပေါ်ပေါက်လာခဲ့သည့် ရောဂါသစ် ရောဂါဆန်းများပင် ဖြစ်သည်။ ကူးစက်မြန် သေပျောက်နှုန်း များပြားသော ရောဂါဆန်းများသည် မထင်မှတ်သောနေရာမှ ရုတ်တရက်ပေါ်ပေါက်လာနိုင်ပြီး ယင်းရောဂါကို ချေမှုန်းနိုင်သည့် ကျွမ်းကျင်မှုနည်းပညာ၊ အရင်းအမြစ်များ မပြည့်မစုံ ဖြစ်နေစဉ် လူသားတစ်ရပ်လုံးကို ဒုက္ခလှလှကြီး ပေးနိုင်စွမ်းရှိပါသည်။

လူသားများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ရောဂါများကို ကပ်ရောဂါအသွင်အနေနဲ့ စိန်ခေါ်မှုကြီးကြီးမားမား ကြုံတွေ့ခဲ့ရသည့် Severe Acute Respiratory Syndrome coronavirus (SARS-CoV) ကို ၂၀၀၂ ခုနှစ်က တရုတ်နိုင်ငံ၊ ဝက်တုပ်ကွေးခေါ် Swine-origin pandemic (H1N1) influenza A virus ကို ၂၀၀၉ ခုနှစ်က မက္ကဆီကိုနိုင်ငံနှင့် Middle East Respiratory Syndrome coronavirus (MERS-CoV) ကို ၂၀၁၂ ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ အသီးသီးဖြစ်ပွားခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ် - ၁၉ ကူးစက်ရောဂါသည် ယခုလက်ရှိ ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိပြီး မူလအစက ရောဂါ၏ဇာစ်မြစ်ကို မခွဲခြားနိုင်သေးဘဲ အပြည်ပြည်ဆိုင်ရာ ဗိုင်းရပ်စ်လေ့လာရေးအဖွဲ့ (ICTV) ၏ တွေ့ရှိချက်အရ COVID- 19 ကူးစက်ရောဂါသည် Severe Acute Respiratory Syndrome coronavirus 2 (SARS-CoV-2) ကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတ်မှတ်ကြေညာခဲ့ပါသည်။

အမှန်စင်စစ် SARS ရောဂါဖြစ်သည့် (Severe Acute Respiratory Syndrome) ခေါ် အသက်ရှူလမ်းကြောင်း၌ ဖြစ်တတ်သည့် ကူးစက်ရောဂါမှာ မြုပ်ချည်ပေါ်ချည်ဖြင့် လူသားတို့ကို ဒုက္ခပေးသည့် ရောဂါဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ ယင်းရောဂါဆိုးအန္တရာယ်မှာ ချဲ့ကား ပြောဆိုနေခြင်းထက် တကယ်လက်တွေ့၌ ပို၍ကြောက်စရာကောင်းကြောင်း သိရှိရပါသည်။ ထိုဆန်းသစ်လာသော ရောဂါများနှင့် ပတ်သက်၍ ယေဘုယျအားဖြင့် ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ရှိပြီး အောက်ဖော်ပြပါ ရောဂါ(၃)ရပ်ကို လွှမ်းခြုံထားပါသည်။

ယင်းမှာ-

- သိပြီးသော ရောဂါတစ်ရပ် ဖြစ်သော်လည်း ပထဝီဝင်ဒေသ နယ်ပယ်သစ်တစ်ရပ်တွင် ပေါ်ပေါက်သောရောဂါ၊
- သိပြီးသော ရောဂါတစ်ရပ်ဖြစ်သော်လည်း တစ်ခါမှ မဖြစ်ပေါ်ဖူးသေးသော တိရစ္ဆာန်အမျိုးအစားတွင် ဖြစ်ပေါ်သောရောဂါ၊
- ယခင်က မသိရှိဖူးသေးသော ပထမဆုံး တွေ့ကြုံရသည့် ရောဂါအမျိုးအစားများ ပါဝင်ပါသည်။

အဆိုပါ အမျိုးအစားသုံးမျိုးတွင် ရောဂါအများစုမှာ တိရစ္ဆာန်မှလူသို့ ကူးစက်သောရောဂါများ ဖြစ်ကြသည်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော်အတွင်း ၇၅ ရာခိုင်နှုန်းသော ရောဂါများမှာ Emerging diseases တိရစ္ဆာန်မှ လူသို့ ကူးစက်သောရောဂါများ ဖြစ်ပါသည်။ တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သော မည်သည့်ရောဂါကို မဆို တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သောရောဂါ (Zoonosis) ဟု ခေါ်ဆိုပါသည်။ အဆိုပါ ဝေါဟာရကို ၁၈၅၅ ခုနှစ်က Trichinella ခေါ် ဝက်သန်ကောင်ရောဂါကို လေ့လာခဲ့သည့် ဂျာမန်ဆရာဝန် Rudolf Virchow က စတင် ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းရောဂါကို လေ့လာခဲ့သော Virchow သည် လူတို့၏ ဆေးပညာနှင့် တိရစ္ဆာန်ဆေးကုပညာတို့၏ အရေးပါသော နီးနွယ်မှုကို ကောင်းစွာလက်ခံသဘောပေါက်ခဲ့သူ ဖြစ်ပါသည်။ ၎င်း၏ ဆရာဝန်ဘဝတစ်လျှောက်လုံးတွင်လည်း လူနှင့် တိရစ္ဆာန်ရောဂါ ဆက်စပ်ကူးစက်ပုံကို အလေးထားလေ့လာခဲ့ပါသည်။ ယနေ့ခေတ်တိုင်အောင် Virchow ကို ရောဂါဗေဒ၏ ဖခင်ကြီးဟု လူသိများခဲ့သလို ရောဂါဆိုင်ရာဆဲလ်သီအိုရီကို ဖော်ထုတ်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ၎င်း၏ဆေးပညာအသိအမြင်တို့သည် မျက်မှောက်ကမ္ဘာ့ကျန်းမာရေးအခြေအနေနှင့် အများဆုံး ဆက်စပ်လျက် ရှိပါသည်။

ဆန်းသစ်လာသော ကူးစက်ရောဂါများကို ဖြစ်ပေါ်စေခြင်းနှင့် တစ်ချိန်ကဆယ်စုနှစ်၊ ရာစုနှစ်များအတွင်း မသိသာ၊ မမြင်သာခဲ့သော ရောဂါများ ယခုခေတ်အခါသမယတွင် ပိုမိုဖြစ်ပွားလာရခြင်းတို့မှာ လူဦးရေတိုးပွားလာမှုကြောင့် ဖြစ်ပါသည်။ သို့အတွက် ကုန်စည်ကူးသန်းမှုကြောင့်

**“တိရစ္ဆာန်အရှင်များကို ကုန်သွယ်မှုနှင့် ချုံအောင်းသား စားသုံးမှုအလေ့မှာ တိုးတက်များပြားလာသဖြင့် အများအာရုံစိုက်ရမည့် အခြေအနေဖြစ်ပေါ်လာ။ အဘယ်ကြောင့်ဆိုသော် ယင်းအလေ့အထများနှင့် ဆက်နွယ်ပြီး SARS ရောဂါနှင့် Ebola ရောဂါများ ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်။ ကမ္ဘာပေါ်ရှိနေရာအနှံ့အပြားတွင် တောကောင်သား ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်းကို ဆောင်ရွက်လျက်ရှိ။ ယခုခေတ်တွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှုကြောင့် ကီလိုမီတာရာပေါင်းများစွာ ရှည်လျားသောခရီးကို အချိန်တိုအတွင်း သွားလာနိုင်မှုကြောင့် ရောဂါပျံ့နှံ့မှုအလားအလာမှာ ပို၍မြင့်မားလာ”**

သော်လည်းကောင်း၊ တစ်ကိုယ်ရေ စိတ်ကျေနပ်မှုအရသော်လည်းကောင်း၊ နည်းပညာ တိုးတက်လာမှုကြောင့် သော်လည်းကောင်း၊ မျိုးစိတ်တစ်မျိုးနှင့် တစ်မျိုး ရောနှောခွင့်ရလာကြပါသည်။ အဏုဇီဝပိုးများမှာ တစ်နေရာမှ တစ်နေရာသို့ ကူးသန်းခွင့်ရလာပြီး ရောဂါဖြစ်စေတတ်သော အကျိုးဆက်များ ဖြစ်ပေါ်လာပါသည်။ ထို့အပြင် Globalization ကြောင့်လည်း ဈေးကွက်အင်အားများ ဖြစ်ပေါ်လာပြီး သက်ရှိများအကြား အချင်းချင်းရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို အင်တာနက်များဖြင့် လေ့လာ၍ လုပ်ငန်းဆက်စပ်ဆောင်ရွက်နိုင်ကြပါသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် လွန်ခဲ့သော နှစ်၂၀ ကျော်အတွင်း သုံးဆခန့် မြင့်မားတိုးတက်လာပါသည်။ ထိုသို့သော ကုန်သွယ်မှုကြောင့် ပြည်သူများ၊ တိရစ္ဆာန်များ၊ တိရစ္ဆာန်ပစ္စည်းထွက်ကုန်များ ရွှေ့လျားသွားလာမှုမှာ မထင်မှတ်လောက်သော အဆင့်အထိသို့ တိုးတက်လာခဲ့ပါသည်။ ထိုသို့ လူဦးရေ ကြီးထွားလာမှုနှင့် Globalization ဖြစ်စဉ်နှစ်ခုပေါင်းစပ်ခြင်းဖြင့် ထွက်ပေါ်လာသော အင်အား(Synergy)ကြောင့် ရောဂါဖြစ်စေသော အရာများ (Agents) များသည် ထိုရှိရင်းစွဲနေရာများမှသည် နယ်ပယ်သစ်များဆီသို့ ရောက်ရှိလာပြီး ၎င်းတို့၏ ဒုက္ခပေးတတ်သောသဘာဝကို ပြသလာကြပါသည်။

လူသားတို့တွင် ရောဂါဖြစ်စေသောရောဂါပိုး ၁၄၁၅ မျိုးတွင် ၆၁ ဒသမ ၆ ရာခိုင်နှုန်းမှာ တိရစ္ဆာန်တို့မှ အခြေခံလာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရောဂါပိုး ၆၁၆ မျိုးမှာ အိမ်မွေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်ပြီး ၇၇ ဒသမ ၃ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မျိုးစိတ် အမျိုးမျိုးတွင် ဖြစ်ပွားနိုင်သည့်ရောဂါပိုးများ ဖြစ်ကြသည်။ အသားစားသော အိမ်မွေးတိရစ္ဆာန်များတွင် ရောဂါဖြစ်စေသော ရောဂါပိုးအမျိုးပေါင်း ၃၇၄ မျိုးရှိပြီး ၉၀ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မျိုးစိတ်အမျိုးမျိုးတွင် ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် တိရစ္ဆာန်များတွင် ဖြစ်တတ်သော ရောဂါပိုးများသည် သီးခြားကန့်သတ်မဲ့သော သဘာဝတွင် ရှိပါသည်။ အကယ်၍ မျိုးမတူသော တိရစ္ဆာန်များ အတူတကွ စုစည်းထားလျှင် အဏုဇီဝပိုးများ ပြောင်းလဲမှုသည် အလွယ်တကူ ဖြစ်ပေါ်နိုင်ပါသည်။

တောရိုင်းတိရစ္ဆာန်များ၏ ရောဂါပိုးများကို အသေးစိတ်မသိရှိသေးခြင်းသည်လည်း အကြောင်းတစ်ကြောင်း ဖြစ်ပါသည်။ လက်ခံကောင်၏ တိရစ္ဆာန်အမျိုးအစား(မျိုးစိတ်)များ၊ ကူးစက်နိုင်သောရောဂါပိုး၏ မျိုးစိတ်အမျိုးအစားကို အခြေခံမည်ဆိုလျှင် တွဲဖက်ပေါင်းစပ်နိုင်မည့် အတွဲအသစ်ပေါင်း (Permutations) များစွာ ပေါ်ထွက်လာမည်ဖြစ်သဖြင့် တိရစ္ဆာန်မှ လူသို့ ကူးစက်သောရောဂါများကြောင့် ပြည်သူ့ကျန်းမာရေးနှင့် တိရစ္ဆာန်ကျန်းမာရေးတို့အပေါ်တွင် အရေးတကြီး ထိတ်ပြာလာရမည့် အခြေအနေမှာ ထူးဆန်းလှသည် မဟုတ်ပါ။

သို့သော် သေချာသည့်အချက်မှာ ထိုကဲ့သို့ ရောဂါများ နောက်ထပ်ရှိနိုင်သေးခြင်းဖြစ်ပြီး တိရစ္ဆာန်ဆေးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ ယင်းရောဂါများ ပေါ်ပေါက်လာစေမည့် အောက်ဖော်ပြပါ ထင်ရှားသောအကြောင်းအရပ်များကို ထည့်သွင်းစဉ်းစား ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်ပါသည်။

**(၁)တိရစ္ဆာန်များရွှေ့လျားသွားလာမှု**

ကမ္ဘာတစ်ဝန်းတွင် တိရစ္ဆာန်များ ကုန်သွယ်မှု အတိုင်းအတာမှာကြီးမားပြီး တဖြည်းဖြည်း ကြီးထွားတိုးတက်လာပါသည်။ သယ်ယူပို့ဆောင်သည့် တိရစ္ဆာန်များမှာ မွေးမြူရေးတိရစ္ဆာန်နှင့် ကြက်၊ ဘဲများ၊ ချစ်စနိုးမွေးမြူရန် နိုင်ငံပြင်ပမှ တိရစ္ဆာန်များ၊ တောရိုင်းတိရစ္ဆာန်များ ဖြစ်ကြပါသည်။ အဆိုပါ တိရစ္ဆာန်ကုန်သွယ်မှုများအားလုံးမှာ ရောဂါများ ပေါ်ပေါက်လာစေရေးအတွက် အရင်းအမြစ်များ ဖြစ်ကြပါသည်။

လူတို့စားသုံးရန် အသား၊ နို့၊ ဥ လိုအပ်ချက် မြင့်မားလာမှုကြောင့် တိရစ္ဆာန်မွေးမြူရေးမှာ တိုးတက်လာပြီး ထုတ်လုပ်မှုအပိုင်းမှာ ဆက်လက်မြင့်မား တိုးတက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေမှာ ၇ ဒသမ ၇ ဘီလီယံ ရှိလာတော့မည်ဟု ခန့်မှန်းခဲ့ကြပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးမှာ တစ်ကမ္ဘာလုံး တိုးချဲ့လာရမည်ဖြစ်ပြီး တိရစ္ဆာန်မွေးမြူရေးတွင်လည်း ကောင်းရေအမြောက်အမြားကို စုစုစည်းစည်း မွေးမြူလာကြရတော့မည် ဖြစ်ပါသည်။ သို့အတွက် မွေးမြူရေးအတွက် လိုအပ်သောသွင်းအားစုများမှာ ပြည်တွင်း၌သော်လည်းကောင်း၊ နိုင်ငံများအကြား၌သော်လည်းကောင်း၊ စီးဆင်းမှုမှာ သွက်လက်လျင်မြန်ပြီး တိုးတက်များပြားလာမည်ဖြစ်ရာ ရောဂါပျံ့နှံ့မှုအလားအလာမှာ မြင့်မားလာပါတော့သည်။ တိရစ္ဆာန်များကို စုပေါင်းထိန်းသိမ်းထားခြင်းမှာလည်း ရောဂါဖြစ်ပေါ်လာနိုင်မှု အလားအလာ မြင့်မားစေပါသည်။ ဥပမာအားဖြင့် **နီပါးဗိုင်းရပ်စ်နှင့် ကြက်ငှက်တုပ်ကွေးရောဂါများ** ဖြစ်ကြပါသည်။

အပြည်ပြည်ဆိုင်ရာ တရားဝင်/ တောရိုင်းတိရစ္ဆာန်များ ကုန်သွယ်မှုတန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာပေါင်း ၁၅၉ ဘီလီယံရှိကြောင်း သိရှိရပါသည်။ ဤသို့ သမားရိုးကျမဟုတ်သော သတ္တဝါများ ကူးသန်းသွားလာမှုသည် အဏုဇီဝမုန်တိုင်းကြီးတစ်ခုကို ဖန်တီးလာသကဲ့သို့ ရှိနေပါသည်။ တိရစ္ဆာန်ရုံများသည်လည်း ရောဂါဖြစ်စေသောပိုးမွှားများ၊ တိရစ္ဆာန်မျိုးစိတ်တစ်ခုမှ အခြားတစ်ခုသို့ ကူးသန်းသွားလာရန် အခြေအနေပေးသောနေရာတစ်ခု ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ တိုက်ကြီးခြောက်တိုက်၌ နိုင်ငံ ၇၂ နိုင်ငံရှိ တိရစ္ဆာန်ရုံပြတိုက် ၅၈၆ ခု တွင် ၈၂ ရာခိုင်နှုန်းမှာ တိရစ္ဆာန်ရုံများသို့ ရောက်ရှိလာသည့်အကောင်သစ်များဖြစ်ပြီး ၆၄ ရာခိုင်နှုန်းမှာ ငှက်များ ဖြစ်ပါသည်။ တွားသွားသတ္တဝါအများစုမှာ တိရစ္ဆာန်ရုံ၌ပင် ပေါက်ပွားကြသည်များဖြစ်၏။ ဤသို့ဖြင့် မျိုးမတူသော မျိုးစိတ်များအတူ ရောနှောနေထိုင်ခြင်းဖြင့် အကျိုးပြုခြင်း (သို့မဟုတ်) အကျိုးမဲ့ခြင်း စသည့်အခွင့်အလမ်းများ ဖြစ်ပေါ်တတ်ပါသည်။

**(၂) တောရိုင်းတိရစ္ဆာန်များနှင့် ချုံအောင်းသား စားသုံးမှုအလေ့**

တိရစ္ဆာန်အရှင်များကို ကုန်သွယ်မှုနှင့် ချုံအောင်းသား စားသုံးမှုအလေ့မှာ တိုးတက်များပြားလာသဖြင့် အများအာရုံစိုက်ရမည့် အခြေအနေ ဖြစ်ပေါ်လာပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအလေ့အထများနှင့် ဆက်နွယ်ပြီး **SARS ရောဂါနှင့် Ebola ရောဂါများ** ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိနေရာအနှံ့အပြားတွင် တောကောင်သား ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုခေတ်တွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှုကြောင့် ကီလိုမီတာ ရာပေါင်းများစွာ ရှည်လျားသောခရီးကို အချိန်တိုအတွင်း သွားလာနိုင်မှုကြောင့် ရောဂါပျံ့နှံ့မှု အလားအလာမှာ ပို၍မြင့်မားလာပါသည်။ အသားများမှတစ်ဆင့် ရောဂါပိုးများသည် နယ်သစ်ပယ်သစ်၊ လက်ခံကောင်သစ်များဆီသို့ မမျှော်မှန်းနိုင်သည့် အကျိုးဆက်များ ပေါ်ပေါက်လာရေးကို ဦးတည်လျက် အသီးသီးဝင်ရောက်လျက် ရှိပါသည်။

**(၃) တိရစ္ဆာန်အရှင်ဈေး**

တိရစ္ဆာန်မျိုးစုံ ရောင်းချလေ့ရှိပြီး အထူးသဖြင့် စားသုံးသူများ လတ်လတ်ဆတ်ဆတ် စားသုံးနိုင်ရန် ရောင်းချလေ့ရှိပါသည်။ သို့ရာတွင် အဆိုပါတိရစ္ဆာန်များမှ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ဆီး၊ ဝမ်းသွားခြင်းဖြင့် ရောဂါပိုးများသည် အနီးအနားရှိ လူနှင့် တိရစ္ဆာန်ဆီသို့ ကူးစက်ပျံ့နှံ့နိုင်ပါသည်။ ထိုသို့ တိရစ္ဆာန်အရှင်ရောင်းချမှုသည် ရောဂါပျံ့နှံ့နိုင်သည်ဟု လွန်ခဲ့သောနှစ်များကပင် သတိပြုမိခဲ့ကြပါသည်။ ဥပမာ **(ကြက်ငှက်တုပ်ကွေးရောဂါ)** ၂၀၀၄ ခုနှစ် အစောပိုင်းလောက်က တရုတ်နိုင်ငံ သွေးစွန်းဈေးတစ်ခုတွင် အလုပ်လုပ်ကိုင်ကြသော အလုပ်သမားအချို့ကို သွေးရည်ကြည် စစ်ဆေးရာတွင် SARS Corona Virus ကူးစက်ထားကြောင်း တွေ့ရှိရပါသည်။ ယင်းဇာစ်မြစ်ကို စိစစ်ရာတွင် ကြောင်ကတိုး (Civet cats) ရောင်းချမှုကို အခြေခံသည်ကို တွေ့ရှိရသဖြင့် ဤကိစ္စကို အထူးတလည် အလေးထား အာရုံစိုက်လာကြပါသည်။

**(၄) ဂေဟစနစ်ဖျက်ဆီးခြင်း**

ဂေဟစနစ်ဖျက်ဆီးခြင်းသည် ရောဂါသစ်များနိုးထရာ အန္တရာယ်ကြီးမားသော အချက်တစ်ရပ် ဖြစ်နိုင်ပါသည်။ လူသားတို့သည် နယ်သစ်ပယ်သစ်များဆီသို့ ချဲ့ထွင်တိုးဝင်လာကြရာ အချို့သော ရောဂါပိုးသစ်များသည် ခြေလေးချောင်း သတ္တဝါများမှလည်းကောင်း၊ ကြက်၊ ငှက်များမှလည်းကောင်း၊ လူသားများဆီသို့ ဝင်ရောက်၍ ရောဂါသစ်များ ဖြစ်ပေါ်စေနိုင်ပါသည်။ လူသားများရွှေ့လျားမှုကြောင့် ၎င်းနှင့်အတူ ရောဂါပိုးသည် နယ်မြေဒေသတစ်ရပ်သို့ ရောက်ရှိနိုင်ပါသည်။ ထို့အတူ ရောဂါမကူးစက်သေးသော လူသားတို့သည် နယ်မြေသစ်တစ်ရပ်ဆီသို့ ရောက်ရှိသွားမှုကြောင့်လည်း ရောဂါသစ်တစ်ရပ် ပေါ်ထွက်နိုင်ပါသည်။ ဥပမာအားဖြင့် နယူးဇီလန်နိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ အမြီးဖွားခြုံပုရွက်စားတိရစ္ဆာန် (Brush tail possums) များကို တင်သွင်းခဲ့ရာတွင် ယင်းတိရစ္ဆာန်များသည် ကျွဲ၊ နွားအဆုတ်ရောဂါ (TB) ပိုး သိုလှောင်ထိန်းသိမ်းထားရာ သတ္တဝါများ ဖြစ်နေကြပါသည်။ *စာမျက်နှာ ၇ သို့*

စာမျက်နှာ ၅ မှ

ဩဂုတ် ၂၉ ရက်တွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ အထည်ချုပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ဖြစ်ပွားမှု မြင့်တက်လာခြင်းကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အားလုံးပူးပေါင်း၍ အလေးထားသတိပြုဆောင်ရွက်ပေးရေး၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံရန်သင့်တော်သည့် ပတ်ဝန်းကျင်ကောင်း ဖြစ်စေရေး ဖြေလျှော့ဆောင်ရွက်မှုများအဖြစ် ကြိုးပမ်းဖော်ဆောင်ပေးလျက် ရှိပါကြောင်း၊ အထည်ချုပ်လုပ်ငန်းများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးနိုင်ရေး အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ မှာကြားခဲ့ပါကြောင်း။

**စိန်ခေါ်မှုများကို သုံးပွင့်ဆိုင် ပူးပေါင်းဖြေရှင်းရေး**

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ လက်ရှိအချိန်တွင် စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများတွင် အလုပ်အကိုင်အခွင့်အလမ်းများ တည်မြဲရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်သားများကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ပေးနေကြောင်း၊ ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် နောက်ဆက်တွဲ စီးပွားရေးကျဆင်းမှုကို ကုစားနိုင်ရန် စက်ရုံ၊ အလုပ်ရုံများတွင် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို သုံးပွင့်ဆိုင် ပူးပေါင်းဖြေရှင်းရေး၊ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်မှုကို အသိအမှတ်ပြုကြောင်းနှင့် ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြိုတင်ကာကွယ်ကြရန် ဆွေးနွေးခဲ့ပါကြောင်း။

**လေ့လာသုံးသပ် ဆောင်ရွက်လျက်ရှိ**

စက်ရုံ၊ အလုပ်ရုံများတွင် ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုများ ရှိနေသောကြောင့် အဆိုပါရောဂါနှင့် ပတ်သက်ပြီး အလုပ်သမားများနှင့် အလုပ်ရှင်များအပေါ်တွင်ကျရောက်လာမည့် အန္တရာယ်များကင်းရှင်းနိုင်ရေး လုပ်ဆောင်သင့်သည့် အချက်များကို ဆွေးနွေးသွားကြခြင်း ဖြစ်ပါကြောင်း၊ ရှေ့အနာဂတ်ကာလတွင် အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း ဥပဒေပြင်ဆင်ရေး၊ အလုပ်သမားအခွင့်အရေး၊ အလုပ်ရှင်နှင့်ဆိုင်သည့် ကိစ္စများအပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်ဆံသည့်ကိစ္စရပ်များတွင် ယခုကဲ့သို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ ရောဂါပျံ့နှံ့မှု၊ Quarantine ဝင်ရောက်ရမှုနှင့် ဆေးကုသမှု အခြေအနေများအား မပြတ်စောင့်ကြည့်လျက်ရှိပြီး အလုပ်ရှင်များနှင့် ပတ်သက်သည့် အလုပ်အမှာစာ(Order) ရောက်ရှိမှု အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ ရှေ့အလားအလာများနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့်ကမ္ဘာ့နိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများအပေါ် လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်ရှင်အလုပ်သမားများ၏ဆန္ဒသဘောထား အခက်အခဲများအား အလေးထားဆောင်ရွက်လျက်ရှိပြီး တစ်ဦးချင်းစည်းကမ်းရှိစွာဖြင့် အားလုံးပူးပေါင်း၍ယခုကာလအား အမြန်ဆုံးကျော်လွှားသွားနိုင်ရေး တိုက်တွန်းပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထို့နောက် ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li ၊ အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်တို့က အသီးသီးနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီးနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လက်ရှိတွေ့ကြုံနေရသည့် အလုပ်သမားများအကြား ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုအား တားဆီးထိန်းချုပ်နိုင်ရေးကိစ္စရပ်များနှင့် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❀ကျောဖုံးမှ

သည် နေအိမ်တွင်နေထိုင်ရေး အစီအစဉ်၌ ပါဝင်လာသည့်အတွက် လမ်းဘေးဈေးသည်များ လုံးဝရောင်းချခြင်းမပြုရန် စည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကမာရွတ်မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဌေးက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားလာပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများ၌ ခရီးသည်စီးနင်းမှု တဖြည်းဖြည်း လျော့ကျလာခဲ့ရာ စက်တင်ဘာ ၁၀ ရက်တွင် ပြေးဆွဲလမ်းကြောင်းပေါင်း ၁၂၈ လိုင်းမှ မော်တော်ယာဉ်စီးရေ ၃၁၉၁ စီးဖြင့် ခရီးသည် ခုနစ်သိန်းခွဲခန့်ကို သယ်ယူပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေဖြင့် ကူးစက်ရောဂါထိန်းချုပ်ဆဲကာလအတွင်း YBS ယာဉ်မောင်းများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား မျက်နှာအကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် ပါဝင်သောမြို့နယ်များမှ ပရဟိတလူမှုရေးအဖွဲ့များ၊ ကြက်ခြေနီအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ ပူးပေါင်းကာ မြို့နယ်များအတွင်းရှိ လမ်းများ၌ ရောဂါစစ်ဆေးခြင်းလုပ်ငန်းများ၊ ဈေးများ၌ သတ်မှတ်အကွာအဝေးအတိုင်း ရောင်းချနိုင်ရေး၊ ဈေးရောင်းဈေးဝယ်များ အားလုံး မဖြစ်မနေ ပါးစပ် နှာခေါင်းစည်း တပ်ဆင်ရေး၊ ပြည်သူများသုံးစွဲနိုင်ရေးအတွက် လက်ဆေးစင်များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခါတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိ၊ ခါတ်ခွဲအတည်ပြု လူနာများနှင့်လည်း ထိတွေ့ခြင်းမရှိသည့် လူနာများတွေ့ရှိရမှု များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် စက်တင်ဘာ ၁ ရက်တွင် သဃ်န်းကျွန်းမြို့နယ် အပါအဝင် မြို့နယ်ပေါင်း ခုနစ်မြို့နယ်ကို လည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် တောင်ဥက္ကလာပမြို့နယ် အပါအဝင် မြို့နယ်ပေါင်း ၂၁ မြို့နယ် စုစုပေါင်းမြို့နယ် ၂၈ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် ပါဝင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

- ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများအားလုံး၏ ဝန်ဆောင်မှုလုပ်ငန်းများကို ၁၄-၉-၂၀၂၀ ရက် (တနင်္လာနေ့)မှစ၍ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်းနှင့် အခြေအနေတည်ငြိမ်မှသာ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖွင့်လှစ်နိုင်မည့်ရက်အား ကြိုတင်အသိပေး ကြေညာသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။
- ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားသည့် ကာလအတွက် ကနဦးမှတ်ပုံတင်ယာဉ်များ၏ ရက်လွန်ဒဏ်ကြေး၊ သက်တမ်းတိုးမော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ၏ သက်တမ်းလွန်ဒဏ်ကြေးများအပါအဝင် လုပ်ငန်းဆိုင်ရာများအား အများပြည်သူထိခိုက်နစ်နာမှုမရှိစေရန် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးသပ်စိစစ်ဖြေလျှော့ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာမျက်နှာ ၆ မှ

စိတ်ဝင်စားစရာအချက်မှာ ဇီဝလုံခြုံမှု (Biosecurity) ဆိုသည်မှာ တစ်ချိန်က လူနာ(သို့မဟုတ်) ရောဂါရှိတိရစ္ဆာန်၊ ဓာတ်ခွဲခန်း၊ ဆေးခန်း (သို့မဟုတ်) မွေးမြူရေးခြံများအတွက်သာ ရည်ညွှန်းခဲ့ပါသည်။ သို့ရာတွင် ယခုအခါ အဆိုပါအချက်များသာမကတော့ဘဲ ဂေဟစနစ် (Ecosystem) ကိုပါ ထည့်သွင်း၍ ကျယ်ပြန့်စွာ စဉ်းစားရတော့မည် ဖြစ်ပါသည်။ Biosecurity ကို တစ်ချိန်က ကျဉ်းမြောင်းသောအမြင်ဖြင့် ကဏ္ဍကလေးတစ်ရပ်ကိုသာ ကွက်၍စဉ်းစားခဲ့မှုကြောင့် ရောဂါသစ်များပေါ်ထွက်လာမှုကို အားပေးသကဲ့သို့ ရှိခဲ့ဖူးသည့်သာဓကများ ရှိပါသည်။ အနီးဆုံး ဥပမာပြရမည်ဆိုလျှင် DDT (Dichloro Diphenyl Trichloroethane) ခေါ် ပိုးသတ်ဆေးကို လွန်ခဲ့သော ဆယ်စုနှစ်များက ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့ရာတွင် အခြားမလိုလားအပ်သည့် ဆိုးကျိုးများ ကြုံတွေ့ခဲ့ရပါသည်။ တိရစ္ဆာန်ဆေးကုပညာရှင်များအနေဖြင့် ယခုအခါတွင် ဇီဝလုံခြုံမှုဟူသော ဝေါဟာရကို ကျယ်ပြန့်သော အသိအမြင်ဖြင့် တွေးတောစဉ်းစားကြရန် လိုအပ်ပါသည်။

**(၅) ဓာတ်ခွဲခန်း၌ မပျိုး/ မမွေးနိုင်သေးသော အဏုဇီဝပိုးများ**

လူသားတို့ကို ရောဂါပိုးပေါင်း၏ ၁၄၀၀ ကျော်ခန့် ကူးစက်နိုင်ပြီး အများစုမှာ တိရစ္ဆာန်မှလူသို့ ကူးစက်သော Zoonotic ရောဂါများ ဖြစ်ကြပါသည်။ ထိုရောဂါပိုးများအားလုံးမှာ ကျွန်ုပ်တို့သိရှိပြီးဖြစ်သလို လွယ်ကူစွာခွဲခြားထုတ်ဖော်နိုင်သည်မှာ ယင်းတို့ကို ဓာတ်ခွဲခန်းအတွင်း၌ပင် မွေးမြူပျိုးထောင်နိုင်၍ ဖြစ်ပါသည်။ လွန်ခဲ့သောဆယ်စုနှစ်များအတွင်း မော်လီကျူလာ Genetics ခေါ် မော်လီကျူးဆိုင်ရာ မျိုးရိုးဗီဇပညာအားကြောင့် ပေါ်ပေါက်လာသော ပိုးစာရင်းမှာလည်း ကျယ်ပြန့်လာပါသည်။ နျူကလီယပ်မပါသော အဏုဇီဝပိုးအမျိုးအစားပေါင်းများစွာရှိပြီး မူလက သိရှိထားသောပိုးမျိုးများထက်ပင် ပိုများကြောင်း သိရှိရပါသည်။ အသစ်တွေ့ရှိသော ပိုးများမှာ အများအားဖြင့် ဗက်တီးရီးယားပိုးများပင်ဖြစ်ပြီး ယင်းတို့မှာ သဘာဝအရသော်လည်းကောင်း၊ ဓာတ်ခွဲခန်း နည်းပညာအရ လည်းကောင်း ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ယင်းတို့အနက် အမျိုးအစားဘယ်နှမျိုးလောက်မှာ လက်ခံကောင်အသစ်များကို ရောဂါကူးစက်နိုင်မည်မသိပါ။

**(၆) ရောဂါစူးစမ်းထောက်လှမ်းမှု**

ရောဂါစူးစမ်းထောက်လှမ်းမှုများ တိုးတက်ဆောင်ရွက်လာမှုကြောင့် ရောဂါသစ်၊ ရောဂါဟောင်းများစွာတို့သည် ပို၍ လွယ်ကူလျင်မြန်စွာ ပေါ်ထွက်လာပါသည်။ ယင်းနှင့်ဆက်စပ်၍ နမူနာကောင်းတစ်ခုမှာ နွားရူးရောဂါ (Bovine Amyloidotic Spongiform Encephalopathy) ခေါ် (BASE) ရောဂါဖြစ်ပါသည်။ ယင်းရောဂါကို အီတလီသုတေသီများက ရှာဖွေတွေ့ရှိခြင်းပင်ဖြစ်သည်။ အီတလီနိုင်ငံတွင် BSE (Bovine Spongiform Encephalopathy) ရောဂါနှင့် ပတ်သက်၍ နွားဦးနှောက်အရေအတွက် ၁ ဒသမ ၆ သန်းကို စစ်ဆေးရှာဖွေရာမှ တွေ့ရှိခြင်း ဖြစ်ပါသည်။ စမ်းသပ်မှုတစ်ခုခုအနက် ရောဂါသစ်တစ်မျိုးဖြစ်သည့် BASE ကို ဦးနှောက်၏ အခြားအစိတ်အပိုင်းတစ်ခုတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ BASE ၏ Prion ပရိုတိန်းမှာ BSE ၏ Prion Protein နှင့် မတူဘဲ ယင်းတွင် သကြား (Sugars ) အနည်းငယ် တွယ်ကပ်နေသည်ကို သတိပြုမိကြပါသည်။ ယင်းသည် လူတွင် ပြောက်တိပြောက်ကျား ဖြစ်တတ်သော Creutzfelzt Jakob Disease ကဲ့သို့ပင် အလားသဏ္ဌာန်တူပါသည်။

**(၇) အကြမ်းဖက်အန္တရာယ်**

နောက်ဆုံးအချက်တစ်ချက်မှာ အကြမ်းဖက်သမားတို့၏ အန္တရာယ်ပင် ဖြစ်ပါသည်။ အကြမ်းဖက်ရာတွင် အသုံးပြုကြသည့် ဇီဝပိုးမွှားများမှာ မူလကပင် သိရှိပြီးသော ရောဂါပိုးများ ဖြစ်ကြပါသည်။ သို့ရာတွင် အချို့သော အကြမ်းဖက်သူတို့တွင် ပိုးမွှားကျွမ်းကျင်သူများအနက် လူသားမုန်းတီးရေးသမားများ စိတ်ရူးနှမ်းသူတို့၏ လက်ချက်ကြောင့် မူလပိုးများကို အနည်းငယ်အသွင်ပြောင်းလျက် ရောဂါသစ်အသွင်သဏ္ဌာန်ဖြင့် ဖန်တီးပြီး လူသားပတ်ဝန်းကျင်ထဲသို့ သွတ်သွင်းပေးလိုက်မည်ကို စိုးရိမ်ပူပန်လျက် ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် ဆန်းသစ်လာသော ရောဂါဟောင်း၊ ရောဂါသစ်များ၏ ရေစီးကြောင်းကို ရှုမြင်သုံးသပ်ရသည်မှာ ယနေ့ကြုံတွေ့နေရသော ရောဂါဆိုးများကဲ့သို့ပင် ရောဂါတစ်ခု ကုသမပြီးမီနောက်တစ်မျိုး ပေါ်ပေါက်လာနိုင်ခြင်းပင် ဖြစ်ပါသည်။ လူနှင့် တိရစ္ဆာန် အပြန်အလှန်ကူးစက်မှုမှာ တဖြည်းဖြည်း နားလည်ရခက်လောက်အောင် ရှုပ်ထွေးလာပါသည်။ လူနှင့်တိရစ္ဆာန်တို့၏ ဆက်သွယ်မှုမှာ သီးခြားခွဲခြားရန်ပင် လွန်စွာခက်ခဲလျက်ရှိပါသည်။ ကမ္ဘာ့ကုန်သွယ်မှုတိုးမြင့်လာခြင်း၊ နေထိုင်မှု အရပ်ပြောင်းလဲလာခြင်း (Habitat) နေထိုင်သည့်ပုံစံ (Lifestyle) အမျိုးမျိုးပြောင်းလဲလာမှုကြောင့် လူနှင့်တိရစ္ဆာန်ဆက်သွယ်မှုမှာ ခွဲခြားမရလောက်အောင် တစ်သားတည်းသဖွယ် ဖြစ်နေပါသည်။

ထို့ကြောင့် အသစ်အသစ်ဖြစ်ပေါ်လာသော ရောဂါအသစ်များ၊ လူနှင့် တိရစ္ဆာန်ကူးစက်တတ်သော ရောဂါများကို တုံ့ပြန်ကာကွယ်နိုင်ရေးမှာ ကျွန်ုပ်တို့ လူသားများအတွက် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသည်။ လူနှင့် တိရစ္ဆာန်အကြား ဆက်သွယ်မှုကို နားလည်သဘောမပေါက်လျှင် ကျွန်ုပ်တို့ အလိုအလျောက် ရှုံးနိမ့်ပြီး ဖြစ်ပါသည်။ Virchow ၏ ပထမဦးဆုံး အဆိုတစ်ရပ်ဖြစ်သည့် "ဆေးပညာတစ်ရပ်ကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်တတ်မြောက်ဖို့ရန်မှာ ပို၍အရေးကြီးသည်" ဆိုသည့်အဆိုကို သတိချပ်သင့်ပါသည်။ လွန်ခဲ့သောနှစ်များစွာက လူသားဓာတ်ခံပေါ်တွင် ညီညာဖြဖြ ကခဲ့ကြရသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကြီးများဖြစ်ကြသည့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့(OIE)၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့၏ ပူးပေါင်းဆောင်ရွက်မှုမှာ မကြုံစဖူးပေါ်ထွက်လာကြသည့် နွားရူးရောဂါ(BSE)၊ ကြက်ငှက်တုပ်ကွေးရောဂါ(Avian Influenza) တို့ကြောင့် မဟုတ်ပါလား။

တိရစ္ဆာန် ကျန်းမာရေးနှင့် လူထုကျန်းမာရေးတို့တွင်လည်းကောင်း၊ ဥပဒေပြဌာန်းလိုက်နာမှုအပိုင်းတွင်လည်းကောင်း၊ တစ်စုံတစ်ယောက်သည် အားနည်းချို့ယွင်းမှု ပေါ်ပေါက်လာမည်ဆိုပါက ကြီးမားသည့် ပြဿနာကြီးတစ်ရပ် ပေါ်ပေါက်လာမည် ဖြစ်ပါသည်။ ရောဂါဆိုင်ရာ ကျွမ်းကျင်မှုများ အလျင်အမြန် မွေးမြူထုတ်လုပ်နိုင်ရေးအတွက် တိရစ္ဆာန် ကျန်းမာရေး၏ အခြေခံအဆောက်အအုံတစ်ခုတည်း၌ ချို့ယွင်းအားနည်းနေခြင်း မဟုတ်ပါ။ ပြည်သူ့ကျန်းမာရေး အခြေခံအဆောက်အအုံတွင်လည်း ကျဆင်းအားနည်းနေသည်ကို ကမ္ဘာတစ်ဝန်းလုံးတွင် တွေ့ရှိရပါသည်။ သို့ရာတွင် အချို့သော နိုင်ငံများတွင်မူ နိုးထလာသော ရောဂါသစ်များကြောင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးကို ပို၍ တက်ညီလက်ညီ ဝိုင်းဝန်း အာရုံစိုက်လာမှုကြောင့်လည်းကောင်း၊ နှစ်အနည်းငယ်အတွင်း ပြောင်းလဲတိုးတက်မှုများ ရှိလာပါသည်။ ထိုသို့ရောဂါသစ်များ ပေါ်ထွက်လာမှုကြောင့် တိရစ္ဆာန်ကျန်းမာရေးနှင့် ပြည်သူလူထုကျန်းမာရေးမှာ ခွဲခြားမရတော့ဘဲ ဖြေ၍မရနိုင်လောက်အောင် ရောယှက်လိမ်နေပြီ ဖြစ်ပါသည်။ သို့အတွက် ရောဂါအသစ်များ တိုက်ဖျက်ထိန်းချုပ်ရေးအတွက် ကျွမ်းကျင်သူများ ဖွဲ့စည်းတည်ဆောက်ရေးမှာ တစ်ဖက်သတ် သီးခြားဆောင်ရွက်၍ မရတော့ဘဲ ကမ္ဘာ့အဆင့်အဖြစ် အဘက်ဘက်မှ ပူးပေါင်းကြိုးပမ်းသွားရန် အထူးလိုအပ်လျက်ရှိရာ ကမ္ဘာကြီး၏ ကျန်းမာရေးမှာ အားလုံးပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်နေပါသည်။ ။

(OIE Emerging zoonoses and pathogens of public health concern (Vol.23 (2)) စာစောင် C.Brown ၏ Emerging zoonoses and pathogens of public health significance an overview ဆောင်းပါးမှ ကောက်နုတ်၍ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။)

# မိုက်ကရိုဖုန်းပေါ်မှ မျက်ရည်စက်များ

**ခင်ရတနာ**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါက တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်အန္တရာယ်ပေးလျက်ရှိပါသည်။ ကူးစက်မြန်ရောဂါဖြစ်ပွားခြင်းကို အရှိန်အဟုန်မြင့်စေသည့် အကြောင်းအရာများ အနက် ဘားများ၊ နိုက်ကလပ်များနှင့် ကာရာအိုကေများ၊ အနှိပ်ခန်းများ စသည့်လူအချင်းချင်းထိတွေ့မှုများသည့်နေရာများသို့ သွားလာခြင်းကလည်း အများဆုံးပါဝင်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကျန်းမာရေးပညာရှင်များက လပေါင်းအတော်ကြာကြာ နေ့စဉ်ရက်ဆက် မည်မျှပင် အသိပေးစေကာမူ မလိုက်နာလိုသူများက ရောဂါကူးစက်ရန် အန္တရာယ်အပြည့်ရှိနေသည့် မိုးလုံလေလုံနေရာများ၊ လေဝင်လေထွက်အားနည်းသည့်နေရာများနှင့် လူစုလူဝေးဖြင့် စားသောက်အပန်းဖြေကြသည့်နေရာများသို့ သွားမြဲတိုင်း သွားခဲ့ကြသည်။ ယင်းသို့သောနေရာမျိုးတွင် စကားပြောရန်၊ သီချင်းဆိုရန်၊ အဖျော်ယမကာသောက်သုံးရန်၊ အစားအစာစားရန် စသည်အကြောင်းများကြောင့် မိမိတို့တွင်တပ်ထားသည့် ပါးစပ်၊ နှာခေါင်းစည်းကို အခိုက်အတန့်မျှ ချွတ်လိုက်မိသည်နှင့်တစ်ပြိုင်နက် မမြင်ရသော မကောင်းဆိုးရွားတစ်ကောင်သဖွယ် အလစ်ချောင်းနေသည့် ကမ္ဘာ့ပတ်ဗိုင်းရပ်စ် ကိုဗစ်-၁၉ က အခွင့်ကောင်းယူကာ ဝင်ရောက်သွားမည်ဖြစ်သည်။

တစ်ညတာပျော်စရာရှာဖွေသည့်နေရာမှ တစ်ဘဝစာ သင်ခန်းစာများ ရရှိမည်ကို ကြိုတင်မမျှော်တွေးမိသူများ အဖို့ အန္တရာယ်ကြုံရသည့် ဖြစ်စဉ်များ ကမ္ဘာတစ်ဝန်းတွင် မနည်းတော့ပြီဖြစ်သည်။ ကူးစက်ရောဂါဖြစ်ပွားစဉ်အတွင်း သီးသန့်ခန်းဟုခေါ်ရမည့် ကာရာအိုကေခန်းများသည် အမေရိကလူငယ်များ၊ ဥရောပလူငယ်များ၊ အာရှလူငယ်များ စသည်ဖြင့် ခွဲခြားမနေဘဲ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ဖြန့်ဝေပေးခဲ့ပုံရသည်။ လူစည်ကားသည့် ဘားများအတွင်း အဖျော်ယမကာ ကော့တေးက အရှိန်မြှင့်တင်ပေးလိုက်သည့် လှိုင်းကိုစီးကာ ကျယ်ကျယ်လောင်လောင် သီချင်းလိုက်ဆိုနေကြသူများ၏ကြား လေထုထဲမှာ ကိုရိုနာဗိုင်းရပ်စ်သည် ဝေ့ဝဲလွင့်မြောလျက်ရှိသလို ပုလင်းများ၊ ဖန်ခွက်များနှင့် မိုက်ကရိုဖုန်းများ၏ မျက်နှာပြင်များပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်သည် တွယ်ကပ်ဖုံးလွှမ်းနေကြောင်း ဝါရှင်တန်ပို့စ်၏ သတင်းဆောင်းပါးတစ်ပုဒ်တွင် လူငယ်တစ်ယောက်၏ ကိုဗစ်-၁၉ အတွေ့အကြုံကို ရေးဖွဲ့ဖော်ပြထားသည်။

> **“တစ်ညတာပျော်စရာရှာဖွေသည့်နေရာမှ တစ်ဘဝစာ သင်ခန်းစာများ ရရှိမည်ကို ကြိုတင် မမျှော်တွေးမိသူများအဖို့ အန္တရာယ်ကြုံရသည့်ဖြစ်စဉ်များ ကမ္ဘာတစ်ဝန်းတွင် မနည်းတော့ပြီဖြစ်သည်။ ကူးစက်ရောဂါဖြစ်ပွားစဉ်အတွင်း သီးသန့်ခန်းဟုခေါ်ရမည့် ကာရာအိုကေခန်းများသည် အမေရိက လူငယ်များ၊ ဥရောပလူငယ်များ၊ အာရှလူငယ်များစသည်ဖြင့်ခွဲခြားမနေဘဲ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ဖြန့်ဝေပေးခဲ့ပုံရသည်။ လူစည်ကားသည့် ဘားများအတွင်း အဖျော်ယမကာ ကော့တေးက အရှိန်မြှင့်တင်ပေးလိုက်သည့် လှိုင်းကိုစီးကာ ကျယ်ကျယ်လောင်လောင် သီချင်းလိုက်ဆိုနေကြသူများ၏ကြား လေထုထဲမှာ ကိုရိုနာဗိုင်းရပ်စ်သည် ဝေ့ဝဲလွင့်မြောလျက်ရှိသလို ပုလင်းများ၊ ဖန်ခွက်များနှင့် မိုက်ခရိုဖုန်းများ၏ မျက်နှာပြင်များပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်သည် တွယ်ကပ် ဖုံးလွှမ်းနေကြောင်း ဝါရှင်တန်ပို့စ်၏ သတင်းဆောင်းပါးတစ်ပုဒ်တွင် လူငယ် တစ်ယောက်၏ ကိုဗစ်-၁၉ အတွေ့အကြုံကို ရေးဖွဲ့ဖော်ပြထား”**

ဂျာမနီနိုင်ငံ ကလိုဘားမှ စားပွဲထိုး မာရီယိုခရီးဘီး သည်လည်း ဘားသို့လာရောက်သည့် ဖောက်သည် တစ်ဦးဦးထံမှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည်။ Mask တပ်ဆင်ပေးပါဟု သူဘယ်လောက်ပင် တောင်းပန် ပြောပြော သူ့ဘားသို့လာရောက်သူ အများစုက လက်မခံခဲ့ ဟုဆိုသည်။ သို့ဖြင့် သူ၏အနှစ် ၂၀ကျော် စားပွဲထိုးဘဝကို နိဂုံးချုပ်အဆုံးသတ်ရန် ကိုဗစ်-၁၉ ရောဂါပိုးက သူ့ထံ ရောက်ရှိလာခဲ့သည်။ သူ့အဖြစ်မျိုးမကြုံကြစေဖို့ လုံခြုံရေး ဝန်ထမ်းများ၊ ညွှန့်ကြိုများနှင့် စားပွဲထိုးများကို သူက စိတ်ပူပန်မှုများစွာဖြင့် မှာကြားခဲ့သည်။ အားမနာ တတ်သည့် စားသုံးသူများကိုတော့ နာကြည်းနေမလား မပြောတတ်ဟု သူ့ကိုဆေးကုသပေးခဲ့သည့် ဆရာဝန်က မှတ်ချက်ပေးထားသည်။

ဝါရှင်တန်ရှိ ဘုရားရှိခိုးကျောင်း တစ်ခုအတွင်း နှစ်နာရီခန့်ကြာမြင့်သည့် တေးဂီတ လေ့ကျင့်မှုတစ်ခု၌ လူ ၅၃ ဦးခန့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခြင်းခံလိုက်ရသည်။ ယင်းဖြစ်စဉ်တွင် သေဆုံးသူနှစ်ဦးရှိခဲ့သည်။ ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး စင်တာများက အသံကျယ်ကျယ် သီချင်းဆိုလေလေ ဗိုင်းရပ်စ်ပိုးတွေ လေထဲကို များများရောက်လေလေဟုဆိုခဲ့ကြသည်။ အုပ်စုဖွဲ့၍ အသံကျယ်ကျယ်ဖြင့် စုပေါင်းသီဆိုကြသောအခါ ဗိုင်းရပ်စ်ပိုးများစွာ လေထုထဲတွင် ရောက်ရှိသွားမည်ဟု ခန့်မှန်းကြည့်နိုင်သည်။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၏ ပြည်သူ့ကျန်းမာရေး လမ်းညွှန်ချက်များတွင် ကာရာအိုကေ ခန်းမများနှင့် နိုက်ကလပ်များကို ပိတ်ထားရန်နှင့် ဘားများ၊ အရက် ဆိုင်များကို ၅၀ ရာခိုင်နှုန်းဖွင့်ခွင့်မပြုဘဲ ကျန်းမာရေးနှင့် စနစ်တကျ ကိုက်ညီမှုရှိစေရန် ကန့်သတ်ထားခဲ့သည်။

စပိန်နိုင်ငံ တောင်ပိုင်းရှိ Murcia မြို့ပြအာဏာပိုင် များက နောက်ဆုံးထုတ်ပြန်ခဲ့သည့် ဥပဒေတွင် ကိုဗစ်-၁၉ သည် ညဘက်အပန်းဖြေနေရာများမှ ပြန့်ပွားစေသည်ဟု ဖော်ပြထားပြီး ယင်းတို့ကို ပိတ်ပင်တားဆီးထားသည်။ စပိန်နိုင်ငံသည် ကိုဗစ်-၁၉ အန္တရာယ်ကို အစောပိုင်းတွင် ဆိုးဆိုးရွားရွား ခံစားခဲ့ရသည့်နိုင်ငံဖြစ်ပြီး ထိထိရောက် ရောက် ထိန်းချုပ်မှုများကြောင့် ရက်သတ္တ ၁၀ ပတ် အကြာတွင် တည်ငြိမ်စပြုခဲ့သည်။ သို့သော် အကြီးမားဆုံး ပြဿနာတစ်ရပ်ဖြစ်သည့် လူငယ်များအတွက် အပန်းဖြေ နေရာများကိုမူ အချိန်အကန့်အသတ်ဖြင့် ပိတ်ထားဆဲ ဖြစ်သည်။ ဗိုင်းရပ်စ်သည် ယင်းနေရာများသို့ လာရောက် လေ့ရှိသည့် လူငယ်များမှတစ်ဆင့် သူတို့၏အပေါင်း အသင်းများ၊ မိသားစုများနှင့် ရင်းနှီးကျွမ်းဝင်သူများ အားလုံးဆီ ကူးစက်ပျံ့နှံ့ခဲ့ခြင်းကြောင့် တင်းကျပ်ထား ရခြင်းဖြစ်သည်။

အရှေ့အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် တောင်ကိုရီးယား နိုင်ငံသည် ဇွန်လဒုတိယပတ်တွင် ရောဂါဒုတိယလှိုင်း ပြန်ဖြစ်နိုင်သည့်အခြေအနေရှိကြောင်း ကြေညာခဲ့ရပြီး ရောဂါကူးစက်မှုအများဆုံးဖြစ်နိုင်သည့် နေရာများအဖြစ် ကျောင်းများနှင့် ကာရာအိုကေခန်းမများ၊ နိုက်ကလပ်များ၊ ဘားများကို သတ်မှတ်ပြီး ပြန်လည်ပိတ်ထားစေခဲ့သည်။

တောင်အမေရိကမှ ပီရူးနိုင်ငံ လီမာမြို့တွင်လည်း ပါတီပွဲများ ကျင်းပရာ ကလပ်များကို ရဲတပ်ဖွဲ့ဝင်များက ရှောင်တခင် ဝင်ရောက်ဖမ်းဆီးပြီး တားမြစ်နေကြရသည်။ ပီရူးနိုင်ငံသည် တောင်အမေရိက၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး အစိုးရက မတ်လ ကတည်းကပင် ကပွဲခန်းမများ၊ ကလပ်များ၊ ဘားများ၊ ကာရာအိုကေခန်းမများအားလုံးကို ပိတ်ထားစေခဲ့သော် လည်း တရားမဝင်ဖွင့်လှစ်မှုများ ရှိနေခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၏ ညသန်းခေါင်ယံများ သည်လည်း ၁၉၉၀ ပြည့်လွန်နှစ်များက ခေတ်စားခဲ့သည့် တေးသီချင်းများဖြင့် စည်ဝေပျံ့လွင့်နေပြီး ကာရာအိုကေ ခန်းမများအတွင်း လူများက ပျားအုံ၌ အုံခဲနေသည့် ပျားကောင်လေးများပမာ တလှုပ်လှုပ်ရှိနေတတ်သည်မှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ် မပြန့်ပွားမီအချိန်အထိပင်ဖြစ်သည်။ သုံးလခန့် ငြိမ်သက်နေသည့် ဘန်ကောက်ညများသည် ပြီးခဲ့သည့် ဇူလိုင်လတွင် ပြန်လည်သက်ဝင်လာခဲ့သည်။ သို့သော် တင်းကျပ်သည့် စည်းမျဉ်း၊ စည်းကမ်းများအပြည့် နှင့်ဖြစ်သည်။ ကေတီဗွီတစ်ခု၏ မန်နေဂျာတစ်ဦးဖြစ်သူ ပန်နဆာရာကတော့ “သူငယ်ချင်းတွေနဲ့ ဝေးနိုင်သမျှ ဝေးဝေးကနေ ကခုန်ကြပါ” ဟုဆိုသည်။ ပါးစပ်၊ နှာခေါင်း စည်းများ၊ မျက်နှာအကာများ ဖုံးအုပ်ထားသဖြင့် သူ့အသံ ကို အတော်များများက သေချာကြားနိုင်သလားတော့ မသိဘူးဟု သူကဆိုသည်။ ပြန်လည်ဖွင့်လှစ်ခွင့်ရရန် နေရာ အကွာအဝေး၊ လုံခြုံမှု အစီအမံများနှင့် ကာကွယ်မှုများစွာ ကြားကပင် ရောဂါကူးစက်ခံရသူများ၊ သံသယရှိသူများနှင့် သေဆုံးသွားသူများသည်လည်း ထောင်နှင့်ချီ၍ရှိနေသည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်မူ “ကျွန်တော်တို့ မကြောက်ပါဘူး” ဟု ပြောတတ်သည့် ညပျော်လူငယ်အချို့ နောက်ရက်အနည်းငယ်အကြာတွင် အောက်စီဂျင်ပိုက်ကို အားယူရှူရှိုက်ရင်း နောက်ဆုံးထွက်သက်ကို ခက်ခက်ခဲခဲ ဇီဝိန်ချုပ်ခဲ့ရသည်ဟု သတင်းတစ်ပုဒ်ကဆိုသည်။ သို့ရာတွင် ဂျာမန်လူငယ်များသည် နိုက်ကလပ်များ၊ ဘားများနှင့် ကပွဲများကို သွားမြဲ၊ သွားဆဲ။ သူတို့သည် ကျန်းမာသန်စွမ်းကြပြီး ကိုရိုနာဗိုင်းရပ်စ်က သူတို့ကိုကူးစက်နိုင်မည်ဟု ဆိုခြင်းကို လက်မခံခဲ့ကြ။ နောက်ဆုံးတွင် ဂျာမနီနိုင်ငံ အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု သိသိသာသာတိုးလာ ခဲ့ခြင်းသည် ညဘက်အပန်းဖြေနေရာများမှ တစ်ဆင့် ဖြစ်ကြောင်းကို ပြည်သူ့ကျန်းမာရေးအရာရှိများက လက်ခံ ခဲ့ကြသည်။ ကူးစက်ခံရသူများသည် အသက် ၄၀ အောက် လူငယ်များဖြစ်ကြပြီး ဆေးရုံပေါ်ရောက်ချိန် ဒါမှမဟုတ် ရင်းနှီးချစ်ခင်ရသူများထံ ကူးစက်ပြီးသည့် အချိန်များ ကျမှပင် နောင်တတရားကို ရရှိခဲ့ကြရသည်။

ကိုဗစ်-၁၉ ရောဂါ တစ်ကမ္ဘာလုံး ကပ်ရောဂါအသွင် ကျရောက်ချိန်တွင် နိုင်ငံအသီးသီးမှ ဦးဆောင်သူများက မိမိတို့နိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်မည့် နည်းလမ်းများနှင့် ကာကွယ်တားဆီးထိန်းချုပ်ကြသည်။ မြန်မာနိုင်ငံသည် လည်း ပထမလှိုင်းကို အစိုးရနှင့် ပြည်သူများ၊ ကျန်းမာရေး ဝန်ထမ်းများ အားလုံးလက်တွဲညီညီဖြင့် ကာကွယ် တွန်းလှန်နိုင်ခဲ့ကြသည်။ ဩဂုတ်လအတွင်း ဒုတိယအကြိမ် ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့ချိန်တွင် ရန်ကုန် မြို့ ကေတီဗွီတစ်ခုမှတစ်ဆင့် လူဦးရေအများအပြားကို ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခဲ့ရခြင်းသည်လည်း ရောဂါ ကာကွယ်တားဆီးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များကို ပေ့ါပေ့ါဆဆသဘောထားခဲ့ခြင်း၊ မလိုက်နာခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။

အလုံပိတ်ထားသည့် အခန်းများတွင် ရောဂါပိုးများ မည်မျှလွင့်မြောနေနိုင်မည်ဆိုသည်ကို မည်သူမျှ ပကတိ မျက်စိဖြင့် မမြင်နိုင်၊ မသိနိုင်၊ တစ်ဦးနှင့် တစ်ဦး နီးကပ် သည့် အနေအထား၊ အရာဝတ္ထုများ ထိစပ်သည့်အနေ အထားတို့တွင် ကာကွယ်မှုပြုနိုင်ရန် အလွန်ခဲယဉ်းသဖြင့် မိမိအိမ်အတွင်း နေထိုင်ခြင်းဖြင့်သာ ကာကွယ်နိုင်မည် ဖြစ်ပါသည်။ လက်ရှိတွင် တစ်နိုင်ငံလုံးရှိ ကေတီဗွီများနှင့် နိုက်ကလပ်များကို ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ထား သည်။ တရားမဝင်ဖွင့်လှစ်နေသည့် ကေတီဗွီများ၊ နိုက်ကလပ်များကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အတိုင်း ဖမ်းဆီးစစ်ဆေး အရေးယူလျက်ရှိသည်မှာ စက်တင်ဘာ ၁ရက်မှ ယနေ့ အထိ အမှုပေါင်း ၉၀၀ နီးပါးရှိခဲ့ပြီဖြစ်သည်။

လူစုလူဝေးဖြင့် ပြုလုပ်သည့် အခမ်းအနား၊ ပွဲလမ်း သဘင်၊ အပျော်အပါး စသည်ဖြင့်မည်သည့်ရည်ရွယ်ချက် မျိုးဖြင့်မဆို ပြုလုပ်သည့် လူစုလူဝေးမှန်သမျှတို့က ကိုဗစ်-၁၉ ကပ်ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်ပျံ့နှံ့စေသည့် အလျောက် ရှောင်ရှားနိုင်ခြင်းအားဖြင့် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာခြင်းဖြင့် မိမိကိုယ်ကိုယ်အပါအဝင် မိသားစုများ၊ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များကိုပါ ကာကွယ် ပေးနိုင်မည်ဖြစ်သည်။ တစ်နေ့တာ ပင်ပန်းသမျှကို ပြေပျောက်စေရန်အတွက် ကေတီဗွီတွင် သီဆိုခဲ့သည့် သီချင်းတစ်ပုဒ်သည် တစ်ဘဝစာ အလွမ်းသီချင်း မဖြစ်စေ လိုပါ ဟူ၍သာ။ ။

> **“ကိုဗစ်-၁၉ ရောဂါ တစ်ကမ္ဘာလုံးကပ်ရောဂါအသွင် ကျရောက်ချိန်တွင် နိုင်ငံအသီးသီးမှ ဦးဆောင်သူများက မိမိတို့နိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်မည့် နည်းလမ်းများနှင့် ကာကွယ်တားဆီးထိန်းချုပ်ကြသည်။ မြန်မာနိုင်ငံသည်လည်း ပထမလှိုင်းကို အစိုးရနှင့် ပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ အားလုံး လက်တွဲညီညီဖြင့် ကာကွယ်တွန်းလှန်နိုင်ခဲ့ကြသည်။ ဩဂုတ်လအတွင်း ဒုတိယအကြိမ် ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့ချိန်တွင် ရန်ကုန်မြို့ ကေတီဗွီတစ်ခုမှတစ်ဆင့် လူဦးရေအများအပြားကို ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခဲ့ရခြင်းသည်လည်း ရောဂါကာကွယ်တားဆီးခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် လမ်းညွှန်ချက်များကို ပေါ့ပေါ့ဆဆသဘောထားခဲ့ခြင်း၊ မလိုက်နာခဲ့ခြင်းတို့ကြောင့်ဖြစ်”**

# COVID-19 ရောဂါကာကွယ်ရေးစည်းကမ်းချက်များအား လိုက်နာခြင်းမရှိသော ညမထွက်ရ အချိန်ကျော်လွန်သွားလာနေမှုများ၊ KTV/ Bar/ တရားမဝင်အနှိပ်ခန်းများကို ဆက်လက်ဖော်ထုတ်အရေးယူလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

COVID-19 ရောဂါကူးစက်နိုင်မှု ဖြစ်နိုင်ခြေအများဆုံး အခြေအနေရှိပြီး သတ်မှတ်စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသည့် KTV/ Bar/ တရားမဝင်အနှိပ်ခန်းများ ဖွင့်လှစ်နေမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရေးနှင့် ညမထွက်ရ အချိန်ကျော်လွန်သွားလာနေမှုများကိုလည်း ဆက်လက်စိစစ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေကြောင်းနှင့် မြို့နယ်/ရပ်ကွက်များအတွင်းတွင် စည်းကမ်းလိုက်နာမှုမရှိသည့် ၄င်းလုပ်ရပ်များကို ဆောင်ရွက်နေခြင်းအား သတင်းဖော်ထုတ်မှု၊ စိစစ်ကြပ်မတ်မှု အလေးထားဆောင်ရွက်ရန်လည်း နယ်မြေတာဝန်ခံရဲတပ်ဖွဲ့ဝင်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဖော်ထုတ်စိစစ်ချက်အရ စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် ပြည့်တန်ဆာအိမ် တစ်အိမ်မှ လုပ်ကိုင်သူအမျိုးသမီး စုစုပေါင်း သုံးဦးအား လည်းကောင်း၊ ကချင်ပြည်နယ်တွင် KTV ဆိုင် တစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း တစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ခြောက်ဦးအား လည်းကောင်း၊ ကရင်ပြည်နယ်တွင် KTV ဆိုင် တစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း တစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ခုနစ်ဦးအား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် KTV/Bar ဆိုင် နှစ်ဆိုင်နှင့် ပြည့်တန်ဆာအိမ် နှစ်အိမ်တို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် ပြည့်တန်ဆာလုပ်ကိုင်သူ အမျိုးသမီးများ စုစုပေါင်း ၂၃ ဦးအား လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပြည့်တန်ဆာအိမ် တစ်အိမ်မှ လုပ်ကိုင်သူ အမျိုးသမီး စုစုပေါင်း ခုနစ်ဦးအား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် KTV ဆိုင် တစ်ဆိုင်နှင့် တရားမဝင် အနှိပ်ခန်း နှစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ၁၇ ဦးအား လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် KTV ဆိုင် တစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း နှစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ၂၆ ဦးအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် တရားမဝင်အနှိပ်ခန်း တစ်ခန်းနှင့် ပြည့်တန်ဆာအိမ် တစ်အိမ်တို့မှ ပိုင်ရှင်၊ အနှိပ်သမနှင့် ပြည့်တန်ဆာလုပ်ကိုင်သူ အမျိုးသမီး စုစုပေါင်း ခုနစ်ဦးအား လည်းကောင်း၊ မွန်ပြည်နယ်တွင် KTV/Bar ဆိုင် နှစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း နှစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ၁၂ ဦးအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် KTV/Bar ဆိုင် နှစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း ခြောက်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ၁၅ ဦးအား လည်းကောင်း၊ ရှမ်းပြည်နယ်တွင် KTV ဆိုင် တစ်ဆိုင်၊ တရားမဝင် အနှိပ်ခန်း တစ်ခန်းနှင့် ပြည့်တန်ဆာအိမ် နှစ်အိမ်တို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်း၊ အနှိပ်သမနှင့် ပြည့်တန်ဆာလုပ်ကိုင်သူ အမျိုးသမီးများ စုစုပေါင်း ၅၈ ဦးအား လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် KTV ဆိုင် တစ်ဆိုင်မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်း စုစုပေါင်း ၁၂ ဦးအား လည်းကောင်း အရေးယူဆောင်ရွက်ခဲ့သဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း KTV/Bar ၁၁ ဆိုင်၊ တရားမဝင် အနှိပ်ခန်း ၁၆ ခန်း၊ ပြည့်တန်ဆာအိမ် ခုနစ်အိမ်နှင့် တရားခံ ၁၉၃ ဦးတို့အား ဖမ်းဆီးရမိခဲ့၍ သက်ဆိုင်ရာမြို့နယ်များ၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိသည်။



မြို့နယ်၊ ရပ်ကွက်များအတွင်း ညမထွက်ရ စည်းကမ်းလိုက်နာမှုမရှိသူများကို နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီး အရေးယူလျက်ရှိစဉ်။



တရားမဝင်အနှိပ်ခန်း ဖွင့်လှစ်သူများအား အမှုဖွင့်အရေးယူထားစဉ်။

ယခုတစ်ပတ်အတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌လည်း ညမထွက်ရ အချိန်ကျော်လွန်သွားလာသူများကိုလည်း စိစစ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ-၁၈၈ ဖြင့် အရေးယူခဲ့ရသည့် အမှုပေါင်း ၄၈၃ မှုနှင့် ကျူးလွန်သူ အမျိုးသား ၉၁၉ ဦး၊ အမျိုးသမီး ၅၀၊ စုစုပေါင်း ၉၆၉ ဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Covid-19 ရောဂါကို ထိရောက်စွာထိန်းချုပ်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များ မလိုက်နာဘဲ ဆောင်ရွက်နေမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆက်လက်စိစစ်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင်သတင်းပေးကြရန် အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၁၀-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၀၀၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၁၁၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၈၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၅၈) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၈) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁၈) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၃၇၀) ခုတို့အား ထပ်မံ စစ်ဆေးပြီးစီးခဲ့ရာ -

• COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၅) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂,၂၆၅)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၀-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂,၀၃၁) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၃၇၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၉၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၁၁၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၈၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၅၈) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁၈) ခုနှင့်

စုစုပေါင်း (၃,၄၁၇) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်ပေါင်း (၂၅၇) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာ (၁၄၂) ဦး တွေ့ရှိကြောင်းကို (၁၀-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၄။ ဓာတ်ခွဲအတည်ပြုလူနာသစ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) | (၁,၀၀၅) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) | (၁၁၉)ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ | (၉) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ | (၁၆) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့ | (၃) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | (၈၁) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | (၅၈) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၁၀၀၀) | (၂၃) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့ | (၅) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ | (၃) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | (၁၁) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့ | (၈) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့ | (၂) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့ | (၉) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဖန်းမော်မြို့မြို့ | (၁၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၁၁၅) ဦး |

## (၁၀-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု (၁၁-၉-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် (နှစ်) | ကျား / မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 2009 | ၃၉ | မ | မြင်းခြံမြို့နယ် မန္တလေးတိုင်းဒေသကြီး | ရှိ (1477) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2010 | ၃၂ | ကျား | မြင်းခြံမြို့နယ် မန္တလေးတိုင်းဒေသကြီး | ရှိ (1477) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2011 | ၂၆ | မ | ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့) |
| 2012 | ၂၂ | ကျား | ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့) |
| 2013 | ၂၃ | မ | ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့) |
| 2014 | ၂၃ | ကျား | မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းမူမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ မြင်းမူမြို့) |
| 2015 | ၂၇ | ကျား | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (1810) | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2016 | ၅၈ | ကျား | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (1810) | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2017 | ၅၆ | မ | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (1810) | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2018 | ၃၂ | မ | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (1810) | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2019 | ၁၂ | မ | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (1810) | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2020 | ၄၅ | ကျား | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (1810) | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2021 | ၅၀ | ကျား | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (1810) | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2022 | ၃၀ | မ | ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (1963) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့) |
| 2023 | ၈၇ | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့) |
| 2024 | ၅၀ | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2025 | ၃၁ | မ | ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် | ရှိ (986) | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2026 | ၄၀ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (974) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2027 | ၅၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (974) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2028 | ၄၂ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2029 | ၆၉ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2030 | ၂၆ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2031 | ၃၄ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (396) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2032 | ၂၈ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (945) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2033 | ၂၇ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (426) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2034 | ၂၇ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2035 | ၇၀ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 2036 | ၂၁ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 2037 | ၄၆ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 2038 | ၃၆ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 2039 | ၄၁ | ကျား | ဇမ္ဗူသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ရှိ (1888) | မရှိ | နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး) |
| 2040 | ၂၄ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့) |
| 2041 | ၆၄ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (1608) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2042 | ၅၅ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (1609) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2043 | ၂၉ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (1609) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2044 | ၂၄ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (1609) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2045 | ၅၄ | မ | ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ရမ်းဗြဲမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2046 | ၂၄ | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1657) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့်သင်ကြားရေး ဆေးရုံကြီး) |
| 2047 | ၂၄ | မ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2048 | ၂၀ | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2049 | ၄၄ | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2050 | ၂၃ | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2051 | ၂၉ | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2052 | ၂၈ | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2053 | ၂၇ | မ | သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2054 | ၄၂ | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2055 | ၅၉ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2056 | ၂၆ | မ | ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2057 | ၂၅ | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 2058 | ၄၀ | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| *2059 | ၂၈ | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2060 | ၃၁ | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 2061 | ၆၅ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 2062 | ၂၅ | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 2063 | ၃၁ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 2064 | ၉၀ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 2065 | ၂၈ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 2066 | ၆၅ | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1491) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး) |
| 2067 | ၆၅ | မ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1491) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး) |
| 2068 | ၃၇ | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 2069 | ၁၇ | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 2070 | ၂၄ | မ | သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2071 | ၃၉ | ကျား | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 2072 | ၃၁ | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 2073 | ၂၉ | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး) |
| 2074 | ၅၀ | ကျား | ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |
| 2075 | ၃၉ | မ | ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |
| 2076 | ၆၁ | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |
| 2077 | ၂၅ | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1391) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |
| 2078 | ၁၅ | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |
| 2079 | ၅၇ | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |
| 2080 | ၄၅ | မ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |
| 2081 | ၅၀ | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |
| 2082 | ၃၆ | ကျား | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး) |

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

| လူနာအမှတ်စဉ် | အသက် (နှစ်) | ကျား / မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 2083 | ၃၃ | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2084 | ၅၆ | ကျား | ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2085 | ၆၉ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2086 | ၅၇ | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2087 | ၂၈ | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2088 | ၂၆ | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2089 | ၄၅ | မ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2090 | ၄၇ | ကျား | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2091 | ၂၆ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2092 | ၅၇ | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2093 | ၆၃ | ကျား | ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2094 | ၂၁ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2095 | ၂၀ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2096 | ၃၈ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2097 | ၃၁ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2098 | ၂၅ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2099 | ၄၀ | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2100 | ၃၇ | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2101 | ၃၃ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2102 | ၅၀ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2103 | ၄ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2104 | ၅၉ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2105 | ၂၃ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2106 | ၂၅ | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2107 | ၃၆ | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2108 | ၂၁ | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2109 | ၅၄ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2110 | ၃၂ | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး) |
| 2111 | ၂၉ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1386) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2112 | ၁၂ | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2113 | ၁၉ | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2114 | ၄၀ | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2115 | ၃၅ | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2116 | ၂၄ | မ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1436) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2117 | ၂၄ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1436) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2118 | ၄၉ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1248) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2119 | ၂၂ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1248) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2120 | ၂၅ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1327) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2121 | ၂၅ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1327) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2122 | ၇၆ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1327) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2123 | ၁၈ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2124 | ၄၂ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1145) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2125 | ၅၅ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1389) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2126 | ၇၆ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1389) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2127 | ၂၈ | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1386) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2128 | ၂၃ | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1364) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2129 | ၄၄ | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1508) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2130 | ၇၅ | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1508) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2131 | ၃၀ | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1508) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2132 | ၇ | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1508) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2133 | ၇ | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2134 | ၄၂ | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| *2135 | ၁၂ | ကျား | သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| *2136 | ၁၈ | မ | သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2137 | ၂၀ | ကျား | တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2138 | ၆ | ကျား | တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2139 | ၅၃ | မ | ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (တွံတေးမြို့နယ်) |
| 2140 | ၁၄ | မ | တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2141 | ၂၁ | ကျား | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2142 | ၂၈ | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2143 | ၆၃ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး) |
| 2144 | ၆၅ | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1070) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2145 | ၄၆ | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1071) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2146 | ၂၈ | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ လှိုင်သာယာမြို့) |
| 2147 | ၃၃ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2148 | ၃၁ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2149 | ၃၀ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2150 | ၂၈ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2151 | ၄၁ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2152 | ၅၃ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2153 | ၂၃ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2154 | ၂၉ | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

| လူနာ အမှတ်စဉ် | အသက် (နှစ်) | ကျား / မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 စတင်ခွဲ အခြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 2155 | ၂၃ | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း ) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2156 | ၃၀ | ကျား | ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2157 | ၄၁ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1403) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2158 | ၄၆ | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း ) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2159 | ၃၅ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2160 | ၃၃ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 2161 | ၃၆ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2162 | ၂၀ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2163 | ၂၄ | ကျား | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2164 | ၄၈ | မ | ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2165 | ၃၁ | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2166 | ၁ | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2167 | ၃၅ | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2168 | ၅၀ | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း ) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2169 | ၂၉ | ကျား | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1386) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2170 | ၁၁ လ | ကျား | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1386) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2171 | ၅၄ | ကျား | သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ သုံးခွမြို့) |
| 2172 | ၂၉ | မ | ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2173 | ၂၁ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2174 | ၁၈ | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2175 | ၄၈ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 2176 | ၃၈ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1451) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2177 | ၄ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1451) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2178 | ၁၉ | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1491) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2179 | ၁၁ | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1491) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2180 | ၄၆ | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1456,1457) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2181 | ၄၉ | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1457,1458) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2182 | ၂၄ | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1485) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2183 | ၅၆ | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1347) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2184 | ၇၀ | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1347) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2185 | ၄၅ | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1491) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2186 | ၄၁ | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1491) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2187 | ၂၉ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1451) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2188 | ၄၀ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1347) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2189 | ၄၄ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1347) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2190 | ၂၃ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1347) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2191 | ၆ | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1347) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2192 | ၃ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1347) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2193 | ၈၄ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1347) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2194 | ၂၈ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1018,1019) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2195 | ၆ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1018,1019) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2196 | ၅၄ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (1018,1019) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2197 | ၁၄ | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2198 | ၅၆ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2199 | ၂၂ | ကျား | ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2200 | ၃၀ | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2201 | ၄၈ | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2202 | ၆၅ | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2203 | ၄၄ | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2204 | ၆၆ | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2205 | ၁၁ | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2206 | ၄၃ | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2207 | ၃၃ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2208 | ၆၃ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2209 | ၄၃ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2210 | ၁၇ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2211 | ၁၆ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2212 | ၃၀ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2213 | ၂၀ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2214 | ၂၃ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2215 | ၄၂ | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2216 | ၆၈ | မ | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2217 | ၁၈ | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2218 | ၁၈ | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2219 | ၁၄ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2220 | ၁၀ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2221 | ၁၄ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2222 | ၃၃ | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2223 | ၄၂ | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2224 | ၅၃ | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2225 | ၁၃ | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2226 | ၂၂ | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

စာမျက်နှာ ၂၁ သို့

# ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့သည့် ဘေရွတ်ဆိပ်ကမ်းတွင် မီးအကြီးအကျယ်လောင်မှု ဖြစ်ပွား

**ဘေရွတ် စက်တင်ဘာ ၁၁**
ပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့သည့် ဘေရွတ်ဆိပ်ကမ်းတွင် စက်တင်ဘာ ၁၀ ရက်က မီးအကြီးအကျယ်လောင်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မီးလောင်မှု ဖြစ်ပွား**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ဆိပ်ကမ်းတွင် ပေါက်ကွဲမှုကြီး ဖြစ်ပေါ်ခဲ့ပြီးနောက် တစ်လအကြာတွင် ယခုလို မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသတွင်း ရုပ်သံချန်နယ်ဖြစ်သည့် အယ်လ်ဘီစီအိုင်တွင် ဖော်ပြထားသည်။

**ကုန်လှောင်ရုံတွင် မီးလောင်**

ဆိပ်ကမ်းရှိ အခွန်လွတ်ဇရိယာ ကုန်လှောင်ရုံရှိ လောင်စာဆီနှင့် တာယာအဟောင်းများ သိမ်းဆည်းထားသည့်နေရာတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောသည်။

**တိတိကျကျ မသိရသေး**

မီးလောင်မှု၏ နောက်ကွယ်မှ အဓိကအကြောင်းကိုမူ ယခုအချိန်အထိ တိတိကျကျ မသိရသေးပေ။ ပြည်သူ့ ကာကွယ်ရေးတပ်သည် မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မီးလောင်ရာနေရာမှ လူများကိုလည်း ကယ်တင်ပေးခဲ့ရသည်။

မီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များနှင့် မီးလောင်မှုနောက်ကွယ်မှ အကြောင်းတရားကို စိုးရိမ်ကြသည်ဟု ပြည်သူများက WhatsApp အက်ပလီကေးရှင်း တွင် ဗီဒီယိုရိုက်ကူးကာ မျှဝေခဲ့ကြသည်။

**ပျက်စီးသွားစေခဲ့**

ဘေရွတ်မြို့ဆိပ်ကမ်း၌ ဩဂုတ် ၄ ရက်က ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပြီး မြို့တော်၏ အကြီးဆုံး အစိတ်အပိုင်းကို ပျက်စီးသွားစေခဲ့သည်။

ယင်းပေါက်ကွဲမှုကြောင့် လူပေါင်း ၁၉၀ ဝန်းကျင် သေဆုံးခဲ့ရပြီး ၆၀၀၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ရသည်။

ဆင်ဟွာ



ဘေရွတ်ဆိပ်ကမ်း မီးလောင်မှုကို မီးသတ်သမားများ ငြိမ်းသတ်နေကြစဉ်။

## အင်္ဂလန်နိုင်ငံတွင် သီတင်းပတ်တစ်ပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၆၀ ရာခိုင်နှုန်းမြင့်တက်

**လန်ဒန် စက်တင်ဘာ ၁၁**
လူစုလူဝေးတားမြစ်ချက် စတင်အာဏာသက်ရောက်မှု မရှိသေးမီရက်များက ကိုဗစ်-၁၉ တရားဝင်ကူးစက်မှုများ အင်္ဂလန်နိုင်ငံတစ်ဝန်း မြင့်တက်လာနေချိန်တွင် အင်္ဂလန်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှုသည် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၅ ရက်အထိ သီတင်းပတ်တစ်ပတ်အတွင်း ၆၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရားဝင် ခန့်မှန်းတွက်ချက်မှုများအရ သိရသည်။

အမျိုးသားစာရင်းအင်းဆိုင်ရာ ဗြိတိန်ရုံးက သီတင်းပတ်တစ်ပတ်အတွင်း အင်္ဂလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ တစ်နေ့လျှင် ၃၂၀၀ ဝန်းကျင်ခန့်ရှိကြောင်း၊ တစ်နေ့လျှင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အယောက် ၂၀၀၀ ရှိချိန်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်း ၆၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းသည် လွန်ခဲ့သော သီတင်းပတ်ကဖြစ်ကြောင်း ပြောကြားလိုက်သည်။




လန်ဒန်ရှိ ဝါတာလူး ရထားဘူတာရုံတွင် နှာခေါင်းစည်းများတပ်ဆင်ထားသော ခရီးသွားများ တစ်ဦးနှင့်တစ်ဦး ဝေးကွာစွာနေရန် သတိပေးထားသော ဆိုင်းဘုတ်အနီးမှ လမ်းလျှောက်သွားနေသည်ကို တွေ့ရစဉ်။

ဗြိတိန်အစိုးရသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေချိန်တွင် ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က တနင်္လာနေ့မှစကာ လူခြောက်ဦးထက်ပိုပြီး စုဝေးခွင့်ကို တားမြစ်ထားကြောင်း သိရသည်။

အမျိုးသားစာရင်းအင်းဆိုင်ရာ ဗြိတိန်ရုံး၏ နေ့စဉ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုနှုန်း ၃၂၀၀ ဝန်းကျင်ရှိကြောင်း ခန့်မှန်းတွက်ချက်မှုသည် နိုင်ငံတစ်ဝန်း လတ်တလော နေ့စဉ် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသူ တရားဝင်ကိန်းဂဏန်း အရေအတွက်ဆိုင်ရာ သတင်းပေးပို့မှုထက် အနည်းငယ် မြင့်မားလျက်ရှိသည်။

စက်တင်ဘာ ၁၀ ရက်က ဗြိတိန်တစ်ဝန်း နေ့စဉ်ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ ၂၉၁၉ ဦးရှိခဲ့ပြီး စက်တင်ဘာ ၉ ရက်က ၂၆၅၉ ဦးရှိခဲ့သည်။

ဗြိတိန်၏ နေ့စဉ်ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုသည် ဩဂုတ်လက ၁၀၀၀ နီးပါးရှိခဲ့ရာမှ ယခုအခါတွင် အဆိုပါပမာဏထက် များစွာမြင့်တက်လာခဲ့သည်။

အေအက်ဖ်ပီ

## ဂျပန်နိုင်ငံတွင် ရာသီတုပ်ကွေးကာကွယ်ဆေးကို သက်ကြီးရွယ်အိုများအား ဦးစားပေးသွားမည်

**တိုကျို စက်တင်ဘာ ၁၁**
ဂျပန်နိုင်ငံတွင် အောက်တိုဘာ ၁ ရက်မှစတင်ကာ သက်ကြီးရွယ်အိုများအား ဦးစားပေးကာ ရာသီတုပ်ကွေး ကာကွယ်ဆေးပေးသွားရန် ကျန်းမာရေးဝန်ကြီးဌာနက ဆုံးဖြတ်ချက်ချထားကြောင်း သိရသည်။

တုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ကူးစက်မှု တစ်ပြိုင်နက်ဖြစ်ပေါ်နေပြီး အဆိုပါ ရောဂါနှစ်ခုမှာ ခွဲခြားရန်ခက်ခဲသည့်အတွက် စိုးရိမ်မှုများ မြင့်တက်နေရပြီးနောက် စက်တင်ဘာ ၁၁ ရက်တွင် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

တုပ်ကွေးကာကွယ်ဆေး လိုအပ်ချက်များ မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် အစိုးရသည် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို ဦးစားပေးကာ ရာသီတုပ်ကွေးကာကွယ်ဆေးပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သက်ကြီးရွယ်အိုများသည် ဗိုင်းရပ်စ်ကူးစက်ခံရပါက ပြင်းထန်စွာ ရောဂါလက္ခဏာခံစားရနိုင်ခြေ မြင့်မားသဖြင့် ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အခြားသူများမှာမူ အောက်တိုဘာ ၂၆ ရက်အထိ စောင့်ဆိုင်းရဦးမည်ဖြစ်သည်။

သို့သော်လည်း ကိုယ်ဝန်ဆောင်များနှင့် ကလေးများကိုမူ ကာကွယ်ဆေးစောစီးစွာပေးရမည့်အုပ်စုထဲ ထည့်ထားရန် ကျန်းမာရေးဝန်ထမ်းများအား အကြံပြုထားသည်။ တုပ်ကွေးကာကွယ်ဆေးမှာ ကူးစက်ခံရမှုမှ အပြည့်အဝအကာအကွယ်မပေးနိုင်သော်လည်း ပြင်းထန်သည့် ရောဂါလက္ခဏာများကိုမူ အကာအကွယ်ပေးနိုင်ကြောင်း အာဏာပိုင်များက ပြောသည်။

ထို့ကြောင့် သက်ကြီးရွယ်အိုများနှင့် ကာကွယ်ဆေးလိုအပ်သည့်လူများ မပျက်မကွက် လာရောက်ကာကာကွယ်ဆေးထိုးကြရန် တောင်းဆိုထားသည်။ ကာကွယ်ဆေးမှာ အရွယ်ရောက်ပြီးသူ ၆၃ သန်းအတွက် လုံလောက်မှုရှိသည်ဟု ဝန်ကြီးဌာနက မျှော်လင့်ထားသည်။

သို့သော်လည်း ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ပမာဏအများကြီး မဝယ်ယူကြရန်နှင့် ပမာဏအများကြီး ဝယ်ယူခြင်းဖြင့် ဆေးပြတ်တောက်မှုဆီ ဦးတည်သွားနိုင်သည်ဟု ပြောကြားထားသည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်အနောက်ပိုင်းတွင် တောမီးလောင်မှုကြောင့် လူ ၁၅ ဦး သေဆုံးပြီး ငါးသိန်းကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၁**
အမေရိကန်အနောက်ပိုင်း ကမ်းရိုးတန်းတွင် မကြုံစဖူးမီးလောင်မှုကြောင့် စက်တင်ဘာ ၁၁ ရက်က လူ ၁၅ ဦး သေဆုံးခဲ့ပြီး လူသန်းတစ်ဝက်နီးပါးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

ထို့ပြင် လာမည့်ရက်များအတွင်း သေဆုံးမှုနှုန်းလည်း တိုးလာနိုင်သေးကြောင်း အာဏာပိုင်များက သတိပေးထားသည်။ ကယ်လီဖိုးနီးယား၊ အိုရီဂွန်နှင့် ဝါရှင်တန်ပြည်နယ်တို့တွင် မီးတောက်ကြီးက ကျန်နေရာများနှင့် ပိုင်းခြားထားပြီး စံချိန်တင် အပူလှိုင်းနှင့် လေပြင်းတိုက်မှုတို့ကြောင့်လည်း မီးတောက်ကြီးကို လောင်စာထည့်ပေးသလို ဖြစ်နေသည်။

အဆိုပါ မီးတောက်ကြီးမှာ ကယ်လီဖိုးနီးယား ပြည်နယ်သမိုင်းတွင် အကြီးဆုံး တောမီးဖြစ်လာခဲ့ပြီး ပြည်နယ်အနောက်မြောက်ပိုင်းတွင်လည်း အပူချိန်မြင့်တက်မှုနှင့် လေပူများ တိုက်ခြင်းတို့ကြောင့် နောက်ထပ်တောမီးများ လောင်ခဲ့ပြီး မြေဧကပေါင်း ၇၄၆၀၀၀ ကို ပျက်စီးစေခဲ့သည်။

တောမီးစတင်လောင်စဉ်မှ စတင်ကာ ပြည်နယ်တစ်လွှား မြေဧကပေါင်း ၂ ဒသမ ၆ သန်း ကျော် လောင်ခဲ့ပြီးဖြစ်သည်ဟု ကယ်လီဖိုးနီးယားသစ်တောနှင့် မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက စက်တင်ဘာ ၁၀ ရက်ညနေပိုင်းတွင် ပြောကြားခဲ့သည်။

အိမ်နီးချင်း အိုရီဂွန်ပြည်နယ်မှ လူပေါင်း သန်းတစ်ဝက်နီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ယခုကဲ့သို့ ထိန်းချုပ်၍ မရနိုင်သော တောမီးလောင်မှုမျိုးကို မကြုံဖူးသေးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ကိတ်ဘရောင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အေအက်ဖ်ပီ



ကယ်လီဖိုးနီးယားပြည်နယ် မွန်ရိုဗီယာမြို့ မြောက်ပိုင်းတွင် တောမီးငြိမ်းသတ်နေမှုအား တွေ့ရစဉ်။

## ဂျပန်အတွင်းရေးမှူးချုပ် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်သစ်ဖြစ်လာရန် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိ

**တိုကျို စက်တင်ဘာ ၁၁**
ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဆူဂါသည် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်သစ်ဖြစ်လာရန် ထိပ်ဆုံးမှ ဦးဆောင်နေကြောင်းနှင့် ၎င်းသည် ကျန်းမာရေးကြောင့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်မည့် ရှင်ဇိုအာဘေးနေရာတွင် ဆက်ခံရန် အလားအလာကောင်းနေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဖြစ်လာမည့်သူသည် ဂျပန်နိုင်ငံ၏ နောက်တက်လာမည့် ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဖြစ်သည်။

အတွင်းရေးမှူးချုပ် ဆူဂါယိုရှီဟီဒဲသည် ယခင်လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအတွင်းရေးမှူးချုပ် အီရှီဘားရှီဂီရူနှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမူဝါဒရေးရာအကြီးအကဲ ကီရှီးဒါးဖူမီယိုတို့နှင့် အကြိတ်အနယ် ယှဉ်ပြိုင်နေရသည်။

ပါတီခေါင်းဆောင်သစ်ကို ရွေးချယ်ရန် မဲအရေအတွက် ၅၃၅ မဲက ဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။ ပါတီဥပဒေပြုသူများက မဲအရေအတွက် ၃၉၄ မဲကို ပေးသွားမည်ဖြစ်ပြီး ကျန်ရှိသော မဲအရေအတွက်များကို ခရိုင် ၄၇ ခုမှ ဒေသဆိုင်ရာ ဥပဒေပြုအဖွဲ့များက ပေးသွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေက လစ်ဘရယ်ဒီမိုကရက်တစ်ပါတီများနှင့် ဒေသဆိုင်ရာ ဥပဒေပြုသူများကို တွေ့ဆုံမေးမြန်းရာတွင် ၇၀ ရာခိုင်နှုန်းက ဆူဂါကို မဲပေးရန် စီစဉ်ထားကြောင်း ဖော်ပြလိုက်သည်။ ဆူဂါသည် ပါတီခေါင်းဆောင်သစ်ဖြစ်ရန် ထောက်ခံမဲအများစု ရရှိထား ကြောင်းနှင့် ဆန္ဒမဲပေးမှုများကို တနင်္လာနေ့တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## တရုတ်နိုင်ငံတွင် ဖိုက်ဂျီအသုံးပြုသူပေါင်း သန်း ၈၀ ကျော်ရောက်ရှိ

**ပေကျင်း စက်တင်ဘာ ၁၁**
တရုတ်နိုင်ငံတွင် ဖိုက်ဂျီအသုံးပြုသူသန်းပေါင်း ၈၀ ကျော်အထိ ရောက်ရှိလာခဲ့ပြီး ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်း ပိုမိုအခြေခံခိုင်မာလာခဲ့ကြောင်း ကုန်ထုတ်လုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဌာန အဆင့် ၁ စောင့်ကြည့်လေ့လာသူ လီရင်က ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဒစ်ဂျစ်တယ် စီးပွားရေးဖိုရမ်ဖွင့်ပွဲတွင် ပြောကြားလိုက်သည်။

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ်နှင့် (၁၀) ကြိမ်မြောက် တရုတ်စမတ်စီးတီး နိုင်ငံတကာကုန်စည်ပြပွဲကို စက်တင်ဘာ ၁၁ ရက်တွင် နင်းပေါ်မြို့တွင် တရားဝင်စတင်ကျင်းပခဲ့သည်။

လီရင်က တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အမြန်လမ်းပေါ်ရောက်နေပြီး ခုန်ပျံကျော်လွှားပြီး ဖွံ့ဖြိုးတိုးတက်ခြင်းကို အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း၊ စီးပွားရေးပမာဏ ယွမ်ငွေ ၃ ဒသမ ၅၈ ထရီလီယံအထိ ရောက်ရှိလာခဲ့ပြီး တရုတ်နိုင်ငံဂျီဒီပီ၏ ၃၆ ဒသမ ၂ ရာခိုင်နှုန်းရှိကာ စီးပွားရေးအရည်အသွေးမြင့်မားစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

# ထိရောက်စိတ်ချတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထွက်ပေါ်လာရေး အပြိုင်စမ်းသပ်မှုများကြားက စိန်ခေါ်မှုများ

ထွန်းသစ်စ

နိုင်ငံတကာ ဖိအားတွေရှိနေတဲ့ကြားက ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးစမ်းသပ်နေမှုကို ခဏတာရပ်နားလိုက်တယ်ဆိုတဲ့သတင်းက ကာကွယ်ဆေးသစ်တစ်မျိုး တိုးတက်ထုတ်လုပ်တဲ့နေရာမှာ ဘေးကင်းလုံခြုံရေးဟာ ဘယ်လောက်အရေးပါသလဲဆိုတာကို ပြသလိုက်တာပဲဖြစ်တယ်လို့ နိုင်ငံတကာကျွမ်းကျင်သူတွေက ပြောကြားလိုက်ပါတယ်။

## ကာကွယ်ဆေးစမ်းသပ်မှုကို ခဏတာရပ်ဆိုင်း

ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီး တစ်ခုဖြစ်တဲ့ အက်စ်ထရာ ဇနီကားနဲ့ အောက်စ်ဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းစမ်းသပ်နေတဲ့ ကာကွယ်ဆေးသစ်တစ်မျိုးဟာ ပါဝင်စမ်းသပ်ခံသူတစ်ဦးကို ရှင်းမပြနိုင်တဲ့အဖျားရောဂါ တစ်မျိုးဖြစ်ပေါ်ခံစားစေခဲ့တဲ့အတွက် သူတို့တွေအနေနဲ့ ကာကွယ်ဆေးစမ်းသပ်နေမှုကို ခဏတာရပ်ဆိုင်းလိုက်ကြတာပဲဖြစ်ပါတယ်။

အက်စ်ထရာဇနီကားကုမ္ပဏီက နောက်ဆက်တွဲ ထုတ်ပြန်လိုက်တဲ့ကြေညာချက်မှာ ဗြိတိန်က ပါဝင်စမ်းသပ်ခံသူတစ်ဦးဟာ အဆင့်- ၃ စမ်းသပ်နေစဉ်အတွင်းမှာ နေမကောင်းဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ အခုလိုစမ်းသပ်မှုကို ရပ်နားလိုက်တာဟာ ကာကွယ်ဆေးဖော်စပ်ထုတ်လုပ်တဲ့လုပ်ငန်းစဉ်မှာ ပုံမှန်လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ သို့သော်လည်း ကမ္ဘာတစ်ဝန်းလုံးက ကိုဗစ်-၁၉ ကပ်ရောဂါကို နိဂုံးချုပ်စေမယ့် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရေး အပြိုင်အဆိုင်ကြိုးစားနေတဲ့အချိန်မှာ ဒီလိုလုပ်လိုက်ရတာက နောက်ကောက်ကျစေပါတယ်။

## ဘေးထွက်ဆိုးကျိုးနည်းနည်းရှိ

သို့သော်လည်း ဒါကလည်း အကျိုးသင့်အကြောင်းသင့်ဖြစ်တဲ့ လုပ်ဆောင်ချက်ကို လုပ်ဆောင်ခဲ့တာပဲ ဖြစ်ပါတယ်လို့ ကိုယ်ခံအားဆိုင်ရာဆေးပညာရှင် အလိန်းဖစ်ရှာက အေအက်ဖ်ပီကို ပြောကြားလိုက်ပါတယ်။ ကာကွယ်ဆေး စမ်းသပ်လုပ်ဆောင်မှုစနစ်မှာ ဖြစ်လေ့ရှိတဲ့ ကိစ္စတစ်ခုပဲဖြစ်ပါတယ်လို့ သူကဆက်ပြီး ပြောခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဆိုအရ ကာကွယ်ဆေးနောက်ဆုံးစမ်းသပ်မှုမှာ ကိုးယောက်မှာတစ်ယောက်လောက် ဒီလိုမျိုးဖြစ်တတ်တယ်လို့ ဆိုပါတယ်။ အဆင့် ၃ စမ်းသပ်မှုဟာ လက်တွေ့ဖော်စပ်ထားတဲ့ကာကွယ်ဆေးဟာ ဘယ်လောက်အလုပ်ဖြစ်သလဲ၊ စိတ်ချမှုရှိရဲ့လားဆိုတာကို သက်သေပြတာပဲဖြစ်ပါတယ်။

ကယ်လီဖိုးနီးယားတက္ကသိုလ်ရဲ့ ဇီဝဆေးဘက်ဆိုင်ရာ သိပ္ပံပါမောက္ခ ဒေးဗစ်လိုက ပြီးခဲ့တဲ့စမ်းသပ်မှုတွေမှာလည်း ပါဝင်စမ်းသပ်ခံခဲ့တဲ့သူတွေဟာ ဘေးထွက်ဆိုးကျိုးအနည်းငယ်ရှိတယ်ဆိုတာကို ဖော်ပြခဲ့တယ်လို့ ပြောပါတယ်။ ဒီကိုဗစ်- ၁၉ ကာကွယ်ဆေးရဲ့ အစောပိုင်းစမ်းသပ်မှုတွေမှာလည်း လူနာတွေဟာ ဘေးထွက်ဆိုးကျိုးနည်းနည်းရှိကြောင်း ဖော်ပြခဲ့ပါတယ်။ သို့သော်လည်း သိပ်မပြင်းထန်လှပါဘူးလို့ သူက ပြောခဲ့ပါတယ်။

## ဖိအားတွေကြားမှာ ဆက်လက်လုပ်ဆောင်ရမယ်

ဒေးဗစ်လိုက စမ်းသပ်ခံတစ်ဦး ဆိုးကျိုးတွေဖြစ်ပေါ်လာချိန်မှာ တခြားစမ်းသပ်ခံတွေအနေနဲ့ ဘယ်လိုမျိုးဖြစ်လာမလဲ။ နေမကောင်းဘဲ ဆက်ဖြစ်လာမလားဆိုတာ သေချာအောင် စောင့်ကြည့်တဲ့အနေနဲ့ စမ်းသပ်မှုကိုရပ်နားလိုက်တာက လုပ်လေ့ရှိတဲ့ ဖြစ်စဉ်တစ်ခုဖြစ်တယ်လို့ ပြောလိုက်ပါတယ်။

အခုတော့ ပိုပြီး ဂရုစိုက်ရတော့မှာပဲဖြစ်ပါတယ်။ ဒါကိုရပ်မှရပါတော့မယ်။ ရှေ့ဆက်သွားလို့ မရပါဘူးလို့ ၎င်းက ပြောကြားလိုက်ပါတယ်။ ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်သူများအနေနဲ့ သတိထားပြီး လုပ်ကိုင်ဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။ အခုလို ရပ်ဆိုင်းလိုက်ရတဲ့အတွက် အလျင်လိုအနှေး ဖြစ်ခဲ့ရပါတယ်။ သိပ္ပံပညာရှင်တွေဟာလည်း ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ဆက်လက်ဖော်ထုတ်ဖို့ ဖိအားတွေကြားမှာ ဆက်လက်လုပ်ကိုင်ကြရဦးမှာဖြစ်ပါတယ်။

## ယှဉ်ပြိုင်မှုတွေ ပြင်းထန်

ယုံကြည်စိတ်ချရပြီး ထိရောက်တဲ့ ကာကွယ်ဆေးထွက်ပေါ်လာဖို့ဆိုတာ ယှဉ်ပြိုင်မှုတွေ ပြင်းထန်လှသလို ရက်စက်မှုတွေ စွန့်စားမှုတွေနဲ့လည်း ပြည့်နှက်နေပါတယ်။ ကာကွယ်ဆေးဖော်ထုတ်ဖို့ ရင်းနှီးမြှုပ်နှံငွေတွေဟာလည်း မနည်းမနောပါပဲ။ ကာကွယ်ဆေးပေါ်ထွက်လာဖို့ဆိုတာ စိန်ခေါ်မှုတွေနဲ့ အမြဲရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

ရုရှားနိုင်ငံကတော့ ကိုဗစ် - ၁၉ ကာကွယ်ဆေးကို အတည်ပြုပြီးပါပြီ။ သို့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ချယုံကြည်ထိရောက်မှု ရှိ မရှိဆိုတဲ့ မေးခွန်းတွေနဲ့ စောင့်ကြည့်နေကြပါတယ်။ ဥရောပသမဂ္ဂကလည်း စက်တင်ဘာ ၉ ရက်က အက်စ်ထရာဇနီကားရဲ့ ပြိုင်ဘက် ဘိုင်အိုအင်နိတက်ချ်ပီဖစ်ဇာထံက နောက်ထပ်ကာကွယ်ဆေး သန်း ၂၀၀ကို ထပ်မံမှာကြားထားပါတယ်။

## စမ်းသပ်ခံသူများရဲ့ ဘေးကင်းရေးလျစ်လျူရှုမရ

မိမိတို့အားလုံး ကာကွယ်ဆေးရရှိရန် အလျင်အမြန်လုပ်ဆောင်နေချိန်မှာ ကာကွယ်ဆေးစမ်းသပ်ခံသူတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း မျက်စိမှိတ်နေလို့ မရသလို လျစ်လျူရှုလို့မရပါဘူး။ မစွန့်စားသင့်ပါဘူးလို့ ပါရီအင်စတီကျူပက်စ်တရာရဲ့ ဆေးဘက်ဆိုင်ရာ သုတေသနညွှန်ကြားရေးမှူး ဘရူနိုဟုန်းက ပြောကြားလိုက်ပါတယ်။

## ကာကွယ်ဆေး ၃၄ မျိုးကို အပြိုင်စမ်းသပ်နေ

လတ်တလောမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ၃၄ မျိုးကို အပြိုင်စမ်းသပ်နေကြောင်းနဲ့ တခြား ၁၄၅ မျိုးမှာ နောက်ဆုံးအဆင့်မရောက်သေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်ပါတယ်။

ကာကွယ်ဆေး ဖော်စပ်မှုတွေမှာ မတူညီတဲ့ နည်းပညာအမျိုးမျိုးတွေ အသုံးပြုလာလေလေ ကာကွယ်ဆေးအလုပ်လုပ်ပုံ ပိုမိုပြောင်းလဲမှုရှိလေလေ၊ မိမိတို့အနေနဲ့ ပိုပြီးသည်းခံရလေလေလို့ ကာကွယ်ဆေးဆိုင်ရာ ပြင်သစ်နည်းပညာကော်မတီဒုတိယဥက္ကဋ္ဌ ဒန်နီရယ် ဖလောရက်တ်က ပြောကြားခဲ့ပါတယ်။

## စုံစမ်းစစ်ဆေးမှုလုပ်ဖို့ အချိန်ကာလတစ်ခုရ

အက်စ်ထရာဇနီကားအနေနဲ့ ကာကွယ်ဆေး စမ်းသပ်မှုကို ရပ်နားလိုက်ခြင်းက တိုက်ဆိုင်မှုကြောင့်လား၊ ကာကွယ်ဆေးကြောင့်လားဆိုတာ စုံစမ်းစစ်ဆေးမှုပြုလုပ်ဖို့အတွက် အချိန်ကာလတစ်ခု ပေးလိုက်ခြင်းပဲဖြစ်ပါတယ်လို့ ဆူးဆက်စ်တက္ကသိုလ်သိပ္ပံမူဝါဒ သုတေသနဌာနက အကြီးတန်းဆရာတစ်ဦးဖြစ်တဲ့ အိုဟာစ်ရာကွပ်က ပြောကြားလိုက်ပါတယ်။

တချို့အမြင်အရ ပြောရမယ်ဆိုရင် အခုလိုမျိုး စမ်းသပ်မှုကို ရပ်ဆိုင်းလိုက်တာက ကာကွယ်ဆေး စမ်းသပ်မှုမှာ ဒီလိုမျိုးလုပ်ငန်းစဉ်တွေရှိတယ်ဆိုတာကို လူသိရှင်ကြား ပြသလိုက်တာပဲဖြစ်ပါတယ်။

## အကျိုးသက်ရောက်မှုရှိပြီး ဘေးကင်းလုံခြုံ စိတ်ချရမယ်

ကိုဗစ်- ၁၉ ကာကွယ်ဆေး ဖော်ထုတ်နိုင်ရေး အကြိတ်အနယ်ကြိုးစားနေရတဲ့ ဒီပြိုင်ပွဲမှာ ဥရောပဆေးဘက်ဆိုင်ရာအဖွဲ့ကတော့ သတိထားကြဖို့ တိုက်တွန်းထားပါတယ်။ အလျင်လိုလို့ အနှေးဖြစ်စေမယ့် အခြေအနေတွေ ဖြစ်ပေါ်လာမယ့်အရေးကိုလည်း စိုးရိမ်ရပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို ၂၀၂၁ နှစ်စ မတိုင်ခင်မှာ ကျယ်ကျယ်ပြန့်ပြန့်မရရှိနိုင်သေးဘူးလို့ အဲဒီအဖွဲ့က ပြောပါတယ်။ စမ်းသပ်မှုတွေအရ ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ အကျိုးသက်ရောက်မှုရှိပြီး ဘေးကင်းလုံခြုံ စိတ်ချမှုရှိရမှာပဲ ဖြစ်ပါတယ်။ ။ **ကိုးကား-အေအက်ဖ်ပီ**



ကိုဗစ်-၁၉ ကာကွယ်ဆေးအပြိုင်ဖော်ထုတ်နိုင်ရန် ကြိုးစားဆောင်ရွက်နေသည်ကို သရုပ်ဖော်ပြထားသောပုံ။

**“မိမိတို့အားလုံး ကာကွယ်ဆေးရရှိရန် အလျင်အမြန်လုပ်ဆောင်နေချိန်မှာ ကာကွယ်ဆေးစမ်းသပ်ခံသူတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း မျက်စိမှိတ်နေလို့ မရသလို လျစ်လျူရှုလို့မရပါဘူး။ မစွန့်စားသင့်ပါဘူးလို့ ပါရီအင်စတီကျူပက်စ်တရာရဲ့ ဆေးဘက်ဆိုင်ရာ သုတေသနညွှန်ကြားရေးမှူး ဘရူနိုဟုန်းက ပြောကြားလိုက်ပါတယ်”**

## နိုင်ငံတကာသတင်းတိုထွာ

### ပါကစ္စတန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း သုံးသိန်းကျော်အထိ ရှိလာ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၁**

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း ၅၄၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံတစ်ဝန်း ကူးစက်ခံရသူပေါင်း ၃၀၀၃၇၁ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။ ကိုဗစ် - ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ငါးဦး ထပ်တိုးလာသည့်အတွက် သေဆုံးသူပေါင်း ၆၃၇၀ ရှိလာခဲ့သည်။

**ဆင်းဒ်ပြည်နယ်တွင် ကူးစက်မှုအများဆုံးဖြစ်**

နိုင်ငံတောင်ပိုင်းရှိ ဆင်းဒ်ပြည်နယ်တွင် ကူးစက်မှုအများဆုံးဖြစ်နေပြီး ကူးစက်ခံရသူပေါင်း ၁၃၁၄၀၄ ဦး ရှိသည်။ ယင်းနောက်တွင် ပန်ဂျပ် ပြည်နယ်မှကူးစက်မှု ဒုတိယအမြင့်ဆုံးဖြစ်ပြီး လူပေါင်း ၉၇၅၃၃ ဦး ကူးစက်ခံထားရသည်။

**ပိတ်ဆို့ကန့်သတ်မှုများ**

ပါကစ္စတန်နိုင်ငံတွင် ကူးစက်မှုလျှော့ချနိုင်ရေးအတွက် မတ်လနှင့် ဧပြီလတို့တွင် တင်းကျပ်သည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ နောက်ပိုင်းကူးစက်မှုများပြားသည့် နေရာများတွင်သာ အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

### အိန္ဒိယနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုပေါင်း ၄ ဒသမ ၅ သန်းကျော်လွန်လာပြီဖြစ်

**နယူးဒေလီ စက်တင်ဘာ ၁၁**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၅ သန်း ကျော်လွန်သွားပြီဟု သိရသည်။ ကူးစက်ခံရသူပေါင်း ၄၅၆၂၄၁၄ ဦးရှိပြီး သေဆုံးသူ ၇၆၂၇၁ ဦးရှိသည်ဟု စက်တင်ဘာ ၁၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁၀ ရက်မှစတင်ကာ နောက်ထပ်ကူးစက်ခံရသူ ၉၆၅၅၁ ဦးတွေ့ရှိခဲ့ပြီး သေဆုံးသူ ၁၂၀၉ ဦး တိုးလာခဲ့သည်။

ယင်းပမာဏမှာ တိုင်းပြည်အတွင်း ကိုဗစ်- ၁၉ တစ်နေ့တာကူးစက်မှုတွင် အမြင့်ဆုံးပမာဏလည်းဖြစ်သည်။ လက်ရှိရောဂါကုသမှုခံယူနေသူ ၉၄၃၄၈၀ ရှိပြီး ၃၅၄၂၆၆၃ ဦးမှာ ပြန်လည်ကျန်းမာလာပြီဖြစ်သဖြင့် ဆေးရုံမှ ဆင်းသွားပြီ ဖြစ်သည်။

စက်တင်ဘာ ၁၀ ရက်အထိ ၅၄၀၉၇၉၇၅ ဦးကို ကိုဗစ် - ၁၉ ကူးစက်ခံထားရခြင်း ရှိ မရှိ စစ်ဆေးပေးခဲ့ပြီးပြီဟု အိန္ဒိယဆေးသုတေသနကောင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

## ရွေးကောက်ပွဲ ကျင်းပရန်

**၅၇**

ရက်သာ

လိုတော့သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## နမ့်ခမ်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်စီစဉ်ထားမှုကို စစ်ဆေး

**နမ့်ခမ်း စက်တင်ဘာ ၁၁**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ကြိုတင်စီစဉ်ထားမှုအခြေအနေများကို စက်တင်ဘာ ၁၀ ရက်မှစတင်ပြီး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်လင်းသိန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းတင်၊ မြို့နယ်ရွေးကောက်ပွဲအရာရှိဦးဇင်မောင်နှင့်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၁၄)ရပ်ကွက်များနှင့် စယ်ဟိုင်းကျေးရွာ၌ မဲရုံများထားရှိမည့်နေရာနှင့် မဲရုံအကျယ်အဝန်းကိုလည်းကောင်း၊ မဲရုံလုံခြုံရေးအခြေအနေကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းများနှင့်အညီ စနစ်တကျမဲဆန္ဒပေးနိုင်ရန် စီစဉ်ထားရှိရေးတို့ကို လည်းကောင်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။ ကျန်ရှိနေသော ရပ်ကွက်များနှင့် ကျေးရွာများကိုလည်း အဖွဲ့များခွဲ၍ ဆက်လက်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေမွန်(ရွှေရည်မြေ)**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၁

**ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးမျိုးညွန့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသောမြန်မာပြည်ထောင်စုနိုင်ငံသားများခင်ဗျာ**

ကျွန်တော်ကတော့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးမျိုးညွန့် ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးက မဲဆန္ဒရှင်များအပါအဝင် ပြည်ထောင်စုနိုင်ငံသားများအားလုံး ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ မဲဆန္ဒရှင်လူထုကြီးခင်ဗျာ ရသမျှအချိန်ကလေးအတွင်းမှာ အခုဟောပြောမှုကို အပိုင်း (၅) ပိုင်းခွဲပြီး ရှင်းလင်းတင်ဆက်ပါမယ်။

ကျွန်တော်တို့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ" ပေါ်ပေါက်ဖွံ့ဖြိုးလာပုံ

ကျွန်တော်တို့ပါတီ ကိုင်စွဲထားတဲ့ သဘောတရား၊ လမ်းစဉ်၊ လုပ်ငန်းစဉ်

ကျွန်တော်တို့ပါတီ ခုလာမယ့် ရွေးကောက်ပွဲအပေါ် သဘောထား၊ အဲဒီသဘောထားအရ ရွေးကောက်ပွဲထဲ ပါဝင်ဖြတ်သန်းမှု

မဲဆန္ဒရှင်လူထုကြီး၏ ဆုံးဖြတ်ပိုင်ခွင့်

မဲဆန္ဒရှင် လူထုကြီးအား ပန်ကြားချက် ဆိုတဲ့အပိုင်း (၅) ပိုင်းဖြစ်ပါတယ်။

ရှေးဦးစွာ ကျွန်တော်တို့ပါတီ ပေါ်ပေါက်ဖွံ့ဖြိုးလာပုံကို တင်ပြပါမယ်။

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဟာ ၁၉၈၈ခု ဩဂုတ်လ နှောင်းပိုင်းမှာ လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ပထမဆုံးဝန်ကြီးချုပ်လည်းဖြစ် ဆဋ္ဌသံဂါယနာ ပဓာနနာယကလည်းဖြစ်သူ ဦးနုက နာယကအဖြစ် တာဝန်ယူ ကြီးမှူးတည်ထောင်ခဲ့တဲ့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်"ကို ၂၀၁၀ ပြည့်နှစ်၊ မြန်မာ့နိုင်ငံရေး ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မယ့် အခင်းအကျင်းအဖြစ်"ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ" ရယ်လို့ အမည်ပေး ဆက်ခံပြောင်းလဲ ဖွဲ့စည်းခဲ့တဲ့ပါတီဖြစ်ပါတယ်။

"ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ"ဟာ ၁၉၈၈ ခုနှစ်ကပင် နာယကကြီး ဦးနု ချခင်းခဲ့တဲ့ ဗြဟ္မစိုရ်တရားသဘောတရားနှင့် အဲဒီဝါဒအပေါ်အခြေခံတဲ့ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေကို ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဒီမိုကရေစီပြန်လည် တည်ဆောက်ရေးအခြေခံအဖြစ် မမိုတ်မသုန် ယုံကြည်လက်ခံ မြဲမြံကိုင်စွဲထားသူ ကျွန်တော်တို့ဟာ အခက်အခဲပေါင်းစုံကြားကနေ ရဲရင့်ခိုင်မာတဲ့ ဒီမိုကရေစီ သတ္တိဖွဲ့နဲ့ ဗြဟ္မစိုရ်တရားတွေကို လက်ကိုင်ထားပြီး ဝိုင်းဝန်းကြိုးပမ်း တည်ဆောက် ပေါ်ပေါက်လာခဲ့တဲ့ပါတီဖြစ်ပါတယ်။

**မဲဆန္ဒရှင်လူထုကြီးခင်ဗျာ...**

အတိတ်ကိုနည်းနည်း ပြန်ဆောင်ပြပါရစေ...

၁၉၉၀ ပြည့်နှစ်များ စောစောပိုင်းမှာ ကျွန်တော်တို့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်" ဟာ အခြားပါတီ (၉၀) ကျော်နှင့်အတူ ဖျက်သိမ်းခံခဲ့ရပါတယ်။ ဒီလိုနဲ့ ၂၀၁၀ ပြည့်နှစ် ရောက်တဲ့အခါ နိုင်ငံရေးအခြေအနေ အပြောင်းအလဲပေးအပ်လာမှုအပေါ်မှာ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ" ရယ်လို့ ပြန်လည်ဖော်ထုတ်ဖွဲ့စည်းနိုင်လာခဲ့တာပါ။ ဒီလိုနဲ့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်"မှသည်"ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ"အထိ လျှောက်လှမ်းခဲ့တဲ့ နှစ်(၃၀)ကျော်ခရီးဟာ ပန်းခင်းလမ်းမဟုတ်ခဲ့ဘဲ ခလုတ်တံသင်း ကုန်းကျင်းချိုင့်ဝှမ်း ဆူးတောလွှမ်းတဲ့ ခရီးကြမ်းကြီးကိုဖြတ်ရင်း ထုသားပေသား ကျလာတဲ့ပါတီ ဖြစ်ပါတယ်။ ဗြဟ္မစိုရ်တရားအခြေပြု ဒီမိုကရေစီဝါဒနဲ့ စနစ်ကို မြန်မာရော ကမ္ဘာမှာပါ ပြန့်ပွားအောင် ဆောင်ရွက်ရေး သမိုင်း တမန်တော်အလုပ် (Historical Mission) ကို လှုံ့လပြု ဆောင်ရွက်လာတဲ့ ပါတီတစ်ရပ်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီကိုင်စွဲထားတဲ့ "ဗြဟ္မစိုရ်တရားအပေါ် အခြေခံသော ဒီမိုကရေစီဝါဒ" ဆိုတာကို ရှင်းပြလိုပါတယ်။

ဗြဟ္မစိုရ်တရားဟာ အများသိကြတဲ့အတိုင်း သတ္တဝါအားလုံးအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ တရားမြတ်ဖြစ်ပြီး ဒီတရားကိုယ် အခြေခံအပေါ် သဘောပေါက်၊ နားလည်၊ ယုံကြည်၊ ခံယူ၊လောကီမှုပြု လိုက်နာကျင့်သုံးမှု အားကောင်းအားသာတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာသာ ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအဆောက်အအုံ၊ ဒီမိုကရေစီအဖွဲ့အစည်း၊ ဒီမိုကရေစီကျင့်စဉ်တွေ အမြစ်တွယ်၊ ခိုင်မာ၊ ရေရှည်တည်တံ့နိုင်တယ်ဆိုတဲ့ သဘောတရားအမြင် ဖြစ်ပါတယ်။

ဗြဟ္မစိုရ်တရားဆိုတာ ဗုဒ္ဓဘာသာနှင့်သာ သက်ဆိုင်တယ်လို့ အချို့က ထင်မြင်ယူဆနေကြတဲ့ အမြင်ဟာ မမှန်ပါ။ စင်စစ်မှာ ဗြဟ္မစိုရ်တရားဟာ မည်သည့်ဘာသာ၊ သာသနာဝင်၊ မည်သည့်လူမျိုး၊ မည်သည့်အဆင့်အတန်းရှိသူနှင့်မဆို သက်ဆိုင်တဲ့ကျင့်ကြံရမယ့် လူသားဝါဒသာဖြစ်ပါတယ်။

မြန်မာ့လူ့အဖွဲ့အစည်းကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ကြည့်မယ်ဆိုရင် ၁၉၆၂ ခုနှစ်မှ ၂၀၁၀ အထိ ဗဟိုအာဏာနဲ့အုပ်ချုပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး စနစ်မျိုးများ အောက်မှာ ရာစုနှစ်ဝက်နီးပါး ဖြတ်သန်းလာခဲ့ရတဲ့ လူ့အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။ ဒီလို လူ့အဖွဲ့အစည်းမျိုးမှာ လူ့အခြေခံအကျင့်သီလ အကြီးအကျယ် ပျက်ပြားနေတာ သဘာဝလည်းကျ အဆန်းတကြယ်လည်း မဟုတ်ပါ။ သီလနည်း လူ့အဖွဲ့အစည်းမျိုးမှာ ဒီမိုကရေစီဝါဒနှင့်စနစ်ဟာ အမြစ်တွယ်ခိုင်မာနိုင်မှာမဟုတ်ပါ။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီဝါဒနှင့် စနစ် ပြန်လည်တည်ဆောက်လိုကြတယ်ဆိုရင် ဒီမိုကရေစီသက်သက်မျှနှင့်တော့ မပြည့်စုံနိုင်၊ ဗြဟ္မစိုရ်အကျင့်သီလ အခြေခံပေါ်မှာ ဘာသာ၊ လူမျိုး၊ ဆင်းရဲချမ်းသာမရွေး ပြည်ထောင်စုနိုင်ငံသားများအားလုံးက အချိန်ယူညီညွတ်ဝိုင်းဝန်း တည်ဆောက်ကြပါမှ ပြည့်စုံအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ 'ဗြဟ္မစိုရ်တရားအခြေခံသော ဒီမိုကရေစီဝါဒ' ကို မြဲမြံကိုင်စွဲထားတာ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာပဲ ပါတီရဲ့ "လက်စားမချေ သင်ပုန်းချေဆိုတဲ့ 'ချေ'နှစ် 'ချေ'"လမ်းစဉ်၊ ဒီလမ်းစဉ်အပေါ်အခြေခံတဲ့ ပြည်ထောင်စုတစ်ဝန်း ဒီမိုကရေစီနှင့် ငြိမ်းချမ်းမှု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေ ချခင်းထားပါတယ်။

**မဲဆန္ဒရှင်လူထုကြီးခင်ဗျာ...**

"လက်စားမချေ သင်ပုန်းချေဆိုတဲ့ 'ချေ'နှစ်'ချေ'"လမ်းစဉ်ကို အနည်းငယ် ရှင်းပြပါရစေ။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံရေးကွဲလွဲမှုတွေကို အကြမ်းဖက်တဲ့နည်းတွေနဲ့ ဖြေရှင်းဖို့ကြိုးစားရင်း ဖြစ်ပွားလာခဲ့ ဖြစ်ပွားနေဆဲ ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခစစ်ပွဲကြီးတွေရပ်စဲဖို့၊ ငြိမ်းချမ်းဖို့ဆိုရင် အဲဒီစစ်ပွဲကြီးတွေ ထဲမှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လို့ဖြစ်စေ ပါဝင်ပတ်သက်နေတဲ့ မြန်မာ့တပ်မတော်အပါအဝင် နိုင်ငံရေးအင်အားစုအားလုံး၊ တစ်နည်းဆိုရရင် မြေပေါ်မြေအောက် လက်နက်ကိုင်လက်နက်မဲ့၊ ဥပဒေတွင်း ဥပဒေပ နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ အစုအစည်း ၊ ပုဂ္ဂိုလ်တွေအားလုံးဟာ တစ်ပါတီနှင့်တစ်ပါတီ အင်အားစုတစ်စုနှင့်တစ်စု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦးအပေါ် အတိတ်မှာ ကျူးလွန်ခဲ့တာတွေအားလုံးကို အလုံးစုံသင်ပုန်းချေပြီး အငြိုးအတေးထား လက်စားချေတာမျိုး၊ ကံသုံးပါးစလုံးနှင့် မလုပ်တော့ဘူးလို့ သန္နိဋ္ဌာန်ချရောင်ကြဉ်ဖို့ လမ်းစဉ်ပါပဲ။ ဒီလမ်းစဉ်ကို ပါဝင်ပတ်သက်သူအားလုံးဟာ ယုံယုံကြည်ကြည်၊ ရိုးရိုးသားသား ကိုင်စွဲအကောင်အထည်ဖော်မှသာ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းရေး တည်ဆောက်နိုင်မယ်၊ ဒီငြိမ်းချမ်းရေးမျိုးသာ ပြည်ထောင်စုတစ်ဝန်း ရေရှည်တည်တံ့ ကျယ်ပြန့်ခိုင်မာ ထာဝစဉ်ရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီငြိမ်းချမ်းရေးမျိုး တည်ရှိတဲ့ လူ့အဖွဲ့အစည်းမှာသာ တစ်နည်းဆိုရရင် ဗြဟ္မစိုရ်တရားလေးပါး ထွန်းကားတဲ့၊ တည်ငြိမ် စီးပွားဖွံ့ဖြိုးတဲ့ လူ့အဖွဲ့အစည်းမှာသာ ဒီမိုကရေစီဝါဒနဲ့စနစ် တည်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီက ခုရှင်းပြခဲ့တဲ့ "ချေ နှစ် ချေ" အထွေထွေလမ်းစဉ်ကို ချခင်းထားခြင်း ဖြစ်ပါတယ်။

ဒီလမ်းစဉ်အခင်းအကျင်းပေါ်မှာ ကျွန်တော်တို့ပါတီရဲ့ လုပ်ငန်းစဉ်တွေကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်။

(၁) ၂၀၁၀ ရွေးကောက်ပွဲအကြိုကာလမှာ ကျွန်တော်တို့ပါတီက ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ဘဝသစ်တည်ထောင်ရေး လှုံ့လပြုလှုံ့ဆော်ခဲ့သလို၊ ၂၀၁၅ ရွေးကောက်ပွဲအကြိုကာလမှာ ဒီစဉ်က တည်ရှိခဲ့တဲ့ သမ္မတ ဦးသိန်းစိန်အစိုးရက ဦးစီးကျင်းပခဲ့ရာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံလုပ်ငန်းကို ၂၀၁၅ အလွန် ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး လှုံ့ဆော်ခဲ့သလို၊ အခုလည်း ၂၀၂၀ အလွန် ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မြန်မာ့တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲလျက် တည်ကြည်ရိုးသား စိတ်ရှည်ဇွဲရှိ သည်းခံအောင်မြင်အောင် ဆောင်ရွက်ရာမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး။

(၂) ယခုလိုငြိမ်းချမ်းရေးလုပ်ငန်းစဉ် သောင်မတင်ရေမကျ၊ ဒီမိုကရေစီ နိုင်ငံရေးဘဝ မပီပြင်လှသေးတဲ့အခြေအနေ၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အလှမ်းဝေးဆဲ အနေအထားတွေကနေ တည်ငြိမ်၊ ငြိမ်းချမ်း၊ စီးပွားဖွံ့ဖြိုးတဲ့ လူမှုပတ်ဝန်းကျင်တစ်ရပ် မြန်မာ့လူ့အဖွဲ့အစည်းမှာ ဖြစ်တည်လာရေး။

(၃) ဒီလိုဖြစ်တည်လာရေး ကြိုးပမ်းတည်ဆောက်နေစဉ်မှာပင် ခေတ်နောက်ကျ မြေယာစီးပွားရေးပေါ်သာ အခြေပြုနေရလို့ တစ်မျိုးသားလုံး၊ ပြည်ထောင်စုတစ်ခုလုံး နွမ်းပါးဆင်းရဲ ခေတ်နောက်ကျနေရတဲ့ လက်ရှိအခြေအနေက လွတ်မြောက်ပြီး 'မြေခ' မပါတဲ့ ခေတ်သစ်မြေယာ လူ့အဖွဲ့အစည်း စီးပွားရေးနဲ့ စက်မှုဖွံ့ဖြိုး ဝေဆာစည်ပင်တဲ့ ပြည်ထောင်စုစီးပွားမြှင့်တင်ရေး။

(၄) အဲဒီအမျိုးသားစီးပွားရေး၊ ပြည်ထောင်စုစီးပွားရေး ဘဝကြီးတစ်ခုလုံးကို တည်ဆောက်နေစဉ်မှာပင် ဒါရဲ့ လက်အောက်ခံဖြစ်တဲ့ ဒီမိုကရေစီလည်းကျ၊ ထင်သာမြင်သာလည်းရှိတဲ့ စီမံခန့်ခွဲရေးဘဝ၊ တရားစီရင်ရေးဘဝ၊ ဒီမိုကရေစီပညာရေးဘဝ၊ ကျန်းမာရေးဘဝ၊ လူမှုရေးဘဝများကို ဟန်ချက်ညီမြှင့်တင်ပေးနေရေး။

(၅) မြန်မာ့နိုင်ငံရေးဘဝထဲမှာ အကြောင်းကြောင်းကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ပါဝင်ပတ်သက်ကျင်လည်နေရတဲ့ မြန်မာ့တပ်မတော်နိုင်ငံရေး တာဝန်နဲ့ နိုင်ငံတော်ကာကွယ်ရေးစစ်ရေးတာဝန်၊ တာဝန်နှစ်ထပ် ထမ်းနေရလို့ ပင်ပန်းလှပြီဖြစ်တဲ့ မြန်မာ့တပ်မတော်ကို နိုင်ငံရေး အင်အားစုများက သူ့ဆီက နိုင်ငံရေးတာဝန် လွှဲပြောင်းတာဝန်ယူ ထမ်းဆောင်ပြီး သူ့ကိုတာဝန်ပေါ့သွားအောင် တစ်စတစ်စကြိုးပမ်းသွားရေး၊ ဒီလိုကြိုးပမ်းလှုံ့လပြုရာမှာ မြန်မာ့သမိုင်းကြောင်းအရရော၊ တည်ဆဲအင်အားကြီး ကမ္ဘာ့နိုင်ငံကြီးများရဲ့ သူ့ရှုံးကိုယ်နိုင် အားပြိုင်မှု ပထဝီနိုင်ငံရေး တွန်းအားတွေကိုပါ ထည့်သွင်းစဉ်းစားကာ သူ့ပခုံးထက်က နိုင်ငံရေးတာဝန်ကို လျော့ပေါ့သည့် ကာလတစ်ခုအထိ အားနာစွာနဲ့ပဲ ဆက်လက်သယ်ပိုးသွားစေပြီး မနှေးလွန်း မမြန်လွန်း လွှဲပြောင်းရယူသွားရေး။

(၆) ဘာသာရေး၊ လူမျိုးရေးကျဉ်းမြောင်း အစွန်းရောက် အကြမ်းဖက် အဖွဲ့အစည်းအင်အားစုများရဲ့ ပြည်ထောင်စုနယ်မြေ ဖဲ့ယူရေးကြိုးပမ်းမှု အန္တရာယ်၊ အဲဒီအကြမ်းဖက် အင်အားစုတွေကို နည်းလမ်းပေါင်းစုံနှင့် ထောက်ပံ့အားပေး မွေးမြူရှင်သန်နေစေတဲ့ ပြည်ပအင်အားကြီး နိုင်ငံများရဲ့ အန္တရာယ်တို့ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပြည်ထောင်စုနိုင်ငံသားများအားလုံးနှင့် အတူလက်တွဲ ဆန့်ကျင်တိုက်ဖျက်သွားရေး။

ဆိုတဲ့ပြည်ထောင်စုရေးတာဝန်ကြီးများကို ထမ်းဆောင်အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်။



**မဲဆန္ဒရှင်လူထုကြီးခင်ဗျာ...**

အထက်တွင်ဆိုခဲ့ပါ သဘောတရား၊ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေကို ယုံကြည်ချခင်းဆောင်ရွက်သွားမယ့် ကျွန်တော်တို့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ အနေနဲ့ ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲမှာ ပါဝင်ဖြတ်သန်းမှုကို တင်ပြပါမယ်။

ကျွန်တော်တို့ပါတီအနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီတင်းကျပ်ပြည့်မဟုတ်ဘဲ မြန်မာ့နိုင်ငံရေးသမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်ဖြစ်တည်နေတဲ့ ဖွဲ့စည်းပုံတစ်ခုလို့ပဲ ရိုးရှင်းစွာမြင်ပါတယ်။ ဒါ့ကြောင့် ဒီဖွဲ့စည်းပုံကို ကျောရိုးပြုကျင်းပခဲ့တဲ့ ၂၀၁၀ နဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွေဟာ မြန်မာ့လူ့အဖွဲ့အစည်းကို ဒီမိုကရေစီပန်းတိုင်၊ ဖက်ဒရယ်ပြည်ထောင်စု ပန်းတိုင်တို့သို့သွားရာ ပြည်ထောင်စုဝင်လူမျိုးများအားလုံး မလွှဲမရှောင်သာ ဖြတ်သန်းလာခဲ့ရတဲ့ မှတ်တိုင်ကြီးများသာဖြစ်တယ်လို့ ရှုမြင်ပါတယ်။ ထို့အတူ ယခု ၂၀၂၀ နိုဝင်ဘာရွေးကောက်ပွဲဟာလည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပန်းတိုင်ဆီ ဆက်လက်လျှောက်လှမ်းရဦးမယ့် ခရီးကြမ်းကြီးပေါ်က ဖြတ်သန်းရမယ့် မှတ်တိုင်တစ်တိုင်သာလို့ ရှုမြင်ယုံကြည်ပါတယ်။ အဲဒီရွေးကောက်ပွဲအလွန်ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရဟာလည်း အသွင်ကူးပြောင်းရေး အစိုးရတစ်ရပ်သာ ဖြစ်ပါမယ်။

ဒါ့အပြင် ပြည်ထောင်စုတစ်ခုလုံးအတွင်း လတ်တလော ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ အခြေအနေအရပ်ရပ်များအရ လည်းကောင်း၊ မိမိတို့ပါတီရဲ့ ဘဏ္ဍာရေး၊ စည်းရုံးရေးနဲ့ အဓိကရည်မှန်းလုပ်ဆောင်နေတဲ့ သမိုင်းတမန်တော်အလုပ် (Historical Mission) အရလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နဲ့ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၂)နယ်နဲ့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် အမှတ်(၁) မဲဆန္ဒနယ်(၁)နယ်၊ စုစုပေါင်း မဲဆန္ဒနယ်(၃)နယ်မှာသာ ကျွန်တော်တို့ပါတီ ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်လူထုကြီးခင်ဗျာ...**

လူထုကြီးရဲ့ဆုံးဖြတ်ပိုင်ခွင့်နဲ့စပ်လျဉ်းလို့ ဆက်လက်အစီရင်ခံပါမယ်။

ကျွန်တော်တို့ပါတီဟာ-

➢ အောက်ပါနိုင်ငံရေးလောကပါလတရား လေးပါးကို ယုံကြည်ပါတယ်။

(က) လူထုတွေမပါဘဲ ဘာမျှမလုပ်နိုင်။

(ခ) ရွေးကောက်ပွဲတွေမပါဘဲ ဘာမျှမလုပ်နိုင်။

(ဂ) လူထုတွေကို ရွေးကောက်ပွဲမှတစ်ဆင့် သင့်မြတ်တဲ့ နည်းလမ်းတွေနဲ့ သူတို့ကိုယ်စားလှယ်တွေ ရွေးချယ်ခွင့် ဖွင့်ပေးရမယ်။

(ဃ) ဒီလိုမှဖွင့်မပေးရင် လူထုတွေဟာ သူတို့ဘာသာသူတို့ ကင်းလွတ်စွာ ရွေးချယ်သွားကြလိမ့်မယ် ဆိုတာတွေပါပဲ။

လာမည့် ရွေးကောက်ပွဲမှာ လူထုတွေကို သူတို့ကိုယ်စားလှယ်တွေ ရွေးချယ်ခွင့်ပေးရာမှာ သင့်မြတ်လျော်ကန်တဲ့ တရားမျှတလွတ်လပ်မြင်သာတဲ့ နည်းလမ်းတွေ ပြည့်ပြည့်စုံစုံ ဖွင့်ပေးခြင်းသည်သာ ဆိုခဲ့ပါ နိုင်ငံရေးလောကပါလ တရားတွေနဲ့ ညီညွတ်ပါလိမ့်မယ်။ မဲဆန္ဒရှင်တစ်ဦးစီမှာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့် အခွင့်အရေးရှိတာမှန်ပေမယ့် အဲဒီအခွင့်အရေးကို လက်တွေ့အသုံးချရမယ့် ရွေးကောက်ပွဲမှာ ပြည့်ပြည့်ဝဝ အသုံးချခွင့်မရဘူးဆိုရင် (သို့မဟုတ်) ခြိမ်းခြောက်တာ၊ အကျပ်ကိုင်တာ၊ ချော့မြှူတာ စတဲ့ ဒီမိုကရေစီအပြုအမူနဲ့ မလျော်ကန် မကိုက်ညီတဲ့အခြေအနေများ ပေါ်ပေါက်လာရင်ဖြင့် ရှိပြီးသားသူတို့အခွင့်အရေးတွေ ဆုံးရှုံးပါလိမ့်မယ်။ အဲဒါကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်တကွ နိုင်ငံရေးပါတီ၊ ကြီး၊ လတ်၊ ငယ်တွေ၊ ကိုယ်စားလှယ်လောင်းတွေ၊ ဝန်းရံသူတွေ၊ အာဏာပိုင်အဖွဲ့အစည်းတွေ၊ လေ့လာစောင့်ကြည့်တဲ့ လူမှုအဖွဲ့အစည်းတွေက ဒီမိုကရေစီကျင့်ဝတ်များနှင့်အညီ အသီးသီးတာဝန်ယူ ပါဝင်ဆောင်ရွက်ကြပါစေကြောင်း အလေးအနက် တိုက်တွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မဲဆန္ဒရှင်လူထုကြီးကို မေတ္တာရပ်ခံ ပန်ကြားလိုတာကတော့...

ကျွန်တော်တို့ပါတီရဲ့ ဗြဟ္မစိုရ်တရား အခြေခံဒီမိုကရေစီဝါဒနှင့်စနစ်၊ လမ်းစဉ်တို့သည်သာ မြန်မာနိုင်ငံဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေး အတွက်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အကောင်းမြတ် အသင့်လျော်ဆုံး ဖြစ်တာရယ်၊

ဒီလမ်းစဉ်၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်မယ့် ကျွန်တော်တို့ ပါတီ ကိုယ်စားလှယ်လောင်းတစ်ဦးစီရဲ့ နိုင်ငံရေးအတွေ့အကြုံ၊ ဒီမိုကရေစီ အရေးတော်အပေါ် သစ္စာမြဲမြံစွာ ကိုယ်ရေးကိုယ်တာများ စွန့်လွှတ် အနစ်နာခံဆောင်ရွက်လာမှု အစဉ်အလာ၊ ပြည့်စုံမြင့်မားတဲ့ ပညာအရည်အချင်း ရယ် စတာတွေကို ကြည့်ရှုစစ်ဆေးလျက် မေတ္တာမဲ၊ ကရုဏာ မဲများ ချီးမြှင့်ရွေးချယ်တင်မြှောက်ပေးကြပါလို့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ" ကိုယ်စား တည်ကြည်လေးနက်စွာ ရှင်းလင်းပန်ကြား မေတ္တာရပ်ခံအပ်ပါတယ်။

ထို့မှအပဖြစ်တဲ့ ပြည်ထောင်စုတစ်ဝန်းလုံးက မဲဆန္ဒနယ်တွေမှာ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားစီးပွားဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်ခိုင်မာတဲ့ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတွေအပေါ် ကျွန်တော်တို့ပါတီနည်းတူ ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းတဲ့ ညီတော်နောင်တော် ဒီမိုကရေစီ သွေးသစ်ပါတီတွေရဲ့ ကိုယ်စားလှယ်လောင်းများကိုလည်း ဆန္ဒမဲ ချီးမြှင့်ပေးကြဖို့ မေတ္တာရပ်ခံ ပန်ကြားတိုက်တွန်းအပ်ပါတယ်။

**ကျေးဇူးအထူးတင်ပါတယ်ခင်ဗျား။**

# ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၁

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးစိုင်းဘိုးအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



**မိုင်ဆွန်ခ – မင်္ဂလာပါခင်ဗျား**

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် စိုင်းဘိုးအောင်က ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ပြည်ထောင်စုတိုင်းရင်းသားပြည်သူများခင်ဗျား**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ ယုံကြည်ချက်၊ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ မူဝါဒသဘောထားနှင့် အဓိကရည်မှန်းချက်များကို ကျွန်တော်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီသည် "လူလူချင်းဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း၊ လူ့အခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနှင့် ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှသာလျှင် စည်းလုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ခိုင်မာသည့် ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု အလေးအနက် ယုံကြည်ပါတယ်"

ဒါကြောင့်မို့လို့ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ မူဝါဒနှင့် ရည်မှန်းချက်မှာ နံပါတ်(၁) အရေးကြီးအချက်အဖြစ် ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဟူ၍ ဖော်ပြထားခြင်း ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

၁၉၄၈ လွတ်လပ်ရေးရပြီးသည်မှစ၍ ကျွန်တော်တို့နိုင်ငံဟာ ငြိမ်းချမ်းမှုအရသာ မခံစားရတာကို ပြန်လည်သုံးသပ်ကြည့်ရင် ကွဲပြားသော နိုင်ငံရေးစနစ် လက်ခံယုံကြည်မှုကြောင့်လည်းကောင်း၊ အထူးသဖြင့် ပြည်နယ်ရှိ လူနည်းစုတိုင်းရင်းသားများက မိမိတို့အပေါ် နိုင်ငံရေးအခွင့်အရေးအရ မမျှတသော တန်းတူညီမျှမှုမရှိသော ခွဲခြားဆက်ဆံမှုမျိုးရှိသည်ဆိုသည့် ခံစားချက်ကြောင့်လည်းကောင်း လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ကာ တည်ငြိမ်အေးချမ်းမှုကို ယနေ့တိုင် မရရှိနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ လိုလားတောင့်တသော စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတို့ဟာ အပြန်အလှန် မှီတည်နေတာဖြစ်ပါတယ်။

ကျွန်တော်တို့ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် မိမိတို့ပါတီမူဝါဒအတိုင်း ထိပ်တိုက်ရင်ဆိုင်ရေး/ ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ နိုင်ငံရေးစားပွဲဝိုင်းမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိအောင် ဖော်ဆောင်ကာ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား သာတူညီမျှသော အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှု၊ ဘဏ္ဍာရေးဆိုင်ရာ ခွဲဝေမှုများရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိသလို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်မှုကဏ္ဍမှာ- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လမ်းကြောင်းဖြင့် လည်းကောင်း၊ တစ်ဖွဲ့ချင်းအစုအဖွဲ့ တစ်စုချင်းစီနှင့် နိုင်ငံရေးစားပွဲဝိုင်းမှာ ညှိနှိုင်းအဖြေရှာနည်းဖြင့် လည်းကောင်း၊ ငြိမ်းချမ်းရေးညီလာခံများမှာ သဘောတူညီချက်ရရေး ဆွေးနွေးဆုံးဖြတ်ခြင်းဖြင့် လည်းကောင်း ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများ အခန်းကဏ္ဍကနေ တက်ကြွလှုပ်ရှား ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(NCA)၏အခန်း(၁) အခြေခံမူများအပိုဒ်(က)အရ- တိုင်းရင်းသားများ လိုလားတောင့်တသည့် အာမခံချက်များ အပြည့်အဝရှိသော ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်အခြေခံ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့် အညီ တည်ဆောက်သွားမယ့် လုပ်ငန်းစဉ်များမှာ နိုင်ငံရေးပါတီများ အခန်းကဏ္ဍကနေ တက်ကြွလှုပ်ရှားပါဝင်ဆောင်ရွက်ဆဲ ရှေ့ဆက်လည်း ပါဝင်ဆောင်ရွက်သွားမယ့်အကြောင်း ပြည်သူများကို တင်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲဆိုင်ရာ ရည်မှန်းချက်(၂)ကတော့ ဌာနေတိုင်းရင်းသားများကိုယ်စားပြုမှုကို အခြေပြုသည့် ပြည်နယ်အစိုးရဖွဲ့စည်းရေး ဖြစ်ပါတယ်။ မိမိတို့ဌာနေ တိုင်းရင်းသားသည်သာလျှင် မိမိတို့ပြည်နယ်/ဒေသ လိုအပ်ချက်ကို မိမိအသိဆုံး၊ တိုးတက်ဖွံ့ဖြိုးအောင် ဘက်မျှအောင် ဘယ်လိုစီမံဆောင်ရွက်ရမှာကို အသိဆုံးဖြစ်ပါတယ်။ ဌာနေတိုင်းရင်းသားတို့လက်ထဲမှာ မိမိကံကြမ္မာကို ဖန်တီးနိုင်ခွင့်ရှိတဲ့ အုပ်ချုပ်မှုစီမံခန့်ခွဲမှုအာဏာရှိမှသာလျှင် မိမိတို့ပြည်နယ်ကို အလှဆင်နိုင်မှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

၂၀၁၉ ခုနှစ် အောက်တိုဘာလက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)ရဲ့ အရှေ့တောင်အာရှနိုင်ငံများ စီးပွားရေးဆိုင်ရာ ထုတ်ပြန်ချက်မှာ ကျွန်တော်တို့နိုင်ငံသား တစ်ဦးချင်းဝင်ငွေဟာ တစ်နှစ်မှာ ဒေါ်လာ(၁၂၄၄) တစ်နည်းအားဖြင့် ကျပ် ၁၇.၄ သိန်း (တစ်ရက်–၄၈၀၀ကျပ်)ခန့်သာ ရှိပါတယ်။ တစ်ဦးချင်းဝင်ငွေသည် စားဝတ်နေရေးကို ထောက်ကူပေးနိုင်စွမ်းမရှိလျှင် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာမှာဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုလည်း နိမ့်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီရဲ့ စီးပွားရေးဆိုင်ရာရည်မှန်းချက်သည် လူတစ်ဦးချင်း၏ စီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ပေးပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ကြမယ်ဆိုရာမှာ ပြည်နယ်အဆင့် နိုင်ငံရေးအာဏာ ခွဲဝေသုံးစွဲရေးက အရေးကြီးသလို ဒေသန္တရအုပ်ချုပ်ရေးကဏ္ဍမှာလည်း ဒေသခံဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်ရေးက အရေးကြီးပါတယ်။ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေသန္တရအုပ်ချုပ်ရေးကို ဝန်ကြီးဌာနတစ်ခုကိုသာ တာဝန်ခံသော နိုင်ငံ့ဝန်ထမ်းများကသာ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့် ပေးထားပါတယ်။ ရပ်မိရပ်ဖ၊ မြို့နယ်/ခရိုင် အထောက်အကူပြုကော်မတီစသည်ဖြင့် ဌာနေပြည်သူများ ပူးပေါင်းပါဝင်မှုပြုစေသော်လည်း ဆုံးဖြတ်ချက်ချမှု၊ အကောင်အထည်ဖော်မှုအပိုင်းများမှာ ဌာနေတိုင်းရင်းသားပြည်သူများ ပါဝင်ခွင့်မရှိသဖြင့် ဌာနေဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများမှာ ပြည်သူ့ဆန္ဒနှင့်အညီ ဖော်ဆောင်နိုင်မှု အားနည်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီက ဒေသန္တရအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတို့တွင် ဌာနေတိုင်းရင်းသားပြည်သူများ ပါဝင်ခွင့်ရရေးကိုလည်း ရွေးကောက်ပွဲဝင်ရည်မှန်းချက်အဖြစ် ထားရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

နယ်မြေဒေသတစ်ခုမှစ၍ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ လက်တွေ့အသုံးချပညာရေးနှင့် ခေတ်မီအဆင့်မြင့်ပညာရေးဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေဖို့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲကြရပါတယ်။ ကျွန်တော်တို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု အားနည်းနေသေးသည့်ကာလမှာ လူမှုဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် လက်တွေ့အသုံးချပညာရေးကို ပိုမိုတွန်းအားပေးရန် လိုအပ်တယ်လို့ မြင်ပါတယ်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ ပညာရေးဆိုင်ရာ မူဝါဒအပိုဒ်(၅)မှာ အနာဂတ်ဘဝကို အာမခံချက်ပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖြစ်ရန် စီမံဆောင်ရွက်မည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဒါကြောင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် လူမှုဘဝဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ပညာရေးစနစ် အကောင်အထည်ဖော်ရေးကိုလည်း ရည်မှန်းချက်တစ်ရပ်အဖြစ် ထားရှိပါကြောင်း တင်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်တို့ လိုလားတောင့်တတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန်မှာ ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲဟာ ကျော်ဖြတ်ရမယ့် တံခါးတစ်ချပ် ဖြစ်ပါတယ်။ ဒီတံခါးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ဖို့ရာ လူထုက မှန်မှန်ကန်ကန် မဲပေးပါမှ၊ ကိုယ့်ကိုကိုယ်စားပြုပြီး နိုင်ငံ့အရေး ဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်နဲ့ ပါတီကို မှန်မှန်ကန်ကန်ရွေးပေးပါမှ လိုရာပန်းတိုင်ကို အရောက်လှမ်းနိုင်မှာ



ဖြစ်ပါတယ်။ ခိုင်မာသော ယုံကြည်ချက် ရည်မှန်းချက်နှင့် အနာဂတ်အတွက် ကြိုတင်စီမံချက်ရှိပြီး မိမိဌာနေဒေသနဲ့ ပြည်သူများအတွက် အမှန်တကယ် ကိုယ်စားပြု အလုပ်လုပ်ပေးနိုင်မယ့်သူကို ရွေးချယ်ရရှိဖို့ လိုအပ်ပါတယ်။ မိမိရွေးချယ် မဲပေးလိုသူ ကိုယ်စားလှယ်လောင်းရဲ့ ပါတီအမှတ်တံဆိပ်ဘေးက အကွက် ထဲမှာ တံဆိပ်တုံး တိတိကျကျရိုက်ပေးပါလို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

နောက်ဆုံးအနေနဲ့ ပြောကြားချင်တာကတော့-

ကျွန်တော်တို့အားလုံးဟာ ဒီမြေမှာနေ ဒီရေကိုသောက် ဒီဒေသ ဒီနိုင်ငံမှာနေပြီး ကိုယ့်ဘဝကို တည်ဆောက်နေကြတဲ့သူများပီပီ ဒီမြေ ဒီနိုင်ငံ ဒီပြည်သူများ ကြီးပွားဖွံ့ဖြိုးမှုအတွက် နိုင်ငံသားကောင်းပီသစွာဖြင့် မှန်ကန်စွာ ရွေးချယ်မဲပေး၍ အမိမြေကျေးဇူးကို ဆပ်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကတော့ အကောင်းဘက်သို့ ပြောင်းလဲဖို့ မိမိယုံကြည်ချက်ကို အရင်းတည်၍ ပြည်ထောင်စုဘဝသစ် တည်ဆောက်နိုင်ရန် မြဲမြံသောအဓိဋ္ဌာန်ပြုလျက် ရှေ့သို့ချီတက်နေမြဲ ဆက်လက်ချီတက်နေမည်ဖြစ်ပါကြောင်း-

တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ကျေးဇူးတင်ပါတယ်။

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှထည့်သွင်းတင်ပြလိုသည့် တေးသီချင်း၏ စာသားဘာသာပြန်ဆိုချက်

- (ရှမ်း–ဒီ) သည်ပြည်နယ်အရေးစီမံမည်၊ (ရှမ်း–ဒီ)သည်ပြည်နယ်အရေး ဦးဆောင်မည်၊
  (ရှမ်း–ဒီ) သည်သမိုင်းကောင်းရေးထိုးမည်၊ (ရှမ်း–ဒီ) သည် ပြည်ငြိမ်းအေးဖို့ ကူညီမည်။
- မဲပြား၃ချပ်သည်ပြည်သူများက ခရီးသွားလိုထက်ဖို့ ဆောင်ကြဉ်းပေးမည့်အရာ ဖြစ်သည်။
  မဲပြား၃ချပ်သည် ပြည်သူများကို စည်းရုံးရေးလမ်းစမြင်ရဖို့ တွန်းအားပေးသည့်အရာ ဖြစ်သည်။
  ပြည်သူများ နက်နက်နဲနဲ တွေးတောစဉ်းစားကြစေလို၊
  မြင့်မြင့်မားမား တွေးဆကြစေလို၊
  မဲပြားထည့်ဖို့ တာဝန်ဟာ ပြည်သူ့ပခုံးပေါ်ကျလာပြီ၊ ပြည်သူ့ပခုံးပေါ် ရောက်လာပြီ။
  ပျို့ရွယ်သူမှအစ အိုမင်းပြည်သူများအဆုံး အားလုံးမဲပြားများ သွားပေးကြပါရန်။
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် အစဉ်ကြံ့ခိုင်သော အဖွဲ့အစည်းဖြစ်ပါသည်။
  လူတိုင်းအသိအမြင်ပွင့်ဖို့ အမျိုးသားရေးအတွက် အားအင်ဖြစ်ဖို့ လုပ်ဆောင်နေ။
- ဆုံးဖြတ်ပါ။မကြောက်ပါနဲ့။လုပ်ပါဆောင်ရွက်ပါ ဝေဝါးမနေပါနဲ့။
  ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှသာ သမိုင်းလှလှ ရေးထိုးနိုင်ပါမယ်။
  နက်နက်နဲနဲတွေး၊ မြင့်မြင့်မားမားကြံဆ တိတိကျကျဆုံးဖြတ်အပြောနဲ့ လက်တွေ့ ထပ်တူကျပါစေ။
  ရွှံ့နွံထဲကို ခလုတ်တိုက် မကျပါစေနဲ့။
  *(ရှမ်း–ဒီ) = ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ

# ကာရာအိုကေဆိုရာကနေ ပြန့်ပွား



ရန်ကုန်မှာဆိုရင် ကျွန်မတို့ မြို့နယ်အချို့ကို အထူးသတိထားပြီး အိမ်အပြင်မထွက်ဖို့ သတ်မှတ်ထားပါတယ်။ ကျွန်မက နာမည်နဲ့ပြောရမယ်ဆိုရင် သဃ်န်းကျွန်းမြို့နယ်ကို ပြောဖို့လိုပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သဃ်န်းကျွန်းမြို့နယ်မှာဆိုရင် ကိုဗစ်ရောဂါစွဲကပ်နေတဲ့ ပြည်သူတွေများလို့ပါ။ အဲဒီလို ဖြစ်ရတဲ့အကြောင်းကလည်း ကာရာအိုကေနဲ့ဆိုင်တယ်လို့ ကျွန်မတို့နားလည်ပါတယ်။ သဃ်န်းကျွန်းမြို့နယ် ကာရာအိုကေဆိုင်တွေမှာ ကာရာအိုကေဆိုရာကနေပြီးတော့ ပြန့်သွားတဲ့ကိစ္စပါ။ ဒီလိုဘာဖြစ်လို့ ပြန့်သွားလဲဆိုတော့ နံပါတ်(၁)က လူစုလူဝေးပေ့ါ။ ကာရာအိုကေဆိုင်တွေမှာဆိုရင် လူတွေများတယ်။ တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေခွာပြီးတော့ နေတယ်ဆိုတာ မရှိဘူး။ နောက်ပြီးတော့ သီချင်းဆိုတဲ့အခါမှာဆိုရင် ဒါဟာ ပိုးမွှားတွေကို ပြန့်အောင်လို့ လုပ်နိုင်တဲ့ အထိရောက်ဆုံးနည်းပဲလို့တောင် ပြောရမလား မသိပါဘူး။ အားလုံးသီချင်း ဆိုကြတယ်။ နောက်ပြီး Microphone တွေကို တစ်ယောက်ပြီး တစ်ယောက်သုံးကြတယ်။ အဲဒီကနေပြီးတော့ ကူးစက်တာတွေ ဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID–19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၇၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၂၂ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၇၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၂၂ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၄၂၂ ဦးအနက် သေဆုံးသူ ၁၄ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၆၂၅ ဦးနှင့် စက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၈၆ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၈၅၄၇၄ | ၂၄၂၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၆၂၅ | ၁၄ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၈၇၅၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၆၂၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၁-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## မြဝတီမြို့ မြန်မာ–ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၂၄ ဦး ဆက်လက်ဝင်ရောက်

မြဝတီ စက်တင်ဘာ ၁၁

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၂၄ ဦးသည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပြည့်စုံ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက် အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက် မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက် မှ ၁၁ ရက်အထိ ၅၂၆၂ ဦး စုစုပေါင်း ၇၆၄၂၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၂၂၄ ဦး ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ၁၁-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၅၈၉၀၂၀ | ၃၈၈၀၇၀၇ | ၁၉၆၃၄၅ |
| ၂။ | အိန္ဒိယ | ၄၅၈၇၇၇၇ | ၃၅၆၂၇၉၁ | ၇၆၅၁၃ |
| ၃။ | ဘရာဇီး | ၄၂၃၉၇၆၃ | ၃၄၉၇၃၃၇ | ၁၂၉၅၇၅ |
| ၄။ | ရုရှား | ၁၀၅၁၈၇၄ | ၈၆၈၁၀၇ | ၁၈၃၆၅ |
| ၅။ | ပီရူး | ၇၁၀၀၆၇ | ၅၄၄၇၆၅ | ၃၀၃၄၄ |
| ၆။ | ကိုလံဘီယာ | ၆၉၄၆၆၄ | ၅၆၉၄၇၉ | ၂၂၂၇၅ |
| ၇။ | မက္ကဆီကို | ၆၅၂၃၆၄ | ၄၅၈၈၅၀ | ၆၉၆၄၉ |
| ၈။ | တောင်အာဖရိက | ၆၄၄၄၃၈ | ၅၇၃၀၀၃ | ၁၅၂၆၅ |
| ၉။ | စပိန် | ၅၅၄၁၄၃ | စိစစ်ဆဲ | ၂၉၆၉၉ |
| ၁၀။ | အာဂျင်တီးနား | ၅၂၄၁၉၈ | ၄၀၀၁၂၁ | ၁၀၉၉၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁ – ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၅၂၉၆၄ | ၁၈၆၆၀၆ | ၄၁၀၈ |
| အင်ဒိုနီးရှား | ၂၁၀၉၄၀ | ၁၅၀၂၁၇ | ၈၅၄၄ |
| စင်ကာပူ | ၅၇၃၁၆ | ၅၆၅၅၈ | ၂၇ |
| မလေးရှား | ၉၈၁၀ | ၉၁၈၁ | ၁၂၈ |
| ထိုင်း | ၃၄၆၁ | ၃၃၁၂ | ၅၈ |
| မြန်မာ | ၂၄၂၂ | ၆၂၅ | ၁၄ |
| ဗီယက်နမ် | ၁၀၆၀ | ၉၀၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၃ | ၂၁ | ၀ |

## မုံရွာမြို့တွင် လမ်းဘေးရေမြောင်းအတွင်း ရောက်ရှိနေသော မိကျောင်းတစ်ကောင် ဖမ်းဆီးရမိ

**မုံရွာ စက်တင်ဘာ ၁၁**

မုံရွာမြို့ ကန်သာဦးရပ်ကွက် (အင်းရွာသစ်) ရတနာလမ်း သပြေပင်တောရကျောင်း၏ အနောက်ဘက်အနီး လမ်းဘေးရေမြောင်းအတွင်း ရောက်ရှိနေသော မိကျောင်းတစ်ကောင်ကို ဖမ်းဆီးရမိကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြောကြားသည်။



ယခုဖမ်းဆီးရမိသော မိကျောင်းတစ်ကောင်သည် အလျားနှစ်ပေရှိကြောင်း၊ အများပြည်သူ ဘေးအန္တရာယ် မဖြစ်စေရန် မီးသတ်တပ်ဖွဲ့က မိကျောင်းရှိရာ ရေမြောင်းကို ပိုက်စိပ်တိုက် ရှာဖွေပြီး ဖမ်းဆီးရေးလုပ်ငန်းများအား ယနေ့နေ့လယ်ပိုင်းတွင် စတင်လုပ်ဆောင်ခဲ့ပါကြောင်း၊ ယခု မိကျောင်းတွေ့ရှိသောနေရာသည် မြောင်းရေအချိန်ပြည့်ရှိနေပြီး အခြားချောင်းမြောင်းများနှင့် ထိစပ်မှုမရှိသည့် ကုန်းတွင်းပိတ် ရေမြောင်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် ယနေ့ ဖမ်းဆီးရမိသော မိကျောင်းအား ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြောကြားသည်။

မွေးကြူဇင်

## ကျောင်းကုန်းမြို့၌ သဘာဝရေပြင်နှင့် အင်းချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်

**ကျောင်းကုန်း စက်တင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်နှင့် အင်းချောင်းများအတွင်း ငါးကောင်ရေ လေးသိန်းခွဲ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သဘာဝ ငါးသယံဇာတများ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်၊ ငါးထုတ်လုပ်မှုများ လျော့နည်းမသွားစေရန်နှင့် ပြည်သူများ ငါးစားသုံးမှု တိုးတက်လာစေရန် ရည်ရွယ်၍ သဘာဝ ရေပြင်နှင့်အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင် ငါးလုပ်ငန်း ဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်နှင့် တာဝန်ရှိသူတို့က ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းခွဲ၊ ငါးခုံးမကြီးကောင်ရေ တစ်သိန်းနှင့် ရွှေဝါငါးကြင်းကောင်ရေ တစ်သိန်းတို့ကို သဘာဝရေပြင်နှင့် အင်းချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပင်လောင်း စက်တင်ဘာ ၁၁**

ရပ်ကွက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် အသိပညာပေးလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာနက ကန်သာဦးရပ်ကွက် ဓမ္မာရုံတွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် အဓိကအချက်ဖြစ်သည့် ခြင်၊ လောက်လမ်းနှိမ်နင်းသည့် လုပ်ငန်းများကို မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဘက်စုံသားဖွား ဆရာမဒေါ်နန်းခင်မြသိန်းက ရှင်းလင်းပြောကြားပြီး မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကိုလည်း ရပ်ကွက်အတွင်း အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ရဲမင်းပိုင် (ပင်လောင်း)




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၉ - ၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၆၅ ကျပ် | ၅၆၅/၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၈၀ ကျပ် | ၅၈၀/၅၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၁၅ ကျပ် | ၅၄၅/၅၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၀၅/၆၃၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၃၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၀ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၇၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၀၉ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၅၅ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၇၂ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၅ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၁၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၂ . ၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၂၀ . ၉၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ . ၅၆၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၈၀၁ | ၇၉၄၅၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၂၅၅ | ၉၅၆၂၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၃ | ၂၈၆၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၂ | ၆၂၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာစာနှင့် ပါဠိ(၄)

## မောင်ခင်မင် (ဓနုဖြူ)

“ဆရာပြောသလို မြန်မာစာ အရေးအသား မပေါ်သေးခင်ကတည်းက မြန်မာတွေက ပါဠိနဲ့ အကျွမ်းတဝင် ဖြစ်နေပြီဆိုတော့ အဲဒီအချိန်ကတည်းက မြန်မာစကားထဲမှာ ပါဠိစကားတွေ ဝင်နေပြီလို့ ဆိုရမှာပေါ့နော်”

“မင်းစဉ်းစားကြည့်လေ။ မြန်မာစာ စရေးတော့မှ ပါဠိစကားလုံးတွေက မြန်မာစကားထဲကို ဗြုန်းခနဲဝင်လာတာမျိုး ဖြစ်နိုင်ပါ့မလား။ စာအရေးအသားဆိုတာ စာမပေါ်ခင်ကတည်းက ရှိနှင့်ပြီးသား ဘာသာစကားကို အက္ခရာနဲ့ ရေးမှတ်တာလေ။ အဲဒီတော့မှ စာပေါ်လာတာ။ စကားက အဲဒီမတိုင်ခင် နှစ်ပေါင်းများစွာကတည်းက ပေါ်နေတာ။ ဒီတော့ မြန်မာစာစပေါ်ကတည်းက ပါဠိစကားလုံးတွေ ပါနေတယ်ဆိုရင် အရင်ကတည်းကရှိနေလို့ပေါ့ကွာ။ ဒါကြောင့် စကားနဲ့စာကို ကွဲကွဲပြားပြား သိဖို့ လိုတယ်လို့ပြောတာပေါ့”

“နားလည်ပါပြီ ဆရာ”

“သက္ကရာဇ် အခိုင်အမာပါတဲ့ ပထမဆုံး မြန်မာစာလို့ ပညာရှင်တွေ သတ်မှတ်တဲ့ ရာဇကုမာရ်ကျောက်စာပဲဖြစ်ဖြစ်၊ သက္ကရာဇ် အခိုင်အမာ မပါပေမဲ့ သူ့ထက်ပိုစောနိုင်တယ်လို့ ယူဆတဲ့ ကျောက်စာတွေပဲဖြစ်ဖြစ် လေ့လာကြည့်ရင် ပါဠိစကားလုံးတွေပါနေတာ တွေ့မှာပါ။ ရာဇကုမာရ်ကျောက်စာကိုပဲကြည့်လေ။ ‘ဘုရားသခင်သာသနာနှစ် ၁၆၂၈ နှစ်’ ဆိုပြီး ခုနှစ်ကို ဖော်ပြရာမှာ ‘သာသနာ’ ဆိုတဲ့ ပါဠိစကားပါလာပြီး ‘သာသန’ ဆိုတဲ့ ပါဠိစကားကို ‘သာသနာ’ လို့ အသံပြောင်းသုံးနေပြီ။ ပုဂံကို ‘အရိမဒ္ဒနပုရ်’ လို့ ခေါ်နေပြီ။ အဲဒီမှာလဲ ‘ပြည်’ လို့ အဓိပ္ပာယ်ရတဲ့ ‘ပုရ’ကို ‘ပုရ်’ လို့ အသတ်သံကလေးထည့်နေပြီ။ အလှူရှင်ရဲ့နာမည် ‘ရာဇကုမာရ’ ကလဲ ‘ရာဇကုမာရ်’ ဖြစ်နေပြီ။ သံဃာတော်တွေရဲ့ ဘွဲ့တွေကိုကြည့်ရင် ‘ဗြဟ္မပါလ’ကို ‘ဗြဟ္မပါလ်’ တဲ့။ ‘သောန’ကို ‘သောန်’ တဲ့၊ ‘ပဏ္ဍိတ’ ကို ‘ပဏ္ဍိတ်’ တဲ့။ အသတ်သံပြောင်းပြီး မွေးစားယူတဲ့စနစ်ဟာ မြန်မာစာမပေါ်ခင်ကတည်းက အသားကျနေပြီလို့ ဆိုရမှာပေါ့။ ဒါသိသာရုံ ပြောတာပါ။ ပုဂံကျောက်စာတွေကို အသေးစိတ်လေ့လာကြည့်ရင် ပါဠိစကားလုံးတွေကို မြန်မာစကားထဲရောက်အောင် ဘယ်လိုသွတ်သွင်းမွေးစားယူတယ်ဆိုတာ သဘောပေါက်မှာပါ”

“နားလည်ပါပြီ ဆရာ”

“ပါဠိစကားလုံးတွေကို မွေးစားရာမှာ မူရင်းအတိုင်းဖြစ်ဖြစ်၊ အသံအတိုအရှည်လောက်ပြောင်းပြီးတော့ပဲဖြစ်ဖြစ် မွေးစားတာမျိုးလဲ ရှိတယ်။ ‘သာသနာ၊ စေတနာ၊ ပါရမီ၊ သမာဓိ၊ သင်္ဃာ’ လို စကားလုံးတွေပေါ့”

“ဟုတ်ကဲ့”

“နောက်တစ်မျိုးကတော့ ‘စေတီယ’ ကို ‘စေတီ’၊ ‘အရဟန္တ’ကို ‘ရဟန်း’၊‘ပဟာရ’ကို ‘ပဟိုရ်’၊ ‘ဓမ္မသာလာ’ကို ‘ဓမ္မသာ’ ဆိုတာမျိုး မူလစကားလုံးကို တော်တော်ပြောင်းလဲပြီး မွေးစားတာမျိုးပဲ”

“ဟုတ်ကဲ့ပါ”

“အခုပြောတာက တို့ဆွေးနွေးနေတာ ပါဠိအကြောင်းမို့ ပါဠိစကားလုံးတွေပဲ ကွက်ပြောတာလေ။ ပုဂံခေတ်မှာ သက္ကတဘာသာဆီက မွေးစားယူထားတဲ့စကားလုံးတွေတော့ ထည့်မပြောတော့ဘူးနော်”

“နားလည်ပါတယ် ဆရာ”

“ဒီနေရာမှာ စိတ်ဝင်စားစရာ ကောင်းတာတစ်ခုက ပါဠိစကားလုံးတွေကို မွေးစားရာမှာ ဂ၊ ဃ၊ ဇ၊ ဈ၊ ဒ၊ ဓ၊ ဗ၊ ဘ ဆိုတဲ့ အသံပြင်းပြင်းဆိုရတဲ့ ဗျည်းတွေ၊ အဲ-ဃောသသံလို့ ခေါ်တာပေါ့။ အဲဒီ ဃောသသံတွေကို ဒီအတိုင်းမယူဘဲ အသံပျော့ပျော့ဆိုရတဲ့ က၊ ခ၊ စ၊ ဆ၊ တ၊ ထ၊ ပ၊ ဖ ဆိုတဲ့ အဃောသသံတွေအဖြစ် ပြောင်းပြီးမွေးစားကြတယ်ဆိုတဲ့ အချက်ပဲ”

“ဟင်၊ ဟုတ်လားဆရာ။ အဲဒီအကြောင်းရှင်းပြပါဆရာ။ ကျွန်တော် မသိပါဘူး”

“ဒါက ပုဂံကျောက်စာအရေးအသားတွေမှာ အထင်အရှား တွေ့ရတယ်လေ။ မင်းသတိထားပြီး လေ့လာကြည့်ရင် သိမှာပါ။ နမူနာပြောရရင် ‘ကမ္ဘာ’ကို ‘ကံမာ’ လို့အသံပြောင်းပြီးမွေးစားတယ်။ ‘သင်္ဃာ’ကို ‘သင်္ခါ’ တဲ့၊ ‘ဇယ’ ကို ‘ စယ်’ တဲ့၊ ‘ဒသ’ ကို ‘တသ’ တဲ့။ ‘ဓမ္မ’ ကို ‘ထမ်မ’ တဲ့။ ‘ဗလ’ ကို ‘ပိုဝ်’ တဲ့။ ‘ဘဝဂ်’ကို ‘ဖဝဂ်’ တဲ့။ အဲဒီလိုဃောသကို အဃောသအဖြစ် ပြောင်းယူပြီး မွေးစားတဲ့စနစ်ကို ပုဂံကျောက်စာတွေမှာ တွေ့နိုင်တယ်”

> **“ဒီနေရာမှာ စိတ်ဝင်စားစရာကောင်းတာတစ်ခုက ပါဠိစကားလုံးတွေကို မွေးစားရာမှာ ဂ၊ ဃ၊ ဇ၊ ဈ၊ ဒ၊ ဓ၊ ဗ၊ ဘ ဆိုတဲ့ အသံပြင်းပြင်းဆိုရတဲ့ ဗျည်းတွေ၊ အဲ- ဃောသသံလို့ ခေါ်တာပေါ့။ အဲဒီ ဃောသသံတွေကို ဒီအတိုင်းမယူဘဲ အသံပျော့ပျော့ဆိုရတဲ့ က၊ ခ၊ စ၊ ဆ၊ တ၊ ထ၊ ပ၊ ဖ ဆိုတဲ့ အဃောသသံတွေအဖြစ် ပြောင်းပြီး မွေးစားကြတယ်ဆိုတဲ့ အချက်ပဲ”**

“ဘာဖြစ်လို့ အဲဒီလိုပြောင်းတာလဲ ဆရာ”

“ပညာရှင်တွေ ယူဆတာကတော့ ပုဂံခေတ်က မြန်မာတွေဟာ အဲဒီလိုပါဠိမှာရှိတဲ့ အသံပြင်းပြင်းဆိုရတဲ့ အသံတွေကို မရွတ်ဆိုနိုင်လို့၊ ဒါမှမဟုတ် မရွတ်ဆိုချင်လို့၊ မြန်မာစကားမှာ အဲဒီအသံတွေ ရွတ်ဆိုနေကျမဟုတ်လို့။ အဲဒီလိုအသံပြောင်းပြီး မွေးစားတယ်လို့ ယူဆကြတယ်”

“ဟုတ်ကဲ့ဆရာ၊ မှတ်သားထားပါ့မယ်”

“အဲဒီဃောသသံတွေဟာ ပါဠိစကားအတွက် ပဓာနကျပေမဲ့ မြန်မာစကားမှာတော့ အဲဒီအသံတွေဟာ ပဓာနမကျဘူး။ အသံချင်း ဆက်စပ်ပြီး ပြောတော့မှ အသံပြောင်းလာတာတွေ များတယ်လို့လဲ ပညာရှင်တွေရဲ့ အယူအဆရှိတယ်။ ဆက်ပြီး လေ့လာစရာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ ဆရာ”

“အဲဒီလို ပါဠိစကားလုံးတွေကို အသံဖလှယ်ပြီး မွေးစားယူခဲ့ကြသလို ဘာသာပြန်ပြီး မွေးစားတာတွေလဲရှိတယ်ကွဲ့”

“ဟုတ်ကဲ့၊ သဗ္ဗညုတကို သိစပ်မြင်နှံ့လို့ ဘာသာ ပြန်တယ်လို့ လေ့လာခဲ့ရဖူးပါတယ်ဆရာ”

“ဟုတ်တယ်၊ အဲဒါမျိုးပေါ့။ ‘အနိစ္စ’ ကို ‘အတည်မရှိ၊ အတည်မဲ့’၊ ဇာတိ ဇရာ မရဏကို ‘အဖြစ်အိုမင်းသေခြင်း’၊ ‘မောဟ၊ ဒေါသ၊ လောဘ’ ကို ‘အမိုက်အမျက်ရမက်’၊ ‘ကုလပုတ္တ’ကို အမျိုးသား၊ ကုလဓိတာကို အမျိုးသမီးဆိုတာမျိုးတွေပေါ့။ ထင်ရှားတာကတော့ အာမနာကျောင်းကျောက်စာမှာ သိင်္ဃသူ့သမီးက ဓမ္မစကြာမှာပါတဲ့ ဒုက္ခသစ္စာကို မြန်မာဘာသာပြန်ထားတာပဲ”

“ကျွန်တော်ဖတ်ဖူးပါတယ် ဆရာ”

“ဇာတိပိဒုက္ခာကို ဖြစ်သောဆင်းရဲ၊ ဇရာပိဒုက္ခာကို အိုမင်းသောဆင်းရဲ၊ ဗျာဓိပိ ဒုက္ခာ … ဝေဒုက္ခာကို ချစ်သောသူနှင့် ကွေကွင်းသောဆင်းရဲစသည်ဖြင့် ဘာသာပြန်ထားတာ အင်မတန် ရှင်းလင်းပါတယ်”

“ဟုတ်ကဲ့ပါ”

“သြော် မေ့လို့၊ ပြောရအုံးမယ်။ ရာဇကုမာရ်ကျောက်စာမှာ ရာဇကုမာရ်က ကျန်စစ်သားမင်းကြီးအတွက် ရွှေဘုရားသွန်းလုပ်ပြီး သံဃာတော်တွေပင့်ပြီး မင်းကြီး ရေစက်ချရတော့ မင်းကြီးက သာဓုခေါ်တယ် မဟုတ်လား။ အဲဒီ ‘သာဓု သာဓု’ ဆိုတဲ့ စကားကို မင်းကြီးက ‘ကောင်းလှျင်းတည်း ကောင်းလှျင်းတည်း’ လို့ မြန်မာဘာသာပြန်ပြီး ပြောတာလေ”

“ဟုတ်ကဲ့ပါ၊ မှတ်မိပါတယ်ဆရာ”

“နောက်တစ်မျိုးကတော့ ပါဠိကို သီးသန့် ဘာသာပြန်တာ မဟုတ်ဘဲ ပါဠိလိုတစ်ချက်၊ မြန်မာလိုတစ်ချက် ယှဉ်တွဲပြီး ဘာသာပြန်တာပဲ”

“နိဿယ ဘာသာပြန်ပေါ့နော်ဆရာ”

“ဟုတ်တယ်။ ပုဂံခေတ်မှာ ပါဠိကျမ်းဂန်တွေ ရေးသားပြုစုကြသလို နိဿယဘာသာပြန်တဲ့ အလေ့လဲ စတင်နေပြီလို့ဆိုနိုင်တဲ့ အထောက်အထားရှိတယ်”

“ကျောက်စာ အထောက်အထားလား ဆရာ”

“ဟုတ်တယ်။ သက္ကရာဇ် ၆၂၃ ခုမှာ ဇေယျသူငွေး ဇနီးမောင်နှံ အလှူပြုတဲ့အကြောင်း မှတ်တမ်းတင်ထားတဲ့ ကျောက်စာရှိတယ်။ အဲဒီမှာ ဟောဒီစာသားပါတယ်။ မင်းကျောက်စာ ဖတ်တတ်သားပဲ ဖတ်ကြည့်စမ်း”

“ဟုတ်ကဲ့၊ ‘ဒါယကာမောင်နှံနှစ်ယောက်သည် ဆနဂုတိရောဂါ ကိုးဆယ်ခြောက်ပါးသောအနာ၊ ဗတ္တိံသကမ္မာ ကြမ္မာ ၃၂၊ ပဉ္စဝီသတိဘယာ၊ ဘေး ၂၅ ပါး၊ ဤမျှသောအနာ သံသရာဆင်းရဲခပ်သိမ်းကင်းသော သဗ္ဗညုတဘုရားဆုကို လိုချင်သောကြောင့်…”

“ဟုတ်ပါပြီ။ အဲဒီမှာ ရောဂါဝေဒနာတွေအကြောင်းကို ပါဠိတစ်ချက်၊ မြန်မာတစ်ချက် ရေးထားတာ နိဿယအရေးအသားပေါ့ကွယ်။ နောက်ခေတ်တွေကျတော့ ပါဠိမြန်မာနိဿယ အရေးအသားတွေ ထွန်းကားလာတယ်လေ”

“ဟုတ်ကဲ့ပါဆရာ၊ မြင်ကွင်းတော်တော်ကျယ်လာပါပြီ”

“အေး…ပါဠိဘာသာစကားနဲ့ မြန်မာဘာသာစကားထိတွေ့ရတဲ့အတွက် ပါဠိစကားလုံးတွေကို အသံလှယ်ပြီး မွေးစားတာ၊ ဘာသာပြန်ပြီး မွေးစားတာ၊ ပါဠိတစ်ချက်၊ မြန်မာတစ်ချက် နိဿယပြန်ပြီး သိမ်းသွင်းယူတာတွေဟာ ထင်ရှားတဲ့လက္ခဏာတွေပေါ့ကွယ်၊ ကဲ… ဆက်ကြသေးတာပေါ့”။ ။

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ဂျိမ်းစ်ဘွန်းနှင့် Game of Thrones တို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ဒိုင်ယာနာရစ်ဂ် အသက် ၈၂ နှစ်တွင် သေဆုံး

ဂျိမ်းစ်ဘွန်းမင်းသမီးအဖြစ် သရုပ်ဆောင်ခဲ့သူ၊ The Avengers နဲ့ နာမည်ကျော် Game of Thrones စီးရီးတို့မှာ ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသမီးကြီး ဒိမ်းဒိုင်ယာနာရစ်ဂ်ျဟာ အသက် ၈၂ နှစ်မှာ သေဆုံးသွားပြီပဲဖြစ်ပါတယ်။ သူဟာ ကင်ဆာရောဂါနဲ့ သေဆုံးခဲ့ပြီး သေဆုံးချိန်မှာတော့ မိသားစုဟာ အနားမှာရှိနေခဲ့တယ်လို့ သိရပါတယ်။

ဒိုင်ယာနာရစ်ဂ်ျ ကင်ဆာရောဂါခံစားနေရကြောင်း မတ်လအတွင်းကမှစပြီး သိရှိခဲ့ရတာပါ။ သူဟာ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်တွေမှာ The Avengers မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး Game of Thrones စီးရီးမှာတော့ အိုလန်နာတိုင်ရဲလ်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ သူဟာ ရုပ်ရှင်သက်တမ်းတစ်လျှောက်မှာ ဘတ်ဖ်တာ၊ တိုနီနဲ့ အမ်မီဆုအပါအဝင် တခြားဆုတွေကို ပိုင်ဆိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ Game of Thrones စီးရီးမှာတော့ သူဟာတိုင်ရဲလ်အိမ်တော်က မျိုးနွယ်စုခေါင်းဆောင်အကြီးအကဲအဖြစ် သရုပ်ဆောင်ခဲ့ပြီး လုပ်ကွက်တွေလည်း အများကြီး ရခဲ့ပါတယ်။ သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ နာမည်ကျော် ရုပ်ရှင်ကားတွေကတော့ The Hospital၊ A Midsummer Night’s Dream၊ A little Night Music၊ Evil Under The Sun နဲ့ A Good Man in Africa တို့ပဲ ဖြစ်ပါတယ်။

**စကိုင်းနယူးစ်**



ရုပ်ရှင်မင်းသမီးကြီး ဒိမ်းဒိုင်ယာနာရစ်ဂ်ျ

### အင်ဂျလီနာဂျိုလီ အံ့အားသင့်ဖွယ် လှူဒါန်းမှုပြုလုပ်

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီဟာ ဗြိတိန်ကလေးနှစ်ဦးကို အမည်မဖော်ဘဲ ငွေကြေးလှူဒါန်းမှု ပြုလုပ်ခဲ့ပါတယ်။ ဗြိတိန်ကျောင်းသားလေးများဖြစ်ကြတဲ့ အသက်ခြောက်နှစ်အရွယ် အေယန်းမိုဆာနဲ့ မကိုင်ရယ်အစ်ဆာတို့ဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်တွေ့နေရတဲ့ ယီမင်နိုင်ငံက ပြည်သူတွေကို လှူဒါန်းဖို့ဆိုပြီး သံပရာရည်ဖျော်ပြီး ဈေးရောင်းချခဲ့ပါတယ်။ လွန်ခဲ့တဲ့သုံးပတ်လောက်က အင်ဂျလီနာဂျိုလီဟာ ကိုယ်စားလှယ်ကနေတစ်ဆင့် ကလေးတွေဆီ ဆက်သွယ်ပြီး ငွေကြေးလှူဒါန်းမှု ပြုလုပ်ခဲ့တယ်လို့ အေယန်းမိုဆာရဲ့ဖခင် အသက် ၃၇ နှစ်အရွယ် ရှာခေးမိုဆာက ပြောပါတယ်။ ဂျိုလီဟာ ကလေးတွေဆီ စာရေးသားခဲ့ပြီး အဲဒီစာထဲမှာ ကလေးတွေရဲ့ ကြိုးပမ်းမှုအတွက် ကျေးဇူးတင်ကြောင်း၊ ဖျော်ရည်တွေကို ဝယ်ဖို့ လူကိုယ်တိုင် မလာရောက်နိုင်တဲ့အတွက် ခွင့်လွှတ်ပါလို့ ရေးသားခဲ့ပါတယ်။

ဂျိုလီရေးသားခဲ့တဲ့စာကိုတော့ အင်စတာဂရမ်မှာ တင်ထားခဲ့ပါတယ်။ အင်ဂျလီနာဂျိုလီဟာ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မဟာမင်းကြီးရုံးက ခန့်အပ်ထားတဲ့ အထူးကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး သူဟာ အရှေ့အလယ်ပိုင်းနိုင်ငံတွေရဲ့ ပဋိပက္ခတွေနဲ့ ဆင်းရဲမွဲတေမှုတွေကို ထုတ်ဖော်ပြောကြားခဲ့သူလည်း ဖြစ်ပါတယ်။

**စကိုင်းနယူးစ်**



ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီ

### ပန်ဆိုင်း(ကြူကုတ်)မြို့၌ မသန်စွမ်းသူ ၄၇ ဦးအား ထောက်ပံ့ငွေပေးအပ်

**ပန်ဆိုင်း စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်း(ကြူကုတ်)မြို့ နယ်စပ်ဒေသ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စက်တင်ဘာ ၉ ရက်က ပန်ဆိုင်းမြို့ပေါ်နှင့် ကျေးရွာများအတွင်းရှိ မသန်စွမ်းသူစုစုပေါင်း ၄၇ ဦးအား အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါထောက်ပံ့ငွေများကို ပန်ဆိုင်း(ကြူကုတ်) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇာနည်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစာရေးတို့က ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၁၄ သိန်းကျော်ကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ပေးအပ်ခြင်းဖြစ်သည်။

**သန်းမိုးခိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၂ မှ*

| လူနာ အမှတ်စဉ် | အသက် (နှစ်) | ကျား / မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 2227 | ၁၄ | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2228 | ၄၅ | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2229 | ၂၇ | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2230 | ၁၈ | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2231 | ၅၆ | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2232 | ၂၂ | မ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2233 | ၁၈ | မ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2234 | ၆၀ | မ | သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2235 | ၅၄ | ကျား | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2236 | ၇ | ကျား | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2237 | ၃၆ | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2238 | ၆၂ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2239 | ၄၇ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2240 | ၃၈ | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2241 | ၄၃ | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2242 | ၃၇ | ကျား | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2243 | ၂၆ | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2244 | ၃၃ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2245 | ၅၄ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2246 | ၃၆ | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2247 | ၂၈ | ကျား | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2248 | ၃၄ | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2249 | ၂၃ | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2250 | ၈ လ | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2251 | ၄ | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2252 | ၄၅ | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2253 | ၃၃ | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2254 | ၄၀ | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2255 | ၂၉ | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 2256 | ၃၁ | ကျား | သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 2257 | ၃၃ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 2258 | ၂၇ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 2259 | ၄၁ | ကျား | သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 2260 | ၉၀ | မ | မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 2261 | ၃၂ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 2262 | ၄၂ | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်္ဃန်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 2263 | ၃၅ | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 2264 | ၃၇ | ကျား | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | နိုင်ငံခြားသို့ သွားရောက်ရန် ကျန်းမာရေး စစ်ဆေးခြင်း |
| 2265 | ၄၉ | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | နိုင်ငံခြားသို့ သွားရောက်ရန် ကျန်းမာရေး စစ်ဆေးခြင်း |

* Stay at Home သတ်မှတ်ထားသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

# အာဆီယံ လူမှုရေးနှင့်ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်များနှင့် တီမောလက်စတေနိုင်ငံတို့ ပြုလုပ်သည့် အွန်လိုင်းအစည်းအဝေးသို့ MRTV မှ ဝန်ထမ်းများတက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၁**

အာဆီယံ လူမှုရေးနှင့်ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် (ASEAN Social-Cultural Community-ASCC)ရှိ သက်ဆိုင်ရာ Sectoral Body များနှင့် တီမောလက်စတေနိုင်ငံတို့အကြား တီမောလက်စတေနိုင်ငံ၏ အာဆီယံအဖွဲ့ တင်းပြည့်အဖွဲ့ဝင်ဖြစ်မြောက်ရေး အဆိုပြုချက်နှင့် စပ်လျဉ်းပြီး မျက်နှာစုံညီ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ ရက်နှင့် ၁၀ ရက်တို့တွင် အွန်လိုင်းဖြင့် ပြုလုပ်သည်။

ကျင်းပခဲ့သော အစည်းအဝေးများဖြစ်သည့် ပြန်ကြားရေးကဏ္ဍနှင့် သက်ဆိုင်သည့် Session III Sectoral Session on Cultural, Information, Civil Services, and Health တို့တွင် ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေး (SOMCA)၊ အလုပ်သမား အဆင့်မြင့် အရာရှိကြီးများ အဆင့်အစည်းအဝေး (SLOM)၊ ပြည်သူ့ဝန်ထမ်းရေးရာဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေး အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (ACCSM SOM)၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေး (SOMHD) များသို့ တီမောလက်စတေနိုင်ငံ နိုင်ငံခြားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ အလုပ်သမား၊ ပြည်သူ့ဝန်ထမ်းနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ပြန်ကြားရေးအဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတွင် (SOMRI-Myanmar) ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများက လေ့လာသူများအဖြစ် ပါဝင်တက်ရောက်ကြသည်။

တီမောလက်စတေနိုင်ငံသည် အာဆီယံ၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်မြောက်ရေးအတွက် ၂၀၁၁ ခုနှစ်က စတင်လျှောက်ထားအဆိုပြုခဲ့ပြီး အာဆီယံနိုင်ငံများရှိ ASCC Pillar ၏ Sectoral Body များက စိစစ်မေးမြန်းထားသည့်မေးခွန်းများ (Questionnaires) အား အထောက်အထားနှင့်တကွ ပြန်လည်ဖြေကြားခြင်း၊ Sectoral Body များကလည်း တီမောလက်စတေနိုင်ငံ အခြေအနေနှင့် စပ်လျဉ်း၍ စိစစ်သုံးသပ်ရခြင်းများ ပြုလုပ်ရန် တာဝန်ယူရပြီး ၎င်းတို့၏ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေးများ (SOM Level Meeting) တွင် Agenda တစ်ရပ်အနေဖြင့် ယင်းကိစ္စအား ထည့်သွင်းဆွေးနွေးကြကာ SOM Level အဆင့် သဘောတူညီမှုရယူလေ့ရှိကြသည်။

ထို့နောက် တီမောလက်စတေနိုင်ငံ၏ ဖြေကြားချက်များအပေါ် Sectoral Body များ အဆင့်ဆင့် ပြန်လည်စိစစ်ခြင်းကို ယခုနှစ် ဧပြီလလယ်ခန့်က အဆုံးသတ်ခဲ့ပြီး ယခုနှစ် ဇွန် ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့် (၂၈)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှု အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (28th SOCA Meeting) တွင် ASCC Sectoral Body များနှင့် တီမောလက်စတေနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် မျက်နှာစုံညီ အစည်းအဝေးတစ်ရပ် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရန် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးကို တာဝန်ပေးခဲ့ရာ ၎င်း၏ အဆက်အဖြစ် ယခုကဲ့သို့ အွန်လိုင်းဖြင့် အစည်းအဝေး ပြုလုပ်ကာ ပြန်လည်သုံးသပ် အတည်ပြုခြင်း၊ မရှင်းလင်းသည့် အချက်များအား ပြန်လည်မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ကြခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် SOMRI (ပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့်) အနေဖြင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ (MIL)ဖွံ့ဖြိုးတိုးတက်မှုနှင့် သတင်းမှားများ လျှော့နည်းပပျောက်ရေးဆိုင်ရာများ၊ ရုပ်သံအစီအစဉ်များနှင့် သတင်းမီဒီယာသမားများ အပြန်အလှန်ဖလှယ်ရေးကဏ္ဍ၊ ရုပ်ရှင်၊ ဂီတ၊ တီဗွီ၊ ရေဒီယိုနှင့် Online Media နယ်ပယ်များတွင် အာဆီယံအဆင့် ပူးပေါင်းထုတ်လုပ်ခြင်း၊ သတင်းမီဒီယာသမားများအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး၊ ရုပ်သံကဏ္ဍ Digital နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လူငယ်လူရွယ်များ၊ ကျေးလက်နေပြည်သူများအပါအဝင် မသန်စွမ်းသူများအားလုံးအတွက် သတင်းအချက်အလက်များရပိုင်ခွင့် အခြေအနေ ပိုမိုတိုးမြှင့်နိုင်ရေး၊ ရုပ်သံမီဒီယာကဏ္ဍအတွက် ချမှတ်ထားသည့် ဥပဒေ/ နည်းဥပဒေများအကြောင်း၊ Media Infrastructures အား အဆင့်မြှင့်တင်နိုင်မည့်အစီအစဉ်များ၊ တီမောလက်စတေနိုင်ငံအနေဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်-နေပြည်တော် အမြန်လမ်း (၀) မိုင်တိုင်တိုးဂိတ်၌ မော်တော်ယာဉ်နှင့် ခရီးသည်များအား ဝင်ထွက်သွားလာခွင့် စိစစ်ကြပ်မတ်နေသည်ကို တွေ့ရစဉ်။

# ကိုဗစ်- ၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မိုးစပါး မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေး

လှိုင်လင် စက်တင်ဘာ ၁၁

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မိုးစပါး မျိုးကောင်းမျိုးသန့် (RS-CS) မျိုးစေ့ထုတ်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ လှိုင်လင်မြို့နယ် မိုင်းပွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁)တွင် ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် လှိုင်လင်မြို့နယ် ဒုတိယဦးစီးမှူးများ၊ ကွင်းဝန်ထမ်းများနှင့် မျိုးစေ့ထုတ်တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းစောမြက မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေး လုပ်ငန်းများဖြစ်သည့် မျိုးကွဲနုတ်ပယ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ မျိုးစေ့နမူနာယူခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်၍ အချိန်ကိုက်အချိုးကျ သုံးစွဲခြင်းနည်းလမ်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် လှိုင်လင်မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများသည် လှိုင်လင်မြို့နယ် မိုင်းပွန်ကျေးရွာအုပ်စု ကွင်းအမှတ်(၁)၊ တောင်သူဦးအုန်းပွင့်၏ (DU-12. RS-C5) မျိုးစေ့ထုတ်စိုက်ခင်းတွင် နုတ်ပယ်ရမည့် ပေါင်းပင်များ၊ မျိုးကွဲအပင်များ၊ ဆန်နီဖြစ်ပေါ်စေသည့် စပါးရိုင်းပင်များနှင့် ကွင်းဆင်းစစ်ဆေးခြင်း နည်းလမ်းများကို တောင်သူများအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

# ရန်ကုန်မြို့အဝင်ယာဉ်များ အမြန်လမ်း (၀) မိုင်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

ကိုဗစ်-၁၉ ကို ရင်ဆိုင်နေရသော ရန်ကုန်မြို့တွင် အမှတ် (၃) လမ်းဆုံ အမြန်လမ်းရှိ (၀) မိုင်တိုးဂိတ်သို့ ဝင်ရောက်လာသော ခရီးသွားများအား အပူချိန်တိုင်းတာခြင်းနှင့် ခရီးသွားမှတ်တမ်း စစ်ဆေးခြင်းတို့ကို အထူးကြပ်မတ်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်ဝင်ရောက်လာချိန် ဩဂုတ်လကုန်ပိုင်းမှစ၍ အမြန်လမ်းတိုးဂိတ်တွင် ကျန်းမာရေးစစ်ဆေးမှုကို ပြန်လည်ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ တားဆီး၊ ထိန်းချုပ်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရာတွင် မြို့အဝင်ယာဉ်များနှင့် ခရီးသွားများ၏ မှတ်တမ်းယူခြင်းနှင့် ကိုယ်အပူချိန်တိုင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်လာသော ခရီးသွားများအား (၀) မိုင်တိုးဂိတ်မှ မှော်ဘီမြို့နယ်ရှိ စောင့်ကြည့်ရေးစခန်းတွင် သွားလာကန့်သတ်မှု စောင့်ကြည့်ခံဝင်ရောက်ရန် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"ခရီးသွားတွေကို အပူချိန်တိုင်းခြင်းနဲ့ ခရီးသွားမှတ်တမ်း စစ်ဆေးခြင်းကို ပုံမှန်စစ်ဆေးဆောင်ရွက်နေပါတယ်။ နိုင်ငံတော်က ၂၈ မြို့နယ် Stay at home ကြေညာထားတာဖြစ်တဲ့အတွက် အိမ်မှာပဲနေစေလိုပါတယ်"ဟု လှည်းကူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်က ပြောသည်။

ရန်ကုန်မြို့အဝင် တိုးဂိတ်ရှိ ကျန်းမာရေးစစ်ဆေးရေး စခန်းသို့ ခရီးသွားယာဉ်များ ဝင်ရောက်ရာ၌ ထိုင်းနိုင်ငံမှ ပြန်ရောက်လာသူများကို အဆိုပါနေရာမှ သက်ဆိုင်ရာစောင့်ကြည့်ရေးစခန်းတွင် သွားလာကန့်သတ်မှု စောင့်ကြည့်ဝင်ရောက်ရန် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် လေးဦးပို့ဆောင်ခဲ့ကြောင်းသိရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမည့် အရေးကြီးလူနာများကိုလည်း အမြန်လမ်း (၀) မိုင်တိုးဂိတ်သို့ပို့ဆောင်၍ ထိုမှတစ်ဆင့် အရေးပေါ်ကယ်ဆယ်ရေး ပရဟိတယာဉ်များနှင့် ချိတ်ဆက်ကာ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"အရင်က ဝင်ရောက်လာတဲ့ ခရီးသွားတွေကို စက်နဲ့ အပူချိန်တိုင်းပြီး ဆောင်ရွက်တယ်။ အခု ယာဉ်အဝင်အထွက် စာရင်းနဲ့ ခရီးသွားမှတ်တမ်းကောက်ယူခြင်းကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။ မနက်ပိုင်းမှာ ကိုယ်အပူချိန်တိုင်းတာမှုကို လုပ်ဆောင်ပြီး နေ့လယ်ပိုင်းမှာ လူဦးရေစာရင်းနဲ့ ယာဉ်အဝင်အထွက်ကို စာရင်းကောက်ယူမှု ဆောင်ရွက်ပါတယ်။ အထူးသတိပြု သင့်တာက ရောဂါကို အထင်မသေးဘဲနဲ့ အိမ်မှာပဲ နေစေလိုပါတယ်။ ရောဂါအခံရှိသူတွေ သတိထားရမယ့်အချိန်လည်း ဖြစ်တယ်။ ကိုယ်တိုင် ဆီးချို၊ သွေးတိုးရှိပေမယ့် အလုပ်တာဝန်နဲ့ အချိန်အခါ ကျရောက်လာတာကြောင့် တာဝန်ကိုပဲ ဦးစားပေးရပါတယ်။ ပြီးတော့ ကျန်းမာရေးအဖွဲ့ ဘဝတူတွေကို အားတင်းထားပါလို့ ပြောချင်ပါတယ်။ ပြည်သူတွေ အသိ၊ သတိထားပြီး ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါလို့လည်း မေတ္တာရပ်ခံလိုပါတယ်"ဟု အမြန်လမ်း (၀) မိုင် ခြောက်ဖာလုံတွင် တာဝန်ထမ်းဆောင်နေသော လှည်းကူးမြို့နယ် ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမ ဒေါ်နှင်းရည်ဝင်းက ပြောသည်။

အမြန်လမ်းမှ ရန်ကုန်မြို့သို့ ခရီးသွားယာဉ်များ ယခုရက်ပိုင်းအတွင်း ဝင်ရောက်မှုလျော့ကျသွားပြီး မဖြစ်မနေ သွားလာရမည့် ခရီးသွားများသာ လာရောက်နေကြခြင်းဖြစ်သည်။ ရောဂါကူးစက်ပျံ့နှံ့မှုအား တားဆီးထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အရေးပေါ်ကိစ္စရပ်များမှအပ ပြည်တွင်းခရီးသွားလာခြင်းကို မပြုကြရန်နှင့် မဖြစ်မနေ ခရီးသွားရောက်ရန်ရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ အသိပေးထားသည်။ **သတင်း-သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**


**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး**
**အဆောက်အအုံဟောင်းများ ဖျက်သိမ်းရှင်းလင်းရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ Korea- Myanmar Industrial Complex (KMIC) စက်မှုဇုန်စီမံကိန်း၊ မြေဧရိယာ ၅၅၁ ဒသမ ၈၁ ဧကပေါ်ရှိ အဆောက်အအုံဟောင်းများကို မျက်မြင်အခြေအနေအတိုင်း ဖျက်သိမ်းရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - ၁၄-၉-၂၀၂၀ မှ ၁၆-၉-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** | - မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် |
| (ဂ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** | - ၂၅-၉-၂၀၂၀ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးတင်သွင်းရန် |
| (ဃ) | **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** | - ဌာနမှ တင်ဒါတင်သွင်းသူများသို့ ဆက်သွယ် အကြောင်းကြားပါမည်။ |

၂။ တင်ဒါ လျှောက်လွှာ လက်ခံမည့် သတ်မှတ်ထားသောရက်နှင့် အချိန်ထက် နောက်ကျရောက်ရှိလာသော တင်ဒါလျှောက်လွှာများ အားလက်ခံစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း- ၀၁-၃၇၅၀၃၇၊ ၀၁- ၃၈၇၆၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် TNI/1928 Pcx 150 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင် ၆/လလန(နိုင်)၀၁၆၃၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ထားဝယ်)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6B/4465 Nissan Diesel Tractor Head ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သီတာစိုး ၃/ဘအန(နိုင်)၁၅၂၆၆၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး/ပျက်စီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7A/6024 , Toyota Hilux P/U ယာဉ် လက်ဝယ်ရှိသူ ဒေါ်ညိုညိုထွေး ၃/ဘအန(နိုင်)၀၂၇၉၆၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၈၉၁)၊ မြေကွက်တည်နေရာအမှတ် (၈၉၁)၊ ဦးကြင်ဥ ၃ လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအန်ထွန်း(ခ)ဝီလျှံ အန်ထော်နီ၊CF-၁၀၈၉၂၄ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မြေအား ဂရန်အမည်ပေါက် ဦးအန်ထွန်း(ခ)ဝီလျှံ အန်ထော်နီ ကွယ်လွန်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရို(စ်)မေရီ ၁၂/မဂတ(နိုင်)၀၂၅၀၂၇ မှ ကွယ်သူခင်ပွန်းနှင့် မိမိတို့သည် အိန္ဒိယလူမျိုး ခရစ်ယာန်ဘာသာ ကိုးကွယ်သူများဖြစ်ကြပြီး ကွယ်လွန်သူခင်ပွန်းတွင် မိမိမှလွဲ၍ အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူမကွယ်လွန်မီ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မည်သည့် သေတမ်းစာ တစ်စုံတစ်ရာမျှ ရေးသားခဲ့ခြင်းမရှိကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8G/5613 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန (နေပြည်တော်)**

**အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း**

DEALER COMPANY LIMITED ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာ (၅၀၀၀၀)စု တန်ဖိုးငွေ (၅၀၀,၀၀၀,၀၀၀/-) ကျပ်တိတိမှ အစုရှယ်ယာ (၂၀၀၀၀) စု တန်ဖိုးငွေ (၂၀၀,၀၀၀,၀၀၀/-)ကျပ်သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ် လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**DEALER COMPANY LIMITED**

**မွေးသက္ကရာဇ်အမှန်**

ကျိုက်လတ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ လေးအိမ်တန်းနေ ဦးမြဝင်း၏သား မောင်ခန့်ဖြိုးဟန် ၁၄/ ကလန(နိုင်) ၁၇၂၆၃၀ ၏မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၁-၁၉၉၈ ဖြစ်ပါကြောင်း။

**မိဘအမည်မှန်**

ဟိုပန်မြို့၊ အထက (ဟိုပန်) ဆဋ္ဌမတန်းမှ မောင်အိုက်ဖိုင်း၏ မိဘအမည်မှန်မှာ ဦးဂျိုးဇက် ၁၃/လရန(နိုင်)၀၁၉၈၄၃နှင့် ဒေါ်အုတ်ဆန်း ၁၃/ဟပတ(နိုင်)၀၂၂၉၂၁ ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**

ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ ကောင်းဟုန်းရပ်ကွက်၊ ကွင်းအမှတ် (၄)၊ ဦးပိုင်အမှတ် (၅၇)၊ မြေဧရိယာ ၀ဒသမ၁၃၂ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် (၁၅/၁၉၉၂) ဒေါ်တိန့်နမ်အမည်ဖြင့် ပိုင်ဆိုင်သောမြေကွက်သည် မူရင်းဂရန်ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဟိုပန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုပန်မြို့**

**သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း**

ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ အမှတ်(၃) ရပ်ကွက်နေ ဦးထွန်းရီ-ဒေါ်ခင်မေကြည်တို့၏သား ကိုသော်ဇင်လတ် ၇/ပခတ(နိုင်)၀၂၉၉၇၇ သည် မိဘများ၏ ဆုံးမသွန်သင်မှု အားမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ ကိစ္စအဝဝနှင့် ပတ်သက်၍ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
**ဦးထွန်းရီ ၇/ ပခတ(နိုင်)၀၁၇၈၆၉**
**ဒေါ်ခင်မေကြည် ၇/ ပခတ(နိုင်)၀၁၇၈၆၈**

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/A ၊ မြေကွက်အမှတ် 21 C/က-၂ ဧရိယာ ၃ဒသမ ၀၆၂ ဧက အစိတ်အပိုင်း ၄ ဧက၊ မြေကွက်တည်နေရာ အမှတ် ၂၁ C/က-၂ ၊ ပြည်လမ်း၊ မှန်နီဇလုပ်အနောက်၊ မင်္ဂလာဒုံမြို့နယ်၊ မစ္စတာရပ်နီကုန်ဂျန်ဒါတ်အမည်ပေါက် မြေအမျိုးအစား RR(ဟိုတယ်နှင့်အိမ်ရာဆောက်လုပ်အသုံးပြုခွင့်အမိန့်) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၇- ၅-၂၀၁၅ရက်စွဲပါ စာအမှတ် ၃/၆-၃(၅၄)စိုက်မွေးဟု မှတ်သားထားသည့် မြေအနက်မှ ဧရိယာ (၄)ဧက အား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၂၄၂/၂၀၁၄(၁၂-၁၂-၁၄)၏ အမိန့်အရ တရားလို ဒေါ်ခင်နှင်းမာက တရားပြိုင်များဖြစ်ကြသော ဦးပါဝမ်ကူးမား၊ ဒေါ်ကာဗီတာဒေဗီ၊ ဦးဘီမားဟာရီ၊ ဦးနာယာရမ်ဟာလီတို့အပေါ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၇၉/ ၂၀၁၄(၂၉-၇-၁၉) ၏နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအမိန့်၊ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ တရားပြိုင်ကိုယ်စား တရားရုံးဘီလစ် ဒေါ်မေမိုးသီရိ ၁၂/ အစန(နိုင်)၂၃၉၁၈၄ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ လူနေရပ်ကွက်အမှတ် (၄၁)၊ ဦးဝိစာရလမ်းပေါ်ရှိ မြေကွက်အမှတ် (၅၀၉)၊ အကျယ်အဝန်း (အလျား ၄၀'xအနံ ၆၀')ရှိ ဦးအောင်(ဘ)ဦးဘိုးတင်၊ AZA-၁၉၀၀၉၄ အမည်ပေါက်မြေကွက်အား ဦးအောင်ထံမှ အဆင့်ဆင့်စာချုပ်စာတမ်းများအရ လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟဝန်ခံရောင်းချသူ ဦးအောင်စိုး(ခ)ဦးနိုင်ရောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီထိုက် (LL.B)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇/၂၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၀၅၀၈၃၆၅၈၊ ၀၉-၇၉၉၄၈၈၉၀၀**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၂၃၉၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးထွေးနိုင် ၁၀/ပမန(နိုင်)၁၀၇၇၄၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၁၉၅၆၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လဲ့ဝင်း ၁၀/ခဆန(နိုင်)၁၁၁၈၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/ 5290 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ကျောက်မဲမြို့)**

အပြောင်းအလဲကိုလိုလားသူများ မိမိကံကြမ္မာအပြောင်းအလဲကို ကြိုတင်သိရှိလိုသူများအတွက် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဆရာကိုယ်တိုင် ဟောပြောထားပါသည်။

၂၀၂၁-ခုနှစ် **စံ-ကလဏ်ာ**

**၁၂ - ရာသီဟောကိန်း**

**City Mart, Ocean, Capital, ABC Convenience Store**
**ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။**

မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန် မိမိတို့၏ ရာသီဖွားအလိုက် တစ်အုပ်ချင်း ထုတ်ဝေထားပါသည်။

ထွက်ပြီ

**ပင်ရင်းဖြန့်ချိရေး**
အမှတ်-၂၈၆(မြေညီထပ်)၊
လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း -၀၁၈ ၃၉၁၁၆၉၊ ၀၁ ၇၀၉၀၃၂
၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉

**မန္တလေးဖြန့်ချိရေး**
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်-၂၂၁၊ ၈၄-လမ်းနှင့်
၃၃-လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း -၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလေးခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၅၆

ဦးဝင်းကိုထွန်း နှင့် ဦးငြိမ်းမျိုးလတ်
တရားလို တရားပြိုင်

ဦးငြိမ်းမျိုးလတ်(ဘ)ဦးဘထူး၊ ပထမပုဂ္ဂလိကဘဏ် (ကလေးဘဏ်ခွဲ) ဝန်ထမ်း၊ နယ်မြေ(၁/၃၉)၊ အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းကိုထွန်းက တရားပြိုင်ထံမှ တရားလို ဝယ်ယူထားသည့် ယာဉ်အမှတ် 7L/9533(၁၂) ဘီးကားရလိုမှု(သို့မဟုတ်) ကားဖိုးပေးချေထားသည့် ငွေကျပ်သိန်း(၂၀၀) ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၂၄ရက်(၁၃၈၂ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းထိုက်ဦး)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## အမည်ပြောင်း

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အထက (အင်းတကော်) သတ္တမတန်း (A)မှ မောင်ဘုန်းပြည့်အား မောင်ကျော်ဆုသွေးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ဆုသွေး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/6036 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

## အများသိစေရန်ကြေညာခြင်း

ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်၊ ကွင်းအမှတ်(၃၂) ၊ ဦးပိုင်အမှတ် (၁၅၄)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧက အကျယ်အဝန်း ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့မှာ ဦးကိုကိုအမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်၏ ဂရန်စာချုပ်မူရင်းမှာ ၂၀၀၆ ခုနှစ်၌ ရေကြီးသည့်အချိန်တွင် မိမိနေထိုင်သောနေအိမ်မှာလည်း ရေကြီးချိန်တွင်ပါဝင်သွားပါသဖြင့် အဆိုပါဂရန်စာချုပ်မူရင်းမှာလည်း ပါဝင်သွားပါ၍ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ဂရန်အသစ် ထပ်မံ လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ထားသည့် ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အဆိုပါ ဂရန်သစ်လျှောက်ထားလာခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးကိုကို၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်**
**၃၁၅၀/၂၀၂၀ အရ**
**ဦးမြင့်ထွန်း**
**၁၀/ မလမ(နိုင်)၀၄၅၇၉၉**
**ဖုန်း–၀၉–၇၉၀၃၅၁၉၄၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည်– ၂၆/ ကျိုက်ဗောဓိမြောက်၊ မြေပိုင်ဆိုင်ခွင့်–ဘီ၊ မြေအမျိုးနှင့် အတန်းအစား–၃(ခ)ရပြီး မြေပိုင်မြေ၊ ဦးပိုင်အမှတ် ၄၆/ခ၊ ဧရိယာ ၀ဒသမ ၂၄၀ ဧက၊ ဦးပိုင်အမှတ် ၄၆/ဃ၊ ဧရိယာ ၀ဒသမ ၅၉၆ ဧက၊ စုစုပေါင်း ဧရိယာ ၀ဒသမ ၈၃၆ ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ် ၃၅၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့ဟု ခေါ်တွင်သော (ကိုယ်ပိုင်လျှပ်စစ်မီတာသုံးစွဲခွင့်အပါအဝင်) အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်တင်တင်မွေး(ခ)ဒေါ်ကြူရှူဟျောင် ၁၂/ဗဟန(နိုင်)၀၁၀၀၅၄ ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံတင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးဝင်း (မအူပင်) B.A, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ(၄၁၇၈)**
**အမှတ် ၁၆၂၊ ပထမထပ်(ယာ)၊ ၃၅လမ်း (အလယ်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
## မုံရွာခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၅၃

ကိုသန့်ဇင်အောင် နှင့် ကိုအောင်မြင့်ကျော်
တရားလို တရားပြိုင်

ကိုအောင်မြင့်ကျော် တက်လင်းအောင် သီးနှံရောင်းဝယ်ရေး ဘုရားကြီးရပ်ကွက်၊ ကန်တော်ကြီးဝင်းအတွင်း မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူထားသည့် ငွေကျပ် (၂၅၀၀၀၀၀၀/–) (ကျပ်သိန်းနှစ်ရာ့ငါးဆယ်)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွေဆွေအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၃၂)၊ ကိုးသိန်းမြောက် အကွက်၊ ဦးပိုင်အမှတ် (၁၆/၆၁)၊ ဧရိယာ ဝဒသမဝ၇ဝဧကရှိမြေကို ဒေါ်တင်အောင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်း ဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ (၂၃)လမ်း၊ အမှတ် (၅၁၉/က–ခ)တို့၏ မြေပိုင်ရှင်နှစ်ဦးနှင့် ကန်ထရိုက်တာတို့ ယင်းမြေကွက်ပေါ်တွင် ခြောက်ထပ်တိုက် (၁၂)ခန်းပါ အဆောက်အအုံသစ်ဆောက်လုပ်ရန် ပြုလုပ်ခဲ့သည့် ကတိစာချုပ်အရ ကန်ထရိုက်တာ ဦးမင်းမင်းဇော် ၁၂/မဂတ(နိုင်)၁၀၄၇၉၁နှင့် ဦးယာယာခန်း (MDW–၂၄၈၇၄၃)တို့နှစ် ဦး အကျိုးခံစားခွင့်၊ ပိုင်ဆိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်း (၇) အခန်းအနက်မှ ထိုတိုက်၏ ဒုတိယထပ် (၃)လွှာ (ဘယ်ဘက်ခြမ်း) (၁၇ပေx၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်တို့ကို ရောင်းချရန်ဝန်ခံ ကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်မျိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၆၆၁၇/၀၇)**
**အမှတ် (၁၁၆၁)၊ ဗိုလ်ချုပ်(၃)လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၄၅၂၆၅၆၅၅၉**

## ဦးမောင်မောင်သိုက်(ဘ)ဦးဝင်းမောင် ၉/မကန(နိုင်)၁၀၁၅၀၈နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲ၊ ဖုန်ကုန်းကျေးရွာအုပ်စု၊ အင်းပုံကျေးရွာနေ ဒေါ်အိအိခိုင်(ဘ)ဦးထွန်းအောင် ၁၃/မမတ(နိုင်)၀၅၁၆၄၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ် ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်မောင်သိုက်နှင့် ဒေါ်အိအိခိုင်တို့မှာ တရားဝင်အကြင်လင်မယားများ ဖြစ်ကြပါသည်။ ယခုအခါတွင် ဦးမောင်မောင်သိုက်သည် တစ်လင်တစ်မယား ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ၁၃(၁)အရ သပိတ်ကျင်း ရဲစခန်းတွင် တရားစွဲဆိုခံထားရသူလည်း ဖြစ်ပါသည်။ ဦးမောင်မောင်သိုက်နှင့် ဒေါ်အိအိခိုင်တို့ လင်မယားနှစ်ဦး ပိုင်ဆိုင်ပစ္စည်းအဖြစ် အောက်ဖော်ပြပါ ပစ္စည်းရှိပါသည်။ ၎င်းတို့မှာ–

(၁) သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲ၊ ဖုန်ကုန်းကျေးရွာအုပ်စု၊ အင်းပုံကျေးရွာအရှေ့ဘက်တွင် ကားလမ်း၊ အနောက်ဘက်တွင် အဒေါ်ခိုင်(ဘော၀)၊ တောင်ဘက်တွင် ဦးသန်းစိုး၊ မြောက်ဘက်တွင် ဦးသန့်ဇင် အဆိုပါနယ် (၄) ရပ်အတွင်းရှိ (၃x၂)ခန်း မြေစိုက်နှစ်ထပ်ထရံကာ သက်ငယ်မိုးနေအိမ်တစ်လုံး၊
(၂) သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲ၊ ဖုန်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကိုးပင်ကွင်းအကွက်အမှတ် (၄၃)၊ ဦးပိုင်အမှတ် (၇+၄)ဧရိယာ ဧကစုစုပေါင်း ၁၁ဒသမ၈၈ဧက၊
(၃) ဦးမောင်မောင်သိုက်၏ လက်ဝယ်ရှိငွေ၊ ကျောက်မျက်ရတနာအရိုင်း၊ အချောအတွက် ရင်းနှီးငွေကျပ်သိန်း(၁၅၀၀)၊ ကျပ်သိန်း တစ်ထောင့်ငါးရာ၊
(၄) ဦးမောင်မောင်သိုက် အမည်ပေါက် YGN 1F–2968 AD Ven ကားတစ်စီး၊ MDY–8H–8989 GRAND CABN (G) (စူပါကာ စတန်)ကားတစ်စီး။

အထက်ဖော်ပြပါ ပစ္စည်းများအနက် စဉ် (၁) (၂) (၃) (၄)တို့အား ဒေါ်အိအိခိုင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ဦးမောင်မောင်သိုက်နှင့် ၎င်း၏မိဘဆွေမျိုးများက ရောင်းချရန် စီစဉ်နေကြောင်း ကြားသိရပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိခိုင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူ တစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံထားခြင်း၊ တစ်ဦးပိုင်အဖြစ် ပြောင်းလဲခြင်း များ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ထိုသို့ပြုလုပ်သူများနှင့် အားပေးကူညီပိုင်းဝန်းဆောင်ရွက်ပေးသူအားလုံးအား ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အိအိခိုင်**
**၁၃/မမတ(နိုင်)၀၅၁၆၄**
**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စုမွန်ကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်–၁၃၆၉၀ (၁၆–၁၁–၂၀၁၇)**
**မြို့မရပ်ကွက်၊ စံပယ်လမ်း၊**
**ဒီပဲယင်းမြို့။**

**ဒေါ်ယုမွန်ကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်–၁၆၂၇၂ (၁၉–၁၁–၂၀၁၉)**
**နန္ဒဝန်ရပ်ကွက်**
**မုံရွာမြို့**

**ဒေါ်သင်းသင်းရွှေ**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်–၁၅၆၆၇ (၁၁–၇–၂၀၁၉)**
**အမှတ် (၁၀) သရက်ခြံ၊ ရွှေဘိုမြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မုံရွာခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၅၄

မမြင့်မြင့်စိုး နှင့် ၁။ ကိုအောင်မြင့်ကျော်
၂။ မတင်ဝါဝါမြင့်
တရားလို တရားပြိုင်များ

(၁) ကိုအောင်မြင့်ကျော် ၊ (၂)မတင်ဝါဝါမြင့် (အတူနေလင်မယား) တက်လင်းအောင် သီးနှံရောင်းဝယ်ရေး ဘုရားကြီးရပ်ကွက်၊ ကန်တော်ကြီးဝင်းအတွင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရောင်းချထားသည့် ငွေကျပ် (၅၄၀၉၅၅၁၅/–) (ကျပ်သိန်းငါးရာ့လေးဆယ့်ကိုးသောင်းငါးထောင့်ငါးရာတစ် ဆယ့်ငါးကျပ်) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၁၅ရက်(၁၃၈၂ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ရက်ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွေဆွေအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

၁။ Skoda Automobile International Co.,Ltd ၏လိုင်စင်အမှတ်(၂၈–၁၂–၂၀၁၅) ရက်စွဲပါ ILV 165664 နှင့် ၎င်း၏ ပထမအကြိမ် သက်တမ်းတိုး License Extension No.16– 17 E0485(2/05/2016)၊ ဒုတိယအကြိမ် သက်တမ်းတိုး License Extension No.16–17 E1816(21/06/2016)နှင့် ပြင်ဆင်ချက်
၂။ New Book Co.,Ltd ၏ သွင်းကုန်လိုင်စင်အမှတ်(၁၅–၁၂–၂၀၁၅) ရက်စွဲပါ ILV 15–16 4013 သည် ၉–၉–၂၀၂၀ရက်တွင် ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဦးနိုင်ဦး**
**၁၂/ဥကတ(နိုင်)၀၀၆၁၇၈**
**ဖုန်း– ၀၉– ၅၀၆၉၁၇၆**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့၊ အထက(ဝန်းသို) တက္ကသိုလ်ဝင်တန်းမှ မသက်မွန်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းကိုကို ၅/ဝသန(နိုင်)၀၃၅၇၄၄ ဖြစ်ပါကြောင်း။

**ဦးငြိမ်းကိုကို**

## ဖခင်အမည်မှန်

ပြည်မြို့၊ ကြယ်စင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မလင်းလက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းမြိုင် ၇/ပမန(နိုင်)၁၇၈၄၆၁ ဖြစ်ပါကြောင်း။

**ဦးတင်ထွန်းမြိုင်**

## သတိပေးကြေညာခြင်း

Zuly Myint အမည်ဖြင့် Facebook အသုံးပြုသူက ၎င်း၏ရှေ့နေအမည်နှင့်လိပ်စာဖြင့် (၉–၃–၂၀၂၀)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၎င်းနှင့် စာရင်းရှင်းလင်းရန်ရှိပါက စာရင်းရှင်းလင်းလိုသူမှ အသုံးပြုသော Facebook အမည်နှင့်ပြန်လည်ဆက်သွယ်ရန်လိပ်စာဖြင့် နေ့ရက်နှင့်အကြောင်းအရာအလိုက် စာရင်းများကို ယင်းသတင်းစာကြော်ငြာပါ ၎င်း၏ရှေ့နေထံဖော်ပြထားသည့် လိပ်စာအတိုင်း (၃၁–၃–၂၀၂၀)ရက်နေ့နောက်ဆုံးထားပြီး အရောက်ပေးပို့ပါရန်နှင့် သတ်မှတ်ရက်ထက် နောက်မကျဘဲရောက်ရှိသည့် စာရင်းများကိုစိစစ်၍ ပြည့်စုံမှန်ကန်ကိုက်ညီလျှင် စာရင်းရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခဲ့ပါသည်။

ထိုသို့ကြေညာသည်ကို မည်သူမျှ ယင်းသတင်းစာကြော်ငြာပါအတိုင်း သတ်မှတ်ကာလကုန်ဆုံးသည့်တိုင် စာရင်းပေးပို့ခြင်းမရှိသဖြင့် စာရင်းရှင်းလင်းမည့်သူ မရှိခဲ့ပါ။

သို့ဖြစ်ရာ စာရင်းရှင်းလင်းရန်ကိစ္စနှင့်စပ်လျဉ်း၍ Zuly Myint အမည်ဖြင့် Facebook အသုံးပြုသူကို ထိခိုက်နစ်နာစေရန် မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းနှင့်မဆို ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်လာသူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Zuly Myint အမည်ဖြင့် Facebook အသုံးပြုသူ၏ လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ဖြူဖြူညွန့်**
**B.A,H.G.P,D.B.L,D.M.L ၊ အထက်တန်းရှေ့နေ**
**အမှတ်–၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ (၂)မိုင် အောင်သာရပ်ကွက်ရှိ (၆၉ဒသမ၁၉၂)ဧက ကျယ်ဝန်းသည့် ဗလမင်းထင် ဂေါက်ကွင်းအား မြေငှားဂရန် လျှောက်ထားမည်ဖြစ်၍ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်ခွင့်မပေးသင့်ကြောင်း အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗလမင်းထင်ဂေါက်သီးရိုက်အသင်း**
**ဗန်းမော်မြို့၊ ကချင်ပြည်နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပိတုန်းစမ်းရပ်ကွက်၊ ဘုရားသုံးဆူလမ်း၊ ကွင်းအမှတ် (၆၆၉)ဟုခေါ်တွင်သော (၁၀x၆၀)ပေရှိ အိမ်နှင့်မြေ၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးကျော်ထက် ၁၄/အဂပ(နိုင်)၁၇၄၅၆၉မှ အရပ်စာချုပ် အဆက်ဆက်ဖြင့် ပိုင်ဆိုင်သောအိမ်နှင့် မြေဖြစ်ပြီး မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူ၍ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်ဝင်း (LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၃၇၁၄၀)**
**ဒေါ်မာလာအောင် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၃၂၂၄၄)**
**ဒေါ်အိစန္ဒာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၃၅၀)**
**အမှတ် (၇၀၅)၊ မာန်ပြေ (၁)လမ်း အရှေ့၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၅၀၅၈၂၃၂၇၊ ၀၉–၂၅၃၈၉၇၁၇၅**

## ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းတုန်းမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မမျိုးပပအောင်၏ဖခင် အမည်မှန်မှာ ဦးခင်မောင်မြင့် ၈/မတန(နိုင်)၀၄၆၆၉၁ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းတုန်းမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မမေဘုန်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၈/မတန (နိုင်) ၀၅၅၆၁၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းတုန်းမြို့၊ အထက Grade0 10မှ မောင်မင်းသူစိုး၏ ဖခင်အမည်မှန်မှာ ဦးတေ ၈/မတန(နိုင်) ၀၄၆၀၁၈ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3169 SWAN HTET L/T (1) TON PICKUP (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းလတ် ၅/ကနန(နိုင်)၁၁၇၉၄၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခုံအမှတ် မ(၁) ၁၈ ဖြင့် အောင်မြင်သူ ဝမ်းတွင်းမြို့နယ်၊ နဘဲကန်ကျေးရွာနေ မနန်းဇူလိုင်မို့မို့ထွေး၏ဖခင် ဦးဟုန်ထန်းနှင့် ဦးဆလိုင်းဟုန်းထန် ၁၀/မဒန(နိုင်)၀၁၅၄၅၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးမင်းမင်းဇော်၏သမီး ရွှေဘိုမြို့၊ အမက (၃) အိန္ဒြာရပ် Grade–4 မှ မမေမြတ်မှူးဇော်အား မမြတ်မှူးခင်ဟု ပြောင်းလဲခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၆၉၀၇၉ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးကိပ်နိုဒ်ရီ ၄/ဖလန(နိုင်) ၀၀၉၃၂၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

## အမည်မှန်နှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ အလက(ခွဲ)အမက(၅)KGတန်းမှ မောင်ထန်ထာဘွဲ၏ အမည်မှန်မှာ မောင်ဝိုင်းချစ်အောင် ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအောင်မင်းဦး ဖြစ်ပါကြောင်း။

**ဦးအောင်မင်းဦး ၊ မောင်ဝိုင်းချစ်အောင်၊**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7976 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/1686 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်း ၇/ပခန(နိုင်)၂၂၉၀၉၁ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၇၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ဝမ်းဟွပ်ဟွပ်နဲ့ အိပ်မပျော်ရင် အောင်ဆိုးနေတဲ့နောင်း ကွမ်းရှက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက် အောင်အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဖျားနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငွေနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လှပစေပါသည်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

CHID

စင်ကာပူနိုင်ငံ၊ နိုင်ငံတကာခုံသမာဓိနည်းဖြင့်

ဖြေရှင်းရေးဗဟိုဌာန (Singapore International Arbitration Center)၏

ခုံသမာဓိလူကြီး ( Arbitrator) အဖြစ် မြန်မာနိုင်ငံမှ ပထမဦးဆုံး ခန့်အပ်ခြင်းခံရသော

ဆောက်လုပ်ရေး ၊ အိမ်ရာ နှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ( CHID Bank ) ၏

Independent Director ဖြစ်သူ ဒေါက်တာမောင်မောင်သိမ်း အတွက်

အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဆထက်ထမ်းပိုး

ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့နှင့်အစုရှယ်ယာရှင်များ
ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်
( CHID Bank)

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မျိုးမင်းအောင် ၁၂/မဂတ(နိုင်)၀၉၀၂၀၈၏ နိုင်ငံကူး လက်မှတ်အမှတ် MC-870384 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၈၃၁၂၄၂၂

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် - ၇၅

**ကွယ်လွန်သူ ဒေါ်ကြည်စန်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

၁။ ကိုမျိုးမြင့်

၂။ မအေးမြင့်ခိုင်

**လျှောက်ထားသူများ**

မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ထုံးဘိုတောင်ရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ကြည်စန်းကျန်ရစ်သည့် အမရပူရမြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၅၆၄၈/ထုံးဘိုတောင်၊ ဦးပိုင်/မြေကွက်အမှတ် ၁၂၄၁၊ ဧရိယာ ၁၀ ဒသမ ၃၉ ဧကရှိ ဥယျာဉ်မြေအမျိုးအစားမြေကွက်ပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမျိုးမြင့် ပါ-၂ဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂ရက် (၁၃၈၂ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်စန်းကြည်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂ရက် (၁၃၈၂ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက် ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ကိုမျိုးမြင့် ပါ-၂ ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဦး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**မန္တလေးခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် G/4437 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြည်)၊ ပြည်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/3303 Toyota Landcruiser VDJ200 S/W (4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးတင့်၁၂/အလန(နိုင်)၀၁၃၄၂၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/4979 Toyota Hiace TRH200 Delivery VAN (4x2) R ယာဉ်လက်ဝယ် ရှိသူ ဦးကျော်သိန်းဝင်း ၁၃/နဆန(နိုင်)၀၂၅၉၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၂၂)၊ ဦးပိုင်အမှတ်(၇)၊ မြေဧရိယာ (၀ဒသမ၀၉၁)ဧကရှိ မြေကွက်သည် ဦးပိတ်ကောင်းအမည်ဖြင့် (၂၁-၃-၂၀၁၄) ရက်ထိ (၁၅)နှစ် မြေငှားဂရန် အမည်ပေါက်ရရှိပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း၊ ဦးပိတ်ကောင်းထံမှ ဒေါ်ထိုက်ထိုက်ဝင်းဖေ ၁/မကန(နိုင်)၁၀၄၄၂၂က (၁၅-၆-၂၀၁၁)ရက်တွင် နှစ်ဦးသဘောတူ ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ထိုက်ထိုက်ဝင်းဖေထံမှ ဂရန်လျှောက်ထားသူ ဒေါ်ယော်မျှော် ၁/မကန(နိုင်)၁၁၂၆၃၀က (၂၃-၂-၂၀၁၇)ရက်တွင် နှစ်ဦးသဘောတူ ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါတွင် ရောင်းချသူမှမည်သည့်အရပ်ဒေသသို့ ပြောင်းရွှေ့သွားကြောင်းမသိရှိရပါသဖြင့် မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက်၁၈-၆-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၆၄၆/၂၀၂၀ကို ၂၃-၆-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၂၈၀/၂၀၂၀) ပြုဆိုတင်ပြလျက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်းနှင့် ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
ခရုသင်းသမင်ဖြူ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆခက(ဒာနယ်ဝင်း) ၀၀၃/၈၇၀၉
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)မြေကွက်အမှတ်(၉၅)၊ မြေကွက်တည်နေရာအမှတ်(၉၅)၊ မေယု(၃)လမ်း၊ (က)ရပ်ကွက် ဒေါ်မြမြ၁၂/ဥကမ(နိုင်)၀၄၄၈၅၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမည်ပေါက် ဒေါ်မြမြကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၇၂၂/၂၀(၆-၂-၂၀) ဖြင့် ရရှိသူ ဒေါ်လှလှ၁၂/ဥကမ(နိုင်)၁၃၀၄၇၇မှ ဂရန်မူရင်းမှာ နေအိမ်မီးလောင်ရာ၌ ပျောက်ဆုံးသွားခဲ့ကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်၃/၁၉၆၅/၂၀၂၀၊ရပ်ကွက်အုပ်ချုပ်ရေးမှူး ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ဒေါ်လှလှထံမှG.P No ၁၄၇၆၃/၁၉(၁၅-၁-၁၉)ဖြင့်ရရှိသူ ဦးဝင်းမောင် ၁၂/ဥကမ(နိုင်)၁၃၀၈၀၅မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊မြေဧရိယာ(၀ဒသမ၁၄၆)ဧက၊ မြေကွက်အမှတ်(ဒ-၃၂၄၂၆)၊ဦးစိုးမိုးအောင်(ဘ) ဦးအောင်ဇေယျ ၁၂/ရကန(နိုင်)၀၀၀၆၁၃ အမည်ပေါက် (ပါမစ်) မြေကွက်ကို ဒေါ်ခင်ဝါဇော်(ဘ) ဦးမြင့်ဇော် ၁၂/မဂတ(နိုင်)၀၄၇၄၈၅မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီးမြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ ဦးကျော်နိုင်ဦး ၅/ကဘလ(နိုင်)၀၆၆၈၂၃၏သမီး မယဉ်မာနွယ်အား မသန္တာနွယ်ဟု ပြောင်းလဲခေါ်ပါရန်။

**မသန္တာနွယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇/အရှေ့၊မြေကွက်အမှတ်-၆၁/က၊ မြေဧရိယာ(၂၀'x၆၀') မြေကွက်တည်နေရာအမှတ်- ၆၁/က၊ ဧရာဝဏ်လမ်း ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသန်းအေး ၁၂/သကတ(နိုင်)၁၀၃၃၀၃၊ ဦးတင်အုန်း ၁၄/မအပ(နိုင်)၀၃၉၄၂၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တရားလို ဦးအောင်ကျော်ဦးမှ တရားပြိုင် ဦးဝင်းမောင်၊ ဦးဇော်လင်း၊ ဦးသန်းအေး၊ ဦးတင်အုန်းတို့အပေါ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၄၂၏၁၉-၁၂-၂၀၁၄ ရက်စွဲပါ စီရင်ချက်ဒီကရီတာဝန်ခံမိတ္တူမှန်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်၆၉၏ ၂၃-၁၂-၂၀၁၅ ရက်စွဲပါ အမိန့် တာဝန်ခံမိတ္တူမှန်၊ ဘိလစ်ခန့်စာတို့ကိုတင်ပြ၍ တရားရုံးများကိုယ်စား ဘိလစ် ဒေါ်နိုနိုဝင်းကို ၇/ညလပ(နိုင်)၁၃၇၃၆၄မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

၁၉၃၃ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်
နေမကောင်းလျှင် ရွှေမန်းတောင် အမှတ်တံဆိပ်
TMR 002348(1016)
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)၁၄၅/၀၁၁၇
ချွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ
အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ တုပ်ကွေးဖျား၊ အဖျားရောဂါ၊
အနာဝင်ခြင်း နှင့်ချွေးငုတ်ခြင်းများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊၃၈လမ်း၊ရန်ကုန်မြို့။ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊၀၉ - ၈၅၉၈၄၅၃

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/4595 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့၊ ရွှေပြည်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါ်ဝေဝေမွန်မှ (၁)ကျော်ကမ္ဘာ (၂)Popular (၃) မြသီတာ (၄)TT & PP(၅) Classic တံဆိပ်(၅)မျိုးအနက် သင့်လျော်သောအမည် အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်ဝေဝေမွန်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက သတင်းစာကြော်ငြာချက်နှင့်အတူ အသုံးပြုလိုသော အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက်ဆက်လက် လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မဝေဝေမွန်**
**၇/မညန(နိုင်)၀၆၇၈၁၁**
**ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရွှေပြည်သာရပ်ကွက်၊ မိုးညိုမြို့**
**ဖုန်း-၀၉-၉၆၁၁၉၆၁၆၁၊၀၉-၄၅၀၂၃၀၇၅**

## အိမ်ငှားမည်

FMI City
60x80 ၂ထပ် ပရိဘောဂအစုံ
aircon ၄လုံး
ဖုန်း-၀၉-၅၀၀၉၀၂၅၊
၀၉-၅၀၃၃၄၂၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/6516 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟသ်ာတမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/8453 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

ဖာ် SEVEN ၀ံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
7 (ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

## ရှမ်းပြည်နယ်၊ ကလောမြို့၊ အမှတ်(၃)ရပ်ကွက်နေ (အဘ)ဦးအုန်းခိုင်၏သား ဦးသန်းဝင်းကြိုင်(၁၂/ဒပန(နိုင်)၀၂၂၂၀၁)၊ (အဘ)ဦးဝင်းမောင်၏သမီး ဒေါ်ဆွေနွယ်ဦး(၁၃/ကလန(နိုင်)၀၅၇၅၀၅)နှင့် အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တောင်လေးလုံးကျေးရွာ၊ အမှတ်(၈၅)နေ ဒေါ်မာလာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးသန်းဝင်းကြိုင်၊ ဒေါ်ဆွေနွယ်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဝင်းကြိုင်နှင့် ဒေါ်ဆွေနွယ်ဦးတို့ ဇနီးမောင်နှံသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်မာလာဝင်းထံမှ မြန်မာငွေကျပ်သိန်း-၁၄၀,၀၀၀,၀၀၀/- အား မြေကွက်ရောင်းချရန်ဟု အကြောင်းပြလျက် ငွေများလက်ခံရယူသွားသော်လည်း မြေကွက်အား လက်ရောက်ပေးအပ်ခြင်းမရှိသည့်အပြင် ရယူသွားသောငွေများကို ပြန်လည်ပေးအပ်ခြင်းမရှိသည့်အတွက် တောင်ကြီးခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ် (၆၆/၂၀၁၇)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံးတော်မှ (၁၅-၅-၂၀၁၈)ရက်နေ့တွင် "ထို့ကြောင့် ဦးသန်းဝင်းကြိုင်၊ ဒေါ်ဆွေနွယ်ဦးတို့သည် တရားလိုဒေါ်မာလာဝင်းအား ငွေကျပ်သိန်း-၁၄၀,၀၀၀,၀၀၀/- ပေးရန် အမိန့်နှင့်ဒီဂရီကို ချမှတ်လိုက်သည်"ဟူ၍ တရားပြိုင် ဦးသန်းဝင်းကြိုင်နှင့် ဒေါ်ဆွေနွယ်ဦးတို့အပေါ် ချမှတ်ခဲ့သည်။ သို့သော်လည်းတရားရုံးတော်မှ အမိန့်ချမှတ်သည့်ရက်နေ့မှ ယနေ့တိုင် အနိုင်ဒီဂရီကျငွေများ ပေးအပ်ခြင်းမရှိ ဆက်လက်ပျက်ကွက်နေ၍ တရားရုံးတော်တွင် ဦးသန်းဝင်းကြိုင်နှင့် ဒေါ်ဆွေနွယ်ဦးပိုင် မရွှေ့မပြောင်းနိုင်သော မြေနှင့်အဆောက်အဦအား လေလံတင်ရောင်းချခြင်းဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်မာလာဝင်းမှ ရရှိထားသော အနိုင်ဒီဂရီအပေါ် အတည်ပြုမည်ဖြစ်၍ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှ (၂၁)ရက်အတွင်း အနိုင်ဒီဂရီပါ မြန်မာငွေကျပ်သိန်း-၁၄၀,၀၀၀,၀၀၀/- အား ကျွန်ုပ်မိတ်ဆွေ ဒေါ်မာလာဝင်းထံသို့ အမြန်ဆုံးမပျက်မကွက်ပေးသွင်းရန် ဦးသန်းဝင်းကြိုင်၊ ဒေါ်ဆွေနွယ်ဦးတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဒေါ်မာလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်အေး(ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၇၈၈/၉၁)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၃၇၃၃။

## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးရပ်ကွက်၊ သိရိမင်္ဂလာလမ်း၊ အမှတ်(၆၉)နေ ဦးစိုင်းဘသန်း(၁၃/သပန(နိုင်)၀၃၄၃၇၁) Sai Li Mining Co., Ltd. နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့၊ ဗိုလ်အောင်ကျော်လမ်း၊ ပုသိမ်အဝေးပြေးလမ်း အမှတ်(၅၈၉)ရှိ Win Strategic Co., Ltd. တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးစိုင်းဘသန်း(၁၃/သပန(နိုင်)၀၃၄၃၇၁)နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုင်းဘသန်းသည် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ ဝယ်ယူသွားသော မြေတူးစက်ယန္တရား(၄)စီးအတွက် ကျန်ငွေနှင့် နစ်နာကြေးငွေနှစ်ရပ်ပေါင်း မြန်မာငွေကျပ်သိန်း-၂၇၅,၈၈၁,၃၃၇/- ကို ဆက်လက်ပေးသွင်းခြင်းမရှိသည့်အတွက် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်တွင် တရားမကြီးမှုအမှတ်(၂၁၈/၂၀၁၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံးတော်မှ (၁၈-၅-၂၀၁၈)ရက်နေ့တွင် "တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီထံသို့ မြေတူးစက်ယန္တရား(၄)စီးဖိုး စုစုပေါင်းကျန်ငွေကျပ်-၂၀၂,၉၇၄,၈၆၀/- နှင့် စာချုပ်ပါသဘောတူသတ်မှတ်ထားသော နစ်နာမှုဒဏ်ကြေး-၁. ၅% ဖြစ်သည့် ငွေကျပ်-၇၂,၉၀၆,၄၇၇/-စုစုပေါင်းငွေကျပ်-၂၇၅,၈၈၁,၃၃၇/- အား စရိတ်နှင့်တကွ ပေးဆပ်ရန် ဒီဂရီချမှတ်သည်"ဟူ၍ အမိန့်နှင့်ဒီဂရီကို တရားပြိုင် ဦးစိုင်းဘသန်းအပေါ် ချမှတ်ခဲ့သည်။ သို့သော်လည်း တရားရုံးတော်မှ အမိန့်ချမှတ်သည့်နေ့မှ ယနေ့တိုင် စက်ဖိုးကျန်ငွေနှင့် နစ်နာကြေးငွေဖြင့် အနိုင်ဒီဂရီကျငွေများ ပေးအပ်ခြင်းမရှိ ဆက်လက်ပျက်ကွက်နေ၍ တရားရုံးတော်တွင် ဦးစိုင်းဘသန်းပိုင် မရွှေ့မပြောင်းနိုင်သော မြေနှင့် အဆောက်အဦအား လေလံတင်ရောင်းချခြင်းဖြင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီရရှိထားသော အနိုင်ဒီဂရီအပေါ် အတည်ပြုမည်ဖြစ်သဖြင့် ဤကြေညာချက်ပါရှိသည့်နေ့ရက်မှ (၂၁)ရက်အတွင်း အနိုင်ဒီဂရီပါ စက်ဖိုးကျန်ငွေနှင့်နစ်နာကြေးငွေ မြန်မာငွေ ကျပ်သိန်း-၂၇၅,၈၈၁,၃၃၇/- အား ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ တစ်လုံးတစ်ခဲတည်း အမြန်ဆုံး မပျက်မကွက်ပေးသွင်းရန် ဦးစိုင်းဘသန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

